# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၆)ရက် ၊ တနင်္ဂနွေနေ့ ၊ (19-1-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၆၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ မအူပင်ခရိုင် မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၁၈**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာ လောကသရဖူသွန်းဘုရားကြီး ရာပြည့်ခနသိဒ္ဓိတန်ဆောင်းတော်တွင် အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၇၅ ဦးတို့ကို

စာမျက်နှာ ၁၇ ကော်လံ ၁

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့က မအူပင်ခရိုင် မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မလိကျွန်းနှင့်အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်** စာမျက်နှာ - ၁၈

**ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို သွားရောက်တွေ့ဆုံအားပေး** စာမျက်နှာ - ၂၁

**ပြည်ထောင်စုနေ့ အတွေးများ ဆောင်းပါး** စာမျက်နှာ - ၂၆




ရတနာပုံ
၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၈ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်၏ ပညာရည်မြင့်မားရေး အလေးပေးဆောင်ရွက်

ကမ္ဘာ့နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ်ကို အဓိကကျကြောင်း ယုံကြည်လက်ခံထားကြသည်။ မြန်မာနိုင်ငံတွင်လည်း ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး ပညာရေးကဏ္ဍကို ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လျက်ရှိသည်။ လူသားတို့၏ မွေးရာပါ ပင်ကိုအရည်အသွေးများကို ပညာဖြင့်ပေါင်းစပ်ပေးလိုက်ပါက လူ့ဘောင်လောကကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်သော လူတော်လူကောင်း လူသားရင်းမြစ်များပေါ်ထွက်လာမည်ဖြစ်ရာ ပညာရေးကိုမြှင့်တင်နိုင်ရန် နိုင်ငံတော်အစိုးရက အလေးထားလုပ်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပညာရေးကို မဖြစ်မနေအားပေးမြှင့်တင်ရန်လိုအပ်ကြောင်း တွေ့ရှိရသည့်အတွက် ပညာရေးအသုံးစရိတ်များ နှစ်စဉ်တိုးမြှင့်ခွင့်ပြုပေးလျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်၏ပညာရေးကဏ္ဍမြင့်မားရေးအတွက်လည်း အဘက်ဘက်မှ ပံ့ပိုးပေးလျက်ရှိသကဲ့သို့ ပညာရေးဝန်ထမ်းများက ကျရာကဏ္ဍအသီးသီးမှ ပူးပေါင်းပါဝင်ကြိုးပမ်းရေးသည်လည်း အရေးကြီးလှပါသည်။

ပညာရေးသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း၏ အဓိကအခြေခံအုတ်မြစ်ဖြစ်သည့်အပြင် နိုင်ငံ့သားကောင်းတစ်ယောက်တွင်ရှိသင့်သည့် ကျင့်ဝတ်၊ စည်းကမ်းလိုက်နာမှု၊ စုပေါင်းဆောင်ရွက်တတ်မှု စသည့် စိတ်နေစိတ်ထား အခြေခံကောင်းများဖြစ်လာအောင် လေ့ကျင့်ပုံဖော်ပေးသည့် အရာဖြစ်သည်။ အဆင့်မြင့်ပညာရပ်များ တတ်ကျွမ်းပြီး အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတည်ဆောက်ရေးပိုင်းတို့တွင် ကောင်းမွန်သည့်အထောက်အထားကောင်းများ ရရှိမည်ဖြစ်သည်။ အတတ်ပညာ၊ အသိပညာနှင့် အတွေးအခေါ်တတ်မြောက်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ကြွယ်ဝမှသာ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ယူပြီးချိန်မှစပြီး ပညာရည်မြှင့်တင်ရေးအဖြစ် ကျောင်းနေအရွယ်အားလုံး ပညာသင်ကြားနိုင်ရေးနှင့် KG+9 ထိ မဖြစ်မနေသင်ကြားရေးကို မူဝါဒချမှတ်ဆောင်ရွက်ခဲ့သည်။ KG+9 တက်ရောက်အောင်မြင်သူများအနေဖြင့် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိရန်အတွက် ခရိုင် ၈၄ ခုတွင်ရှိသည့် အခြေခံပညာအထက်တန်းကျောင်း ၈၅ ကျောင်းကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။ အဆိုပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်အောင်မြင်ပြီးသူများကိုလည်း မိမိတို့ရရှိသည့် သတ်မှတ်အရည်အချင်း ပေါ်မူတည်၍ စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ အဆင့်မြင့်ပညာရပ်များကို ဆက်လက်ကူးပြောင်းသင်ကြားနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိပြီးဖြစ်သည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သောကြောင့် အသိပညာ၊ အတတ်ပညာရှိမှသာ လူများအလယ်တွင် တင့်တယ်လူရာဝင်မည်ဖြစ်သကဲ့သို့ နိုင်ငံတကာတွင်လည်း ဝင်ဆံ့နိုင်စေမည်ဖြစ်သည်။ ထို့ကြောင့် ပညာရပ်များကို ရရှိသည့်အချိန်အတွင်း နည်းအမျိုးမျိုးဖြင့် ကြိုးစားသင်ယူတတ်မြောက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံရေးတည်ငြိမ်မှု၊ ရင့်ကျက်မှု၊ စီးပွားရေးတိုးတက်မှုများသည် နိုင်ငံတွင်း၌ ပညာတတ်နိုင်ငံသားများပေါ်ကြွယ်ဝမှုနှင့် တိုက်ရိုက်အချိုးကျနေခြင်းကြောင့် ပညာရည်မြင့်မားသောနိုင်ငံသားများ၊ စွမ်းဆောင်ရည်မြင့်မားသောနိုင်ငံသားများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရေး နိုင်ငံတော်အစိုးရနှင့်အတူ မိဘ၊ ဆရာများ၊ တာဝန်ရှိသူများအားလုံးက တက်ညီလက်ညီပူးပေါင်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ**

**တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား**



# ရွှေဘိုခရိုင်တွင် ပဲကြီး လျာထားကေအတိုင်း ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိ

**ရွှေဘို ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ပဲကြီး လျာထားကေအတိုင်း ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၃၄၇၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ခင်ဦးမြို့နယ်တွင် ၄၈၄ ဧကနှင့်ဝက်လက်မြို့နယ်တွင် ဧက ၂၁၀၀ စုစုပေါင်း ၂၅၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ ပဲကြီးဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲကြီးစိုက်ပျိုးမှုအနေနဲ့ လျာထားကေ ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲကြီး အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာ စတာတွေကိုတောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်" ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှု အနေဖြင့် ခင်ဦးမြို့နယ်တွင် ဧက ၁၃၅၀၊ ဝက်လက်မြို့နယ်တွင် ၂၁၂၅ ဧက စုစုပေါင်း ၃၄၇၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ကွမ်းသီးနုများ ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ကွမ်းသီးနုများ ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကွမ်းသီးများ အပါအဝင် လယ်ယာထွက်ကုန်များနှင့် ခြံထွက်သီးနှံများကိုတင်ပို့ရောင်းချလျက်ရှိပြီး ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက ကွမ်းသီးနုပိဿာချိန် ၅၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ကွမ်းသီးနုပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို တင်ပို့နေရတဲ့ ကွမ်းသီးကတော့ အရည်အသွေးကောင်းဖို့ လိုအပ်ပါတယ်။ သန့်ရှင်းဖို့လဲ လိုအပ်ပါတယ်။ လက်ရှိ ကွမ်းသီးနု ၁၀ ပိဿာကို ငွေကျပ် ၁၅၀၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ရန်ကုန်ဈေးကွက်က နေတစ်ဆင့် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ကွမ်းသီးနုရဲ့ ပြည်ပအဓိက ဈေးကွက်က တရုတ်နိုင်ငံ ဈေးကွက်ဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးနုတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်သူတွေ၊ ကုန်တင်ယာဉ်အငှားလိုက်သူတွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ လုပ်ငန်းအဆင်ပြေပြေ လုပ်ကိုင်နေရပါတယ်"ဟု ကျိုက်လတ်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာက ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အမရပူရမြို့နယ် ရှမ်းရွာကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**အမရပူရ ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရှမ်းရွာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ရှမ်းရွာကြီးကျေးရွာ၌ ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့စေရန်၊ ပျက်စီးဆုံးရှုံးမှုမရှိစေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အမရပူရမြို့နယ် ရှမ်းရွာကြီး ကျေးရွာ လမ်းအရှည်ပေ ၇၆၀၊ အကျယ် ၁၁ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် သုံးသန်း၊ စုစုပေါင်း ငွေကျပ် ၁၈ သန်းတို့ဖြင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရှမ်းရွာကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာမှ ထွက်ရှိသည့် ကုန်ပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ လွယ်ကူစွာ တင်ပို့ ရောင်းချနိုင်တော့မည် ဖြစ်ကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက ပြောပြ၍ သိရသည်။

**ဖြိုးကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဦးကျော်အုန်း ခေါ် ဦးတင်အုန်း အားရည်စူး၍ မန္တလေးမြို့နေ ကျန်ရစ်သူမိသားစုက ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးတင်သန်းနှင့် ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏတို့က လက်ခံရယူစဉ်။

# မုံရွာမြို့နယ်တွင် မိုးစပါးများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၈၅ ဒသမ ၄၂ တင်းထွက်ရှိ



**မုံရွာ ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါးများ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၈၅ ဒသမ ၄၂ တင်းထွက်ရှိကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၇၆၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၇၆၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၈၅ ဒသမ ၄၂ တင်း ထွက်ရှိကြောင်း သိရသည်။

"မုံရွာမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါး ၃၇၆၃ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မိုးစပါးစိုက်ခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေစတဲ့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုကာကွယ်ရေး၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး စသည့်အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် စပါးစိုက်တောင်သူများကို တစ်ကေပန်းတိုင် အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုဈေးကွက် လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း တိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်း တိုးတက်စေရေး ကြိုးပမ်းရမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ဆက်လက်ပြောပြ၍သိရသည်။

**(၂၀၆)**

# ပျော်ဘွယ်မြို့နယ် နတ်မြောင်းကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းပင်ကျေးရွာအုပ်စု နတ်မြောင်းကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကျေးလက်နေပြည်သူများ ဝင်ငွေလျော့နည်းလာမှု၊ စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပဉ္စမအကြိမ်အဖြစ် ပျော်ဘွယ်မြို့နယ် နတ်မြောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၂ ဦးကို ငွေကျပ် ၂၇၆ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၉၈ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းကိုင်သူ ၁၇ ဦးကို ငွေကျပ်သိန်း ၅၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၅၀ ကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၂၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သူသူ**

# မအူပင်မြို့နယ်တွင် ပဲတီစိမ်း လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ

**မအူပင် ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ပဲတီစိမ်း လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းထံမှ သိရသည်။

မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းလျာထား ၂၃၄၈ ဧကကို ၂၀၂၄ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲတီစိမ်း ၂၀၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးနေသည့် ပဲတီစိမ်းများ လျာထားဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မအူပင်မြို့နယ်အနေနဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်းကို ၂၃၄၈ ဧက လျာထားစိုက်ပျိုးနေပါတယ်။ လက်ရှိ ပဲတီစိမ်း ၂၀၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းတွေ လျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာတွေနဲ့ အခြားလိုအပ်တဲ့ အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



**အေးချမ်းဆု**

# စပါးဝယ်ယူရာတွင် အရည်အသွေးစစ်ဆေးခြင်း

မြန်မာနိုင်ငံတွင် ဆန်စပါးသည် အဓိက စားသောက်ကုန်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများကို ကြည့်လျှင်လည်း ဆန်စပါးနှင့်ဆက်စပ်သည့်လုပ်ငန်းများ အများအပြားရှိကြောင်း တွေ့နိုင်သည်။ ဆန်စပါးလုပ်ငန်းသည် ကဏ္ဍအားဖြင့် အကြီးမားဆုံးဖြစ်ပြီး လက်ရှိအခြေအနေတွင် ပုဂ္ဂလိကမှ တာဝန်ယူဆောင်ရွက်နေသည်ကိုလည်း တွေ့နိုင်သည်။ ဆန်စပါးလုပ်ငန်းများကို လုပ်ကိုင်သူများသည် အခြားသောလုပ်ငန်းရှင်များထက် များစွာစနစ်ကျနသေချာရန်လိုအပ်လှသည်။

၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဆန်စပါးကို အစိုးရက တောင်သူများထံမှ တိုက်ရိုက်ဝယ်ယူခြင်းမပြုတော့ဘဲ ပုဂ္ဂလိကမှသာ ရောင်းခြင်း၊ ဝယ်ခြင်းများအားလုံးကို ဆောင်ရွက်မည်ဖြစ်ကြောင်း ဆန်စပါးမူဝါဒအသစ်အဖြစ် ကြေညာခဲ့သည်။ အဆိုပါကြေညာချက်အရ ဆန်စပါးကို ဝယ်ယူခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း (ပြည်ပတင်ပို့ ခြင်းအပါအဝင်)တို့ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး (ယခုစားသုံးသူရေးရာဦးစီးဌာန)က ဆောင်ရွက်နေခြင်းများကို ရပ်ဆိုင်းခဲ့သည်။ ထို့နောက်တွင် စပါးမှဆန်ဖြစ်သည်ထိ လုပ်ငန်းများနှင့် ပြည်တွင်း၊ ပြည်ပရောင်းချခြင်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များက လုပ်ကိုင်ခဲ့ကြသည်။

ထို့ကြောင့် အချိန်အခါအားဖြင့်ဆိုလျှင် ပုဂ္ဂလိကမှ ဆန်စပါးကဏ္ဍကို ဆောင်ရွက်လာသည်မှာ အနှစ် နှစ်ဆယ်ကျော်လာပြီဖြစ်သည်။ ထိုအချိန်ကာလအားဖြင့်ဆိုပါက ဆန်စပါးကဏ္ဍသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် စနစ်ကျနမှုတို့ ကောင်းမွန်နေရမည်ဖြစ်သည်။ သို့သော်လည်း ဆန်စပါးကဏ္ဍသည် လိုအပ်ချက်များရှိနေဆဲဖြစ်သည်ကို တွေ့နိုင်သည်။ ထိုအထဲတွင် ဆန်နှင့်ပတ်သက်၍ တိုးတက်လာသည်ဟု ဆိုနိုင်သော်လည်း ဆန်အရည်အသွေးသတ်မှတ်ချက်များနှင့်ပတ်သက်၍ ဝိဝါဒကွဲလွဲနေကြဆဲဖြစ်သည်ကိုလည်းကောင်း၊ အလေးချိန်များနှင့် ပတ်သက်၍လည်း အမျိုးမျိုးကွဲပြားနေဆဲဖြစ်သည်ကိုလည်းကောင်း၊ စပါး အမျိုးအစား အရည်အသွေးများနှင့်ပတ်သက်၍ အမျိုးမျိုးကွဲပြားနေသည်ကိုလည်းကောင်း တွေ့ရှိနေရသည်။ အဆိုပါအချက်များကို ညှိနှိုင်းနေကြမည်ဟု ယုံကြည်ပါသော်လည်း တိုးတက်ဖြစ်ထွန်းမှုများ အားနည်းနေသည်ဟု ခံစားရသည်။ ပြည်တွင်းတွင် ဆောင်ရွက်ရန်လိုအပ်သည့် အဆိုပါအရည်အသွေးဆိုင်ရာ သတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ အလေးချိန်သတ်မှတ်ချက်များကို သေချာစွာဆောင်ရွက်သွားရန်လိုအပ်နေသေးသည်။

### ကုန်ဝယ်ဒိုင်ဝန်ထမ်းများ အိတ်ဆောင်စာအုပ်

အချို့သောသူများသည် ဆိုရှယ်လစ်ခေတ်က လုပ်ဆောင်ချက်များကို ဆက်လက်လုပ်ဆောင်ရန် မလိုဟုလည်းကောင်း၊ ခေတ်မမီဟုလည်းကောင်း ခံယူကြသည်များရှိကြသည်။ အခြားသော ကဏ္ဍများကိုမဆိုလိုဘဲ ဆန်စပါးကဏ္ဍကိုကြည့်ပါက လွတ်လပ်ရေးမရမီကပင် အခြေတည်ခဲ့သော ဆန်စပါးရောင်းဝယ်ရေး၊ ဆန်ပြည်ပတင်ပို့ရေးကိစ္စများကို လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်၊ ဆိုရှယ်လစ်ခေတ်များတွင်လည်း ဆက်လက်အကောင်အထည်ဖော်ခဲ့ကြသည်များ များစွာစနစ်ကျနသည်ကိုတွေ့ရသည်။ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး (ယခင်က လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက်ကုန်ပစ္စည်း ကုန်သွယ်ရေးကော်ပိုရေးရှင်း)ခေတ်တွင် ဆန်စပါးကဏ္ဍတစ်ခုလုံးကို တာဝန်ယူဆောင်ရွက်ခဲ့ကြရာတွင် လုပ်ငန်းစဉ်ကြီးငါးရပ်ဖြစ်သော ဝယ်ယူခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်းနှင့် ဖြန့်ဖြူးခြင်းဟူသောကိစ္စများကို အပိုင်းအလိုက်သေချာခွဲခြား၍ ဆောင်ရွက်ခဲ့သည်ကို "ကုန်ဝယ်ဒိုင်ဝန်ထမ်းများအတွက် အိတ်ဆောင်" စာအုပ်ငယ်ကို လေ့လာကြည့်လျှင်ပင် တွေ့နေရသည်။ ယခုခေတ်တွင် ပိုမိုခေတ်မီလာသော်လည်း စပါးဝယ်ယူခြင်း၊ သိုလှောင်ခြင်းလုပ်ငန်းများကို စည်းကမ်းစနစ်တကျ သတ်မှတ်ဆောင်ရွက်ခြင်းမျိုးကို တွေ့ရခြင်းမျိုးမရှိဘဲ ကုမ္ပဏီအလိုက်၊ လုပ်ငန်းရှင်အလိုက် တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသကဲ့သို့ဖြစ်နေသည်ကို တွေ့နိုင်သည်။

> ❖ဆန်ကြိတ်ချိန်တွင်မှ သိရတတ်သည့်အကျိုးအကြေကို စပါးအခွံမချွတ်မီ ဝယ်ယူစဉ်ကပင်သိရှိနိုင်မှသာ ဆန်အထွက်နှုန်းကောင်းသောဆန်ကိုရရှိပြီး တွက်ခြေကိုက်မည်ဖြစ်သည်။ ထိုအချက်ကို ရှေးက စပါးကိုမီးရောင်ခံ၍ ကြည့်ခြင်း၊ ပိုက်ရိုက်၍ စစ်ဆေးခြင်းများဖြင့် စစ်ဆေးကြည့်တတ်သည်။ အကျိုးအကြေဖြစ်နိုင်သည့် အကြောင်းများ များပြားသည့် စပါးများပါဝင်မှုများပါက ကြိတ်ခွဲရာတွင် ဆန်အထွက်နှုန်းနည်း၍ ဆန်သားရရှိမှုလည်းနည်းကာ တွက်ခြေမကိုက်ဖြစ်တတ်သဖြင့် အဆိုပါအရည်အချင်းကိုလည်း အထူးသတိပြုရန်လိုအပ်သည်။ ❖

အဆိုပါစာအုပ်ငယ်တွင် နိုင်ငံအတွင်းဖွင့်လှစ်သည့် ကုန်ဝယ်ဒိုင်အရေအတွက်၊ စပါးအုပ်စုအလိုက်၊ အမျိုးအစားအလိုက် ဝယ်ဈေးနှုန်းများ၊ စိုက်ပျိုးထုတ်လုပ်ထားသည့် စပါးအုပ်စုများ၏ အမျိုးအစားအလိုက် အရည်အချင်းသတ်မှတ်ချက်များ၊ အဆိုပါစပါးအုပ်စုများ၏ အရည်အချင်းသတ်မှတ်ချက်များအလိုက် ဖြတ်တောက်နှုန်းများ၊ အထူးညွှန့်မထစပါးဝယ်ယူမည့် မြို့နယ်များနှင့် စပါးအမျိုးအမည်များစာရင်း၊ ကုန်ဝယ်ဒိုင်တွင် အသုံးပြုရန်ဖြည့်တင်းထားရမည့် လုပ်ငန်းသုံးပစ္စည်းစာရင်း၊ ကတ္တားကိုင်တွယ်အသုံးပြုနည်းနှင့် စစ်ဆေးနည်း၊ အစိုဓာတ်တိုင်း ကိရိယာကိုင်တွယ်အသုံးပြုထိန်းသိမ်းနည်း၊ ကုန်ဝယ်ဒိုင်တွင်ထားရမည့်စာရင်းဇယားများ၊ ကုန်ဝယ်ဒိုင်စာရင်းများ အဆင့်ဆင့်ရေးဆွဲတင်ပြပုံဇယားများနှင့် ကုန်ဝယ်ဒိုင်ဝန်ထမ်းများ၏ တာဝန်သတ်မှတ်ချက်များဟု ပါဝင်သည်။

ထို့ပြင် ဝန်ထမ်းအဆင့်ဆင့် တာဝန်သတ်မှတ်ချက်၊ လုပ်ငန်းသုံးကိရိယာများနှင့် ကိုင်တွယ်အသုံးပြုပုံများ၊ စာရင်းဇယားများပါဝင်သကဲ့သို့ စပါးအမျိုးအစားအလိုက် အရည်အချင်းသတ်မှတ်ချက်များနှင့် ဖြတ်တောက်နှုန်းများကိုပါ ပြည့်ပြည့်စုံစုံထည့်သွင်းထားကြောင်း တွေ့ရသည်။ ကတ္တားနှင့် အစိုဓာတ်တိုင်းကိရိယာတို့တွင် ပိုမိုခေတ်မီတိကျလာသော်လည်း အခြားသောဆန်လုပ်ငန်းကုမ္ပဏီများတွင် ထိုကဲ့သို့ စနစ်ကျနစွာလုပ်ဆောင်ချက်များကို ပြည့်စုံစွာမတွေ့ရပေ။ အထူးသဖြင့် စပါးဝယ်ယူမှုအပိုင်းတွင် ဆန်စက်များနှင့် ပွဲစားများကသာ အများအားဖြင့် ဆောင်ရွက်လျက်ရှိပြီး အရည်အချင်းသတ်မှတ်ချက်များနှင့်ပတ်သက်၍ အမျိုးမျိုးကွဲပြားလျက်ရှိတတ်သည်။ စပါးခြောက်ရန်လိုအပ်ခြင်း၊ ဆန်ဝါမပါဝင်ရခြင်း စသည့်အချက်များမှာမူ အတူတူပင်ဖြစ်သည်။ ယခုအခါ ဆန်ကြိတ်ခွဲသည့်အခါတွင် ဆန်ဝါနှင့်မှဲ့စွန်း စသည်တို့ကို ကာလာဆော့တာစက်ဖြင့် လွယ်ကူစွာဖယ်ရှားနိုင်သဖြင့် အခက်အခဲများစွာမရှိသည်ကို တွေ့နိုင်သည်။

၁၉၈၀ ပြည့်နှစ်ပတ်ဝန်းကျင်က စပါးဝယ်ယူရာတွင် စပါးများကို ငစိန်အုပ်စု၊ မြီးတိုးအုပ်စု၊ ညှော့မထအုပ်စု၊ အထူးညှော့မထအုပ်စု၊ ငကြွဲအုပ်စု၊ ကောက်ညှင်းအုပ်စုဟူ၍ အုပ်စုခြောက်စုခွဲခြားထားသည်။ အဆိုပါအုပ်စုအလိုက်စပါးများကို အမျိုးအစားအလိုက် အရည်အချင်းသတ်မှတ်ချက်များ ခွဲခြားထားသည်။ အရည်အချင်းသတ်မှတ်ချက်များအနေဖြင့် အစိုဓာတ်ပါဝင်ခွင့်၊ ၄၆ ပေါင်ကိုက် စပါးတစ်တင်းလျှင် အဖျင်းအမှော်၊ ဖုန်၊ သဲ၊ ခဲပါဝင်ခွင့်၊ မျိုးကွဲစပါးပါဝင်ခွင့်၊ ဆန်နီစပါးပါဝင်ခွင့်၊ လုံးပိန်လုံးညှပ်ပါဝင်ခွင့်၊ ဗိုက်ဖြူပါဝင်ခွင့်နှင့် ဆန်ဝါရောင်ပျက်ပါဝင်ခွင့်ဟူ၍ အရည်အချင်း ခုနစ်မျိုးခွဲခြား၍ ပါဝင်ခွင့်ပြုခြင်း သတ်မှတ်ထားသည်။

အထူးသဖြင့် အစိုဓာတ်ပါဝင်ခွင့်ကို ခွင့်ပြုချက်ပေးထားသည်မှာ များစွာစနစ်ကျသည်ကို တွေ့နိုင်သည်။ အစိုဓာတ်ပါဝင်ခွင့်ကို ဒေသအလိုက် ခွဲခြားထားသည်ကို တွေ့ရသည်။ ဟုမ္မလင်း၊ မော်လိုက်၊ ဖောင်းပြင်၊ တမူး၊ ကလေးဝ၊ ကလေး၊ မင်းကင်း၊ ကသာ၊ အင်းတော်၊ ထီးချိုင့်၊ ဗန်းမော်၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးမြို့တို့၊ ကန့်ဘလူမြို့နယ်အတွင်းရှိ ချပ်သင်းနှင့် ကိုးထောင်ဘို ကျေးရွာအုပ်စုများ၊ ရခိုင်ပြည်နယ်တစ်ခုလုံးနှင့် ကချင်ပြည်နယ်တစ်ခုလုံးတို့ကို အစိုဓာတ်ပါဝင်ခွင့် အထူးအခွင့်အရေးပေးထားပြီး အောက်တိုဘာလမှ ဖေဖော်ဝါရီလကုန်ဆုံးချိန်ထိကို အစိုဓာတ်ခွင့်ပြုချက်အား ၁၇ ရာခိုင်နှုန်းထိလည်းကောင်း၊ မတ်လနောက်ပိုင်းတွင် ၁၆ ရာခိုင်နှုန်းထိလည်းကောင်း ခွင့်ပြုထားသည်။ အခြားသော ဒေသများအားလုံးကို အောက်တိုဘာလမှ ဖေဖော်ဝါရီလကုန်ဆုံးချိန်ထိ ၁၅ ရာခိုင်နှုန်း၊ မတ်လနှင့် နောက်ပိုင်းကာလများတွင် ၁၄ ရာခိုင်နှုန်း သတ်မှတ်ထားသည်ကို တွေ့ရသည်။ သတ်မှတ်ထားသည့် အစိုဓာတ်ထက်ပိုမိုလာလျှင် မည်သို့လုပ်ဆောင်ပါသနည်း။ သတ်မှတ်ထားသည့် အစိုဓာတ်ထက် ပိုမိုလာလျှင် ပိုမိုသည့် ရာခိုင်နှုန်းအလိုက် ဖြတ်တောက်နှုန်းများဖြင့် ဝယ်ယူခြင်းကိုဆောင်ရွက်သွားသည်ကို တွေ့ရသည်။ ခွင့်ပြုထားသည့် အစိုဓာတ်ထက်ပိုလျှင် သုည ဒသမ ၅ ရာခိုင်နှုန်းပိုတိုင်း ငွေသတ်မှတ်ချက်တစ်ခုဖြင့် အစိုဓာတ် ၁၈ ရာခိုင်နှုန်းထိ ဈေးဖြတ်၍ဝယ်ရန်ဟု သတ်မှတ်သည်။ အောက်တိုဘာ ၃၀ ရက်အတွင်း ဝယ်ယူသောကောက်စောစပါးများအတွက် အစိုဓာတ်ပါဝင်ခွင့်ကို ၂၀ ရာခိုင်နှုန်းထိလက်ခံ၍ ဖြတ်တောက်နှုန်းများဖြင့် ဖြတ်တောက်ဝယ်ယူရသည်။ နိုဝင်ဘာ ၁ ရက်မှစ၍ အစိုဓာတ် ၁၈ ရာခိုင်နှုန်းထိသာ ဖြတ်တောက်နှုန်းဖြင့် လက်ခံဝယ်ယူသည်။ ၁၈ ရာခိုင်နှုန်းထက် ပိုမိုပါဝင်လာပါက တောင်သူကို စပါးခြောက်အောင်ပြုပြင်စေပြီးမှ ဝယ်ယူသည်။

ဒုတိယအရည်အချင်းသတ်မှတ်ချက်မှာ အဖျင်းအမှော်၊ ဖုန်၊ သဲ၊ ခဲဖြစ်သည်။ ထိုစဉ်က စပါးအုပ်စုအားလုံးတွင် အဖျင်းအမှော်၊ ဖုန်၊ သဲ၊ ခဲပါဝင်ခွင့်ကို စပါး ၄၆ ပေါင် ကိုက်စပါးတစ်တင်းလျှင် သုည ဒသမ ၅ ပေါင် ပါဝင်ခွင့်ပြုထားသည်။ အဆိုပါ ပါဝင်ခွင့်ထက် သုည ဒသမ ၂၅ ပေါင်ပိုတိုင်း စပါးတင်း ၁၀၀ လျှင် သတ်မှတ်ငွေတန်ဖိုးတစ်ခုဖြတ်တောက်ပြီး နှစ်ပေါင်ထိ ပါဝင်သည့်စပါးကို ဖြတ်တောက်ဝယ်ယူပြီး နှစ်ပေါင်ထက် ပိုမိုပါဝင်လာလျှင် ပြုပြင်စေပြီးမှ ဝယ်ယူသွားသည်။ မျိုးကွဲစပါး သတ်မှတ်ချက်အနေဖြင့်လည်း ပါဝင်ခွင့်တစ်ခု သတ်မှတ်ထားပြီး ပါဝင်ခွင့်ပြုထားသည်ထက်ပိုမိုပါက ဖြတ်တောက်နှုန်းများဖြင့် ဝယ်ယူသွားသည်ကို တွေ့ရသည်။ အလားတူပင် ဆန်နီစပါးပါဝင်မှု၊ လုံးပိန်လုံးညှပ်ပါဝင်မှုနှင့် ဆန်ဝါရောင်ပျက်ပါဝင်မှုများကိုလည်း ပါဝင်ခွင့်ပြုထားသည့် အခြေအနေထက်ပိုမိုပါဝင်လာသည်များကိုဖြတ်တောက်နှုန်းများဖြင့် ဖြတ်တောက်ဝယ်ယူသွားသည်ကို တွေ့ရသည်။

ယခုခေတ်တွင် တောင်သူ များသည် စက်များကို အသုံးပြုရိတ်သိမ်းလာသဖြင့် အစိုဓာတ်ပါဝင်မှုသည် ယခင်ကထက် များပြားလာပြီး အစိုဓာတ်နှင့် ပတ်သက်၍ အခြောက်ခံစက်များကိုပါသုံးစွဲ၍ အခြောက်ခံပြီးမှ သိမ်းဆည်းသိုလှောင်သည်ကို တွေ့ရသည်။ သို့သော် စပါးဝယ်ယူရာတွင် အစိုဓာတ်ပါဝင်ခွင့်ကို ၁၄ ရာခိုင်နှုန်းဟု အများနားလည်ကြသော်လည်း ပိုမိုပါဝင်မှုများအတွက် ဖြတ်တောက်နှုန်းများမှာ တစ်နေရာတစ်မျိုးစီ ရှိနေတတ်သည်။ စပါးဈေးကောင်းချိန် တစ်နည်းအားဖြင့် ဝယ်ယူသူက လိုအပ်ချိန်တွင် အစိုဓာတ်အပါအဝင် အရည်အချင်းသတ်မှတ်ချက်များကို လျှော့ချလက်ခံပြီး ဈေးနှုန်းမလျှော့ဘဲ ဝယ်ယူတတ်သော်လည်း ရောင်းချလိုသူများပြားချိန်တွင် အရည်အချင်းသတ်မှတ်ချက်များနှင့်ပတ်သက်၍ ဖြတ်တောက်မှုများကို ပိုမိုမြှင့်တင်ထားတတ်သည်။ အဖျင်းအမှော် ဖုန်၊ သဲ၊ ခဲပါဝင်မှုမှာ ယခုခေတ်တွင် စက်များကိုသုံး၍ ခြွေလှေ့ကြသဖြင့် ပါဝင်မှုမရှိသလောက်ဖြစ်သည်ဟု ဆိုနိုင်သည်။ လုံးပိန်လုံးညှပ်များမှာလည်း ပါဝင်မှုနည်းပါးသွားပြီဟုဆိုနိုင်သည်။

ယခုဖြတ်တောက်နှုန်းများတွင် မပါသော်လည်း ဆန်ကြိတ်ထွက်နှုန်းကိုထိခိုက်ပြီး အခက်အခဲပေါ်နိုင်သည့် စပါးအရည်အချင်းတစ်မျိုးမှာ အကျိုးအကြေဖြစ်သည်။ ဆန်ကြိတ်ချိန်တွင်မှ သိရတတ်သည့် အကျိုးအကြေကို စပါးအခွံမချွတ်မီ ဝယ်ယူစဉ်ကပင် သိရှိနိုင်မှသာ ဆန်အထွက်နှုန်းကောင်းသော ဆန်ကိုရရှိပြီး တွက်ခြေကိုက်မည်ဖြစ်သည်။ ထိုအချက်ကို ရှေးက စပါးကို မီးရောင်ခံ၍ကြည့်ခြင်း၊ ပိုက်ရိုက်၍ စစ်ဆေးခြင်းများဖြင့် စစ်ဆေးကြည့်တတ်သည်။ အကျိုးအကြေဖြစ်နိုင်သည့် အကြောင်းများ များပြားသည့် စပါးများပါဝင်မှုများပါက ကြိတ်ခွဲရာတွင် ဆန်အထွက်နှုန်းနည်း၍ ဆန်သားရရှိမှုလည်းနည်းကာ တွက်ခြေမကိုက်ဖြစ်တတ်သဖြင့် အဆိုပါ အရည်အချင်းကိုလည်း အထူးသတိပြုရန်လိုအပ်သည်။ **စာမျက်နှာ ၅ သို့ ➤**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ငပုတော ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် မြေပဲ ၈၃၀၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၈၀၀၀ ကျော် လျာထားရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မြေပဲများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ငပုတောမြို့နယ်မှာ မြေပဲ စိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာတော့ မြေပဲတွေကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သန့်ရှင်းလတ်ဆတ်တဲ့ စားသုံးဆီတွေကို စားသုံးနိုင်စေဖို့နဲ့ ဒေသတွင်း စားသုံးဆီပိုလျှံတဲ့အခါ နိုင်ငံတော်ရဲ့ စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းဖို့အတွက် ဆီထွက်သီးနှံတွေ အားပေးစိုက်ပျိုးနေတာဖြစ်ပါတယ်။ မြေပဲအပါအဝင် ဆီထွက်သီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ အခြားနီးနွယ်ဌာနတွေကနေ လိုအပ်တာတွေ ပံ့ပိုးပေးခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငပုတောမြို့နယ်တွင် ဆောင်းမြေပဲများ စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရန်၊ မြေပဲမျိုးစေ့ ရွေးချယ်မှုမှန်ကန်စေရန်၊ စိုက်နည်းစနစ် မှန်ကန်စေရန်၊ ပိုးသတ်ဆေးသုံးစွဲနည်းစနစ်များ မှန်ကန်စေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငပုတောမြို့နယ်တွင် မြေပဲစိုက်ပျိုးမှုကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးဆီ ဖူလုံနိုင်သည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သောကြောင့် မြေပဲကို ယခုထက်ပိုမိုစိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## ပန်းတို့နာမည်

- စံပယ် ဒေါနပ ပွင့်သစ်ခွတည့်<br>သော်က အင်ကြင်း သဇင်သင်းလျက်<br>ပန်းခင်း နေကြာ ပိတောက်ဝါနှင့်<br>ခွာညို နှင်းဆီ သရဖီတဲ့<br>စသည် စသည် ရွှေပန်းချီသို့<br>နာမည်သီးသီး လှသည်ချည်း။
- ပေါ်လွင်ကြွင်နှန်း တော်ဝင်ဆန်းသည့်<br>ပန်းဟူသမျှ ဘွဲ့ဂုဏ်သလျက်<br>ဘာ့ကြောင့်နာမည် လှရသည်။
- နန်းပျိုမဒီ ပန်းကိုယ်စီလျှင်<br>လှသည်တချို့ မွှေးတချို့နှင့်<br>တချို့မှာကျ မွှေး၍လှလျက်<br>လောကလူ့ခန်း ကြည်သာလန်းအောင်<br>ပန်း၏အဆင်း ပန်းရည်ချင်းကို<br>ခင်းကျင်းဖော်ပြ ကိုယ်တိုင်လှမို့<br>နာမဂုဏ်ရည် လှသည်ဟု။<br>သားမောင်တွေးရှု ပန်းနှယ်ပြု။ ။

**ချစ်စုအောင်**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

➢ **စာမျက်နှာ ၄ မှအဆက်**

ဆန်၏မာကျောမှုသည် အရေးကြီးသည်ကို ဤနေရာတွင် တွေ့နိုင်သည်။ ဆန်တွင် အက်ကြောင်းများပါဝင်ခြင်းသည် များသောအားဖြင့် စပါးကို ကိုင်တွယ်မှုအားနည်းချက်များကြောင့် ဖြစ်တတ်သည်။ ထိုအချက်များကို ဆန်စပါးရောင်းဝယ်သူများသည် သိရှိကြသော်လည်း တစ်နိုင်ငံလုံး စနစ်တကျသတ်မှတ်ရန်၊ တစ်ပြေးညီဖြစ်ရန် များစွာလိုအပ်နေသေးသည်။

စပါးတစ်တင်း၏ အလေးချိန်နှင့် ဆန်တစ်အိတ်၏ အလေးချိန်များကို တွက်ချက်ရာတွင်ပင် အမျိုးမျိုးကွဲလွဲနေသေးသည်ကိုလည်း တွေ့နေရဆဲဖြစ်သည်။ စပါးအရည်အချင်းသတ်မှတ်ချက်များကို သေချာစွာ သတ်မှတ်မထားဘဲ တစ်နယ်တစ်မျိုး ဆောင်ရွက်နေမည်ဆိုပါက တောင်သူများအတွက် ရောင်းချချိန်တွင် အခက်အခဲများရှိနေမည်ဖြစ်သကဲ့သို့ ဆန်ကြိတ်ခွဲချိန်နှင့် ပြည်ပတင်ပို့ချိန်များတွင် အရည်အသွေးပိုင်းဆိုင်ရာအားနည်းချက်များကို ကြုံတွေ့နေရမည်သာဖြစ်သည်။ စာရေးသူတို့အနေဖြင့် ရှေးကလုပ်ဆောင်ချက်များအနက်မှ ဆက်လက်လိုက်နာဆောင်ရွက်သင့်သည်များကို ခေတ်နှင့်အညီပြုပြင်ပြီး ကောင်းသောအချက်များကို ဆက်လက်ကျင့်သုံးသင့်သည်။ ဆန်စပါးကဏ္ဍသည် များစွာကြီးမားကျယ်ပြန့်သဖြင့် တစ်ပြေးညီလုပ်ဆောင်ရန်မှာ ခက်ခဲနိုင်သည်မှန်သော်လည်း လုပ်ဆောင်မည်ဆိုပါက မရနိုင်စရာမရှိပေ။ အထူးသဖြင့် ဆန်စပါးကဏ္ဍတွင် အဓိကအကျဆုံးမှာ ဆန်စက်ပိုင်ရှင်များ၊ ပြည်တွင်း၊ ပြည်ပ ဆန်စပါးရောင်းဝယ်သူများ၊ ပြည်ပတင်ပို့သည့် ကုမ္ပဏီများဖြစ်ကြသည်။ ထို့ကြောင့် ဆန်စပါးကဏ္ဍတိုးတက်ရေးတွင် အရေးကြီးသော စပါးအရည်အသွေးနှင့်ပတ်သက်သည့်ကိစ္စများကို စဉ်းစားသုံးသပ်နိုင်ရန် ရေးသားလိုက်ရပါသည်။

# နိုင်ငံတကာ သတင်းများ

## တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ရွေးကောက်ပွဲအနိုင်ရ သမ္မတလောင်း ဒေါ်နယ်ထရန့်တို့ ဖုန်းခေါ်ဆိုဆွေးနွေး

**ပေကျင်း ဇန်နဝါရီ ၁၈**

တရုတ်သမ္မတရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ အနိုင်ရရှိထားသော ဒေါ်နယ်ထရန့်တို့သည် ဇန်နဝါရီ ၁၇ ရက်တွင် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဇန်နဝါရီ ၁၇ ရက်ဖုန်းခေါ်ဆိုဆွေးနွေးမှုတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဒေါ်နယ်ထရန့်တို့သည် နှစ်နိုင်ငံကုန်သွယ်ရေးကိစ္စများ၊ ဖန်တာနိုင်းဆေးဝါးပြဿနာနှင့် တစ်ခ်တော့ခ်အပလီကေးရှင်းပြဿနာတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၅ ရက် အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ အနိုင်ရထားသည့် ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်သည် ဇန်နဝါရီ ၂၀ ရက်တွင် အမေရိကန်နိုင်ငံ၏၄၇ ဦးမြောက်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုရမည်ဖြစ်သည်။

သမ္မတရာထူးရရှိခဲ့ပါက တရုတ်နိုင်ငံ၏ပို့ကုန်များကို အခွန်စည်းကျပ်မည်ဖြစ်ကြောင်း သမ္မတရွေးကောက်ပွဲ မဲဆွယ်ကာလ၌ ပြောကြားထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် မိမိတို့အနေဖြင့် ကမ္ဘာကြီးပိုမိုငြိမ်းချမ်းလုံခြုံရေးအတွက် အရာရာလုပ်ဆောင်မည်ဖြစ်ကြောင်းသမ္မတရှီကျင့်ဖျင်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးပြီးနောက် ဒေါ်နယ်ထရန့်က ၎င်း၏ လူမှုမီဒီယာ စာမျက်နှာပေါ်တွင် ရေးသားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အကျဉ်းသား ၂၅၀၀ခန့်၏ ပြစ်ဒဏ်ကာလများကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် လျှော့ပေါ့ပေး



**ဝါရှင်တန် ဇန်နဝါရီ ၁၈**

အကြမ်းဖက်မှု မပါသည့် မူးယစ်ဆေးဝါးပြစ်မှု ကျူးလွန်ထားသူ အကျဉ်းသား ၂၅၀၀နီးပါးကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြစ်ဒဏ်ကာလလျှော့ပေါ့ပေးခဲ့ကြောင်း အိမ်ဖြူတော်က ဇန်နဝါရီ ၁၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

သမ္မတဂျိုးဘိုင်ဒင်၏ ပြစ်ဒဏ်ကာလ လျှော့ပေါ့မှုခံစားခွင့်ရသူများမှာ ရရှိသင့်သည့်အပြစ်ဒဏ်ထက် ပိုမိုကာလရှည်လျားသော ပြစ်ဒဏ်များချမှတ်ခံထားရသူများဖြစ်ကြကြောင်း အိမ်ဖြူတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သမ္မတ ဂျိုးဘိုင်ဒင်၏ ပြစ်ဒဏ်ကာလလျှော့ပေါ့မှု အစီအစဉ်၌ အကျုံးဝင်သည့် အကျဉ်းသားများမှာ အကြမ်းဖက်မှုမပါသော မူးယစ်ဆေးဝါး ပြစ်မှုကျူးလွန်ထားသူများဖြစ်ကြသည်။

သမ္မတဂျိုးဘိုင်ဒင်သည် အမေရိကန်သမ္မတသစ်အဖြစ် ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်ကျမ်းသစ္စာမဆိုမီ အကျဉ်းသား၂၅၀၀နီးပါး၏ပြစ်ဒဏ်ကာလများကို လျှော့ပေါ့ပေးခဲ့ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလကလည်း သမ္မတဂျိုးဘိုင်ဒင်သည်သေဒဏ်ကျဖက်ဒရယ်အကျဉ်းသား၄၀ အနက် ၃၇ ဦးတို့၏ သေဒဏ်များကို ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်သို့ လျှော့ချပေးခဲ့ပြီးဖြစ်သည်။

ယင်းအပြင် ထိုလမှာပင် သမ္မတ ဂျိုးဘိုင်ဒင်သည် အကြမ်းဖက်မှုမပါသည့် ရာဇဝတ်မှုကျူးလွန်သူအကျဉ်းသား ၃၉ ဦးကိုလည်း ပြစ်ဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## နှစ် ၂၀ မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးစာချုပ် ရုရှားသမ္မတနှင့် အီရန်သမ္မတတို့ လက်မှတ်ရေးထိုး



**မော်စကို ဇန်နဝါရီ ၁၈**

ရုရှားသမ္မတပူတင်နှင့် အီရန်သမ္မတ မာဆောဒ်ပီဇက်ရှ်ကီရမ်တို့သည် ဇန်နဝါရီ ၁၇ ရက်တွင် ရုရှား-အီရန် နှစ် ၂၀ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

အဆိုပါ နှစ် ၂၀ မဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေးစာချုပ်အရ ရုရှားနှင့် အီရန်တို့သည် လုံခြုံရေးနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်မည်ဖြစ်သည်။

ယင်းအပြင် နှစ် ၂၀ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသဘောတူညီချက်အရ ရုရှားနှင့် အီရန်တို့အနေဖြင့် စစ်ရေးခြိမ်းခြောက်မှုများကို တုံ့ပြန်ရေးတွင်လည်း ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

ရုရှားနှင့် အီရန်တို့၏ နှစ် ၂၀ မဟာဗျူဟာမြောက်ဆက်ဆံရေး မိတ်ဖက်စာချုပ်သည် အနောက်အုပ်စုနိုင်ငံများစိုးရိမ်ရမည့် စာချုပ်ဖြစ်လာနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

သို့ရာတွင် အဆိုပါစာချုပ်တွင် ရုရှားနှင့် မြောက်ကိုရီးယားတို့ ပြီးခဲ့သည့်နှစ်အတွင်း ရယူခဲ့သော စာချုပ်ကဲ့သို့ အပြန်အလှန်နှစ်နိုင်ငံကြား စစ်ရေးအရ အပြန်အလှန်ကာကွယ်ရေးပြဋ္ဌာန်းချက် ပါဝင်မှု မရှိခဲ့ကြောင်း သိရသည်။

အီရန်သမ္မတ ပီဇက်ရှ်ကီရမ်သည် သမ္မတရာထူးရရှိပြီးနောက်ပိုင်း ပထမဆုံးရုရှားခရီးစဉ်အဖြစ် မော်စကိုမြို့သို့ ရောက်ရှိနေပြီး ဇန်နဝါရီ ၁၇ ရက်တွင် ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဒေါ်နယ်ထရန့်၏ ကျမ်းသစ္စာကျိန်ဆိုပွဲကို ကွန်ဂရက်လွှတ်တော်အဆောက်အအုံအတွင်း ကျင်းပမည်

**ဝါရှင်တန် ဇန်နဝါရီ ၁၈**



ပြင်းထန်သည့် အအေးဒဏ်ကြောင့် ဇန်နဝါရီ ၂၀ ရက်သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲကို ကွန်ဂရက်လွှတ်တော်ပြင်ပနေရှင်နယ်မောက်ဥယျာဉ်၌ ကျင်းပနိုင်တော့မည်မဟုတ်ဘဲ ကွန်ဂရက်လွှတ်တော်အဆောက်အအုံတွင်း၌သာကျင်းပရတော့မည်ဖြစ်ကြောင်း အမေရိကန်သမ္မတရွေးကောက်ပွဲအနိုင်ရသမ္မတလောင်း ဒေါ်နယ်ထရန့်က ဇန်နဝါရီ ၁၇ ရက်တွင် ကြေညာခဲ့သည်။

အမေရိကန်သမ္မတ အဖြစ် ဒေါ်နယ်ထရန့် ကျမ်းသစ္စာဆိုမည့် ဇန်နဝါရီ ၂၀ ရက်တွင် ဝါရှင်တန်မြို့၏ နေ့အပူချိန်မှာ ၁၉ ဒီဂရီဖာရင်ဟိုက်(အနုတ် ၇ ဒီဂရီဆဲလ်စီးယပ်စ်)ထိ ကျဆင်းသွားနိုင်ကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းထားသည်။

အာတိတ်လေအေးစီးကြောင်းများကြောင့် အအေးဒဏ်ပြင်းထန်နိုင်သည်ဖြစ်ရာ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲကို ကွန်ဂရက်လွှတ်တော်ပြင်ပ၌ ကျင်းပမည့်အစား လွှတ်တော်အဆောက်အအုံအတွင်းသို့ နေရာရွှေ့ကျင်းပရန် ပွဲစီစဉ်သူများကို မိမိညွှန်ကြားထားကြောင်း ဒေါ်နယ်ထရန့်က ဇန်နဝါရီ ၁၇ ရက်တွင် ၎င်း၏လူမှုမီဒီယာ စာမျက်နှာပေါ်၌ ရေးသားထားကြောင်း သိရသည်။

နှစ်ပေါင်း၄၀အတွင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်သမ္မတကျမ်းသစ္စာဆိုပွဲကို အအေးဒဏ်ကြောင့် ကွန်ဂရက်လွှတ်တော်ပြင်ပ၌ကျင်းပမည့်အစား ကွန်ဂရက်လွှတ်တော် အဆောက်အအုံအတွင်း ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

၁၉၈၅ ခုနှစ်တွင် ကျင်းပခဲ့သော ရီပတ်ဘလီကန်သမ္မတ ရော်နယ်ရီဂန်၏ သမ္မတကျမ်းသစ္စာဆိုပွဲကို အအေးဒဏ်ကြောင့် ကွန်ဂရက် လွှတ်တော်အတွင်း ကျင်းပခဲ့ရဖူးသည်။

ထိုစဉ်ကာလက ဝါရှင်တန်မြို့၏အပူချိန်မှာ အနုတ် ၁၀ ဒီဂရီဖာရင်ဟိုက်နှင့် အနုတ် ၂၀ ဒီဂရီဖာရင်ဟိုက်ကြားထိ ကျဆင်းခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဂါဇာစစ်ပွဲ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် အစ္စရေးလုံခြုံရေးကက်ဘိနက်အဖွဲ့ အတည်ပြု

**ဂျေရုဆလင် ဇန်နဝါရီ ၁၈**

ဂါဇာကမ်းမြောင်စစ်ပွဲ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အစ္စရေးအစိုးရလုံခြုံရေးကက်ဘိနက်အဖွဲ့က ဇန်နဝါရီ ၁၇ ရက်တွင် အတည်ပြုပေးခဲ့သည်။

ဂါဇာစစ်ပွဲ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အစ္စရေးအစိုးရလုံခြုံရေး ကက်ဘိနက်က အတည်ပြုခဲ့ခြင်းကြောင့် ဟားမတ်စ်အုပ်စု ဖမ်းဆီးထားသော ဓားစာခံများအနက် ပထမဆုံးအသုတ်ဓားစာခံများပြန်လည်လွတ်မြောက်ရေးအတွက် လမ်းစပွင့်လာခဲ့ပြီဖြစ်သည်။

ဇန်နဝါရီ ၁၅ ရက်တွင် ကြေညာခဲ့သည့် အဆိုပါအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် ဇန်နဝါရီ ၁၉ ရက်တွင် စတင်အာဏာသက်ဝင်မည်ဖြစ်သည်။

အဆင့်သုံးဆင့် ပါရှိသည့် အဆိုပါ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်၏ပထမအဆင့်မှာ ခြောက်လကြာမြင့်မည်ဖြစ်ပြီး ယင်းကာလအတွင်း ဟားမတ်စ်အုပ်စုက ၎င်းတို့ဖမ်းဆီးထားသည့် အစ္စရေးဓားစာခံများအနက် ပထမဆုံးအသုတ် ၃၃ ဦးကို ပြန်လွှတ်ပေးမည်ဖြစ်သည်။

အလားတူ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် အာဏာသက်ဝင်မည့် ဇန်နဝါရီ ၁၉ ရက်တွင် ပါလက်စတိုင်းအကျဉ်းသား ၉၅ ဦးကို ပြန်လွှတ်ပေးမည်ဖြစ်ကြောင်းအစ္စရေးတရားရေးဝန်ကြီးဌာနက ကြေညာထားသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် စတင်ခဲ့သော ဂါဇာစစ်ပွဲအတွင်း အစ္စရေး၏တိုက်ခိုက်မှုကြောင့် ဂါဇာကမ်းမြောင်ဒေသ၌ ပါလက်စတိုင်းလူမျိုး၄၆၀၀၀ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ပြိုကွဲပျက်စီးမှုအမြန်ဆုံး နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်းကို ရှာဖွေတွေ့ရှိ



**ဝါရှင်တန် ဇန်နဝါရီ ၁၈**

ပြိုကွဲပျက်စီးမှုအမြန်ဆုံး နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းကို နိုင်ငံတကာ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၁၇ ရက် သတင်းများအရ သိရသည်။

BD+05 4868 Ab ဟူ၍အမည်ပေးထားသည့် အဆိုပါဂြိုဟ်သည် မိခင်ကြယ်၏ဖြာထွက်ရောင်ခြည်ရိုက်ခတ်မှုကြောင့် နှစ်ပေါင်း တစ်သန်းလျှင် ကမ္ဘာ၏ဂြိုဟ်ရံလတစ်စင်းစာနှင့်ညီမျှသည့် ဒြပ်ထုကို ဆုံးရှုံးနေကြောင်း မက်ဆာချူးဆက် နည်းပညာတက္ကသိုလ်မှ အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အထက်ပါနှုန်းအတိုင်း ဒြပ်ထုများ ဆုံးရှုံးနေရမှုကြောင့် BD+05 4868 Ab ဂြိုဟ်သည် မကြာမီကာလအတွင်း ပျောက်ကွယ်သွားမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

BD+05 4868 Ab ဂြိုဟ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က လွှတ်တင်ထားသည့် တက်စ်ဂြိုဟ်တု၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

BD+05 4868 Ab ဂြိုဟ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၁၄၁ နှစ်အကွာတွင်တည်ရှိသော ကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်လျက်ရှိပြီး မိခင်ကြယ်၏ ဖြာထွက်ရောင်ခြည်ရိုက်ခတ်မှုကြောင့် ဆုံးရှုံးခဲ့ရသည့် ဂြိုဟ်များသည် BD+ 05 4868 Ab ဂြိုဟ်၏ နောက်တွင် အရှည်ကီလိုမီတာ ကိုးသန်းရှိသည့် အမြီးတန်းအဖြစ် တွဲခိုနေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

## ဥရောပအာကာသအေဂျင်စီက အာရီယာနီ-၆ ဒုံးပျံသစ်ကို ဖေဖော်ဝါရီလအတွင်း ဒုတိယအကြိမ်အဖြစ် လွှတ်တင်ရန်စီစဉ်ထား

**ပဲရစ် ဇန်နဝါရီ ၁၈**

ဥရောပအာကာသအေဂျင်စီသည် အာရီယာနီ-၆ ဒုံးပျံသစ်ကို လာမည့် ဖေဖော်ဝါရီလအတွင်း ဒုတိယအကြိမ်အဖြစ် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဇန်နဝါရီ ၁၇ ရက်သတင်းများအရ သိရသည်။

ပထမဆုံးအကြိမ် လွှတ်တင်ခဲ့စဉ်ကရှိခဲ့သော အပြစ်အနာအဆာများကို ရှာဖွေဖြေရှင်းခဲ့ပြီးနောက် အာရီယာနီ-၆ ဒုံးပျံကို ဖေဖော်ဝါရီလအတွင်း ဒုတိယအကြိမ် လွှတ်တင်ရန် ဥရောပအာကာသအေဂျင်စီက စီစဉ်ထားခြင်းဖြစ်သည်။

အဆိုပါ ဒုတိယအကြိမ်မစ်ရှင်တွင် အာရီယာနီ-၆ ဒုံးပျံသည် ပြင်သစ်စစ်ဘက်၏ CSO-3 အမည်ရှိ သူလျှိုဂြိုဟ်တုတစ်စင်းကို သယ်ဆောင်သွားမည်ဖြစ်သည်။



ဥရောပ အာကာသအေဂျင်စီသည် အာရီယာနီ-၆ ဒုံးပျံကို ၂၀၂၄ ခုနှစ် ဇူလိုင်လက တောင်အမေရိကတိုက် ပြင်သစ်ဂီယာနာဒေသ ကိုရူးအာကာသစခန်းမှတစ်ဆင့် ပထမဆုံးအကြိမ် လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီသည် ယခုနှစ်အတွင်း အာရီယာနီ-၆ မစ်ရှင်ပေါင်း ခြောက်ခုထိ လွှတ်တင်ရန် စီစဉ်ထားသည်။

ဥရောပ အာကာသအေဂျင်စီ နှစ်ပေါင်း ၂၀ ကျော်ကြာသုံးစွဲခဲ့သည့် အာရီယာနီ-၅ ဒုံးပျံများ နေရာတွင် အစားထိုးအသုံးပြုရန် အာရီယာနီ-၆ ဒုံးပျံသစ်ကို တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## နာဆာအာကာသယာဉ်မှူးနှစ်ဦးက နိုင်ငံတကာအာကာသစခန်းပြင်ပသို့ ထွက်ခွာ၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၁၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) အာကာသယာဉ်မှူး နှစ်ဦးသည် ဇန်နဝါရီ ၁၆ ရက်တွင် နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ထွက်ခွာ၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း ဇန်နဝါရီ ၁၇ ရက် သတင်းများအရ သိရသည်။

နာဆာ အာကာသယာဉ်မှူး နစ်ခ်ဟိတ်ဂ်နှင့် ဆန်နီဝီလျံတို့သည် နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ထွက်ခွာစဉ် အာကာသစခန်းပြင်ပ၌ တပ်ဆင်ထားသည့် နျူထရွန်ကြယ်များ လေ့လာရေးစနစ်နှင့်အခြားစူးစမ်းလေ့လာရေးစနစ်များကို ပြုပြင်ထိန်းသိမ်းမှုများပြုလုပ်ခဲ့ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

နာဆာ အာကာသယာဉ်မှူးနှစ်ဦး နိုင်ငံတကာ အာကာသစခန်းပြင်ပထွက်ခွာချိန်မှာ ခြောက်နာရီကြာမြင့်ခဲ့သည်ဟု နာဆာအဖွဲ့သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

နာဆာ အာကာသယာဉ်မှူးနှစ်ဦး၏ ဇန်နဝါရီ ၁၆ ရက် နိုင်ငံတကာ အာကာသစခန်းပြင်ပထွက်ခွာမှုမှာ တစ်နှစ်ကျော်ကြာကာလအတွင်း ဒုတိယမြောက် အာကာသစခန်းပြင်ပသို့ ထွက်ခွာမှုဖြစ်သည်။

နိုင်ငံတကာ အာကာသစခန်းယာဉ်၏ အာကာသယာဉ်မှူးများသည် ၁၉၉၈ ခုနှစ်မှစ၍ ယနေ့အချိန်ထိ အာကာသစခန်းပြင်ပထွက်ခွာမှုပေါင်း ၂၇၇ ကြိမ်ထိ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ဇန်နဝါရီ ၁၆ ရက်မစ်ရှင်တွင် နာဆာ အာကာသယာဉ်မှူးနှစ်ဦးသည် စူးစမ်းလေ့လာရေးစနစ်များကို နေရာခွဲ၍ ပြုပြင်ထိန်းသိမ်းမှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## တန်ဇန်းနီးယားနိုင်ငံမြောက်ပိုင်းဒေသတစ်ခု၌ မားဘာ့ဂ်ဗိုင်းရပ်ကြောင့် လူရှစ်ဦးသေဆုံး

**ဂျီနီဗာ ဇန်နဝါရီ ၁၈**

တန်ဇန်းနီးယားနိုင်ငံမြောက်ပိုင်းဒေသတစ်ခု၌ မားဘာ့ဂ်ဗိုင်းရပ်တစ်မျိုးကူးစက်ဖြစ်ပွားမှုကြောင့် အနည်းဆုံး လူရှစ်ဦး သေဆုံးခဲ့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ဇန်နဝါရီ ၁၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် တန်ဇန်းနီးယားမြောက်ပိုင်း၌ မားဘာ့ဂ်ရောဂါအဖြစ်ယူဆရသည့် ရောဂါကူးစက်မှုဖြစ်စဉ် ကိုးခုထိ ဖော်ထုတ်တွေ့ရှိထားပြီး ၎င်းရောဂါကြောင့် လူရှစ်ဦး သေဆုံးခဲ့ရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ထို့ပြင် ရောဂါစစ်ဆေးမှုလုပ်ငန်း အားကောင်းလာသည်နှင့်အမျှ လာမည့်ရက်များအတွင်း ရောဂါကူးစက်မှုဖြစ်စဉ် အရေအတွက် ထပ်တိုးလာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုအရ သိရသည်။

မားဘာ့ဂ်ဗိုင်းရပ် (Marberg Virus) သည် အီဘိုလာဗိုင်းရပ်များကဲ့သို့ပင် သစ်သီးစားလင်းနို့များမှတစ်ဆင့် ကူးစက်တတ်သည့် ဗိုင်းရပ်တစ်မျိုးဖြစ်သည်။

မားဘာ့ဂ်ဗိုင်းရပ်သည် ၎င်းဗိုင်းရပ်ရှိနေသူများ၏ ကိုယ်တွင်းအရည်ကြည်များနှင့် ထိတွေ့မှု၊ ဗိုင်းရပ်ရှိနေသော လူနာများအသုံးပြုသည့် အိပ်ရာခင်းကဲ့သို့အရာများနှင့် ထိတွေ့မှုများမှတစ်ဆင့် လူတစ်ဦးမှတစ်ဦးသို့ ကူးစက်နိုင်ကြောင်း သိရသည်။

ကုထုံးမရှိသေးသည့် မားဘာ့ဂ်ဗိုင်းရပ်ရောဂါသည် သေဆုံးမှုနှုန်းမြင့်မားပြီး ရောဂါဖြစ်ပွားသူ ၈၈ ရာခိုင်နှုန်းထိ သေဆုံးနှုန်းရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## တစ်ခါတစ်ရံ Xenon ဓာတ်ငွေ့ရှူရှိုက်ပေးမှုက အယ်ဇိုင်းမားရောဂါကို တားဆီးနိုင်ဖွယ်ရှိ

**နယူးယောက် ဇန်နဝါရီ ၁၈**

တစ်ခါတစ်ရံ Xenon ခေါ် ဓာတ်ငွေ့တစ်မျိုး ရှူရှိုက်ပေးမှုသည် အယ်ဇိုင်းမားရောဂါကို တားဆီးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဇန်နဝါရီ ၁၇ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ Xenon ဓာတ်ငွေ့ကိုရှူပေးခြင်းဖြင့် ဦးနှောက်ကျန်းမာရေး ပြဿနာဖြေရှင်းရေးကို မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

အထက်ပါဂုဏ်သတ္တိများအရ Xenon ဓာတ်ငွေ့ ရှူရှိုက်မှုသည် ကုထုံးမရှိသေးသည့် အယ်ဇိုင်းမားရောဂါကို ကုသရာတွင်အကျိုးပြုနိုင်ကြောင်း ဝါရှင်တန်တက္ကသိုလ်မှ အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် Xenon ဓာတ်ငွေ့ကို ကြွက်များဖြင့် လက်တွေ့စမ်းသပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် လာမည့်လအနည်းငယ်အတွင်း Xenon ဓာတ်ငွေ့ကို လူသားလူနာများဖြင့် လက်တွေ့စမ်းသပ်ရန် စီစဉ်ထားသည်။

Xenon ဓာတ်ငွေ့သည် အလွန်တန်ဖိုးကြီးသော ဓာတ်ငွေ့တစ်မျိုးဖြစ်ပြီး ဝေရက်တောင်တက်သမားများ နာကျင်ကိုက်ခဲမှုဒဏ်ကို ခံနိုင်ရည်ရှိရေးအတွက် အသုံးပြုနိုင်မည့် ဓာတ်ငွေ့တစ်မျိုးအဖြစ်လည်း လူသိများကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**








# နိုင်ငံတကာ အားကစားသတင်းများ

## ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ ဂျန်နစ်ဆင်နာတက်ရောက်



**မဲလ်ဘုန်း ဇန်နဝါရီ ၁၈**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင်ကျင်းပနေသည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံအနေဖြင့် ပါဝင်ယှဉ်ပြိုင်နေသည့် အီတလီတင်းနစ်ကစားသမားဂျန်နစ်ဆင်နာသည် တတိယအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမားဂီရွန်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဂျန်နစ်ဆင်နာက (၆-၃၊ ၆-၄၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား ဂျန်နစ်ဆင်နာသည် လက်ရှိချန်ပီယံဆု ကာကွယ်နိုင်ရေးအတွက် ပစ်မှတ်ထားနေသလို ကမ္ဘာ့အဆင့်(၁)နေရာတွင် ကာလရှည်ရပ်တည်နိုင်ရန် ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်အောင် ပြင်ဆင်နေကြောင်းလည်း ပြောကြားထားသည်။

ဂျန်နစ်ဆင်နာသည် ဂီရွန်နှင့် ပွဲစဉ်တွင် သုံးပွဲပြတ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အကြား လယ်ဗယ်ကွာဟမှုကိုလည်း ပြသနိုင်ခဲ့သည်။

ဂျန်နစ်ဆင်နာသည် တတိယအဆင့်ပြီးဆုံးသည်ထိ ချန်ပီယံလက်စွမ်းမျိုး ပြသထားနိုင်ပြီး စတုတ္ထအဆင့်သို့တက်ရောက်နိုင်ခဲ့၍ ဝမ်းမြောက်ကြောင်းလည်း ပြောကြားခဲ့သည်။

ဂျန်နစ်ဆင်နာက "တတိယအဆင့်ကို ကျော်ဖြတ်ပြီး နောက်တစ်ဆင့်ကို တက်ရောက်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ အဆင့်တိုင်းရဲ့ ပွဲစဉ်တိုင်းကတော့ သူ့အခက်အခဲနဲ့သူပါပဲ။ လွယ်တဲ့ပွဲစဉ်ဆိုတာ မရှိပါဘူး။ တတိယအဆင့်ပွဲစဉ်မှာ ကစားနိုင်ခဲ့တဲ့ ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်ပိုင်းအပေါ်မှာတော့ တကယ်ကို အားရကျေနပ်မှုရှိပါတယ်။ Solid ဖြစ်ခဲ့တယ်။ ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်ဟာ အကောင်းဆုံးပုံစံမျိုးမှာတော့မရှိသေးပါဘူး။ နောက်ထပ်တိုးတက်လာနိုင်သေးတယ်လို့လဲ ယုံကြည်တယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။ **Ref : RT**

**Trs : AZL**

## အားကစားသတင်းအတိုအထွာများ

- ❑ ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမားကာမာဗင်ဂါသည် စပိန်ကိုပါဒယ်ရေးဖလားပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဆဲလ်တာဗီဂိုအသင်းတို့ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့သောကြောင့် ရက်သတ္တသုံးပတ်ခန့်ထိ အနားယူရမည်ဖြစ်သည်။
- ❑ အေစီမီလန်အသင်းက ခံစစ်ကစားသမား ဝေါ်လ်ကာကိုဦးစားပေးခေါ်ယူရန်ကြိုးပမ်းနေသဖြင့် မန်ယူအသင်းတိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ကိုခေါ်ယူမည့်အစီအစဉ်မှာ ကြန့်ကြာလျက်ရှိကြောင်း သိရသည်။
- ❑ ဘိုင်ယန်မြူးနစ်အသင်းက လူငယ်ကစားသမား မူစီအာလာကို စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရခဲ့သော်လည်း စာချုပ်တွင် စာချုပ်ဖျက်သိမ်းကြေးဖြင့် အနာဂတ်တွင် ထွက်ခွာခွင့် ပါရှိမည်ဖြစ်ကြောင်း သိရသည်။ **ML**

## WBC စူပါလိုက်ဝိတ်တန်းလက်ရှိချန်ပီယံကာကွယ်ပွဲအဖြစ် ဒါဗင်ဟန်နေးနှင့် ရာမီရက်ဇ်တို့ ထိုးသတ်သွားမည်




**နယူးယောက် ဇန်နဝါရီ ၁၈**

WBC စူပါလိုက်ဝိတ်တန်းချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဒါဗင်ဟန်နေးသည် လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် အမေရိကန်လက်ဝှေ့သမား ရာမီရက်ဇ်နှင့် အမေရိကန်နိုင်ငံနယူးယောက်မြို့တွင် ဧပြီ ၂၀ ရက်၌ ထိုးသတ်သွားရန် သဘောတူညီချက်ရရှိခဲ့ပြီဖြစ်ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

ဒါဗင်ဟန်နေးသည် မတူညီသောဝိတ်တန်းငါးခု၏ ကမ္ဘာ့ချန်ပီယံဟောင်းဖြစ်သူဘာရွန်နာနှင့် ထိုးသတ်သွားရန် သတင်းများထွက်ပေါ်လာခဲ့သော်လည်း စိန်ခေါ်ပွဲမဖြစ်မြောက်ခဲ့ဘဲ ရာမီရက်ဇ်နှင့် ထိုးသတ်သွားရန် သဘောတူညီချက်ရရှိခဲ့သည်။

ဒါဗင်ဟန်နေးသည် WBC စူပါလိုက်ဝိတ်တန်းချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် ၂၀၂၄ ခုနှစ် ဧပြီလတွင် ဂါစီယာနှင့် ထိုးသတ်ခဲ့ပြီး ယင်းပွဲစဉ်တွင် ရှုံးနိမ့်ခဲ့ရသော်လည်း ဂါစီယာသည် သတ်မှတ်ကိုယ်အလေးချိန်ထက်ပိုနေ၍ ပွဲရလဒ်ကိုဖျက်သိမ်းခဲ့ရသည့် အတွက်ကြောင့်လည်း ဒါဗင်ဟန်နေးသည် ပထမဦးဆုံးသောရှုံးပွဲဖြင့် ရင်ဆိုင်ရမည့်အရေးဖြင့် လွဲချော်ခဲ့သည်။

ဒါဗင်ဟန်နေးသည် ရာမီရက်ဇ်နှင့် သဘောတူညီချက်ရရှိထားသောစာချုပ်တွင် ရှုံးနိမ့်ခဲ့ပါက ၂၀၂၅ ခုနှစ်အတွင်း မကျေပွဲစိန်ခေါ်ခွင့်ရရှိမည့် သဘောတူညီချက်ကိုလည်း ထည့်သွင်းချုပ်ဆိုထားသည်။

ဒါဗင်ဟန်နေးတို့နှင့်အတူ အမေရိကန်လက်ဝှေ့သမား ဂါစီယာသည်လည်း မက္ကဆီကိုလက်ဝှေ့သမားအိုင်ဆက်နှင့် ထိုးသတ်သွားမည်ဖြစ်သည်။

အိုင်ဆက်သည် WBA စူပါလိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆုံးရှုံးထားသူဖြစ်ပြီး ကမ္ဘာ့ချန်ပီယံအား ပြန်လည်ထိုးသတ်ခွင့်ရရှိရေးအတွက် ဂါစီယာနှင့်ထိုးသတ်သွားမည်ဖြစ်သော်လည်း ဂါစီယာသည်လည်း ကမ္ဘာ့ချန်ပီယံဟောင်းတစ်ဦးဖြစ်ပြီး ကမ္ဘာ့ချန်ပီယံခါးပတ်ကို ပြန်လည်ရယူလို၍ အိုင်ဆက်၏စိန်ခေါ်မှုကို လက်ခံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Ref : Xinhua**

**Trs : AZL**

## အေတီကိုကစားသမားဗာမီးရန်းကို ယူရိုသန်း ၂၀ ဖြင့် လိုက်ပ်ဇစ်ခေါ်ယူ




**ဘာလင် ဇန်နဝါရီ ၁၈**

လိုက်ပ်ဇစ်အသင်းသည် အေတီကိုအသင်းမှ ယူရိုငါးသန်းဖြင့် အငှားခေါ်ယူထားသည့် ကွင်းလယ်ကစားသမားဗာမီးရန်းကို ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ ဖြင့် အပြီးသတ်ခေါ်ယူနိုင်ခဲ့သည်။

အသက် ၁၉ နှစ်ရှိ လူငယ်ကစားသမားသည် နွေရာသီအပြောင်းအရွှေ့က အန့်ဝပ်အသင်းမှ အေတီကိုအသင်းသို့ ရောက်ရှိခဲ့သော်လည်း နည်းပြဆီမြွန်နီက ပွဲထွက်ခွင့် မပေးနိုင်သောကြောင့် ဘွန်ဒက်လီဂါကလပ် လိုက်ပ်ဇစ်အသင်းသို့ အငှားစာချုပ်ဖြင့် စေလွှတ်ခဲ့သည်။

၎င်းသည် လိုက်ပ်ဇစ်အသင်းတွင် အမှတ်ပေးပွဲ ၁၅ ပွဲအပါအဝင် ချန်ပီယံလိဂ်နှင့် ပိုကယ်ဖလားပြိုင်ပွဲတို့တွင်ပါဝင်ခဲ့ရာ ခြေစွမ်းပြသနိုင်ခဲ့၍ အငှားစာချုပ်မကုန်ဆုံးမီ လိုက်ပ်ဇစ်အသင်းက အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ကနဦးအငှားစာချုပ် ပြောင်းရွှေ့ကြေး ယူရိုငါးသန်းအပါအဝင် စုစုပေါင်းပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းထိ အသုံးပြုခဲ့ရကြောင်း သိရသည်။

နည်းပြမားကိုရို့စ်က "ဗာမီးရန်းကို အနာဂတ်စီမံကိန်းအတွက် ရည်ရွယ်ပြီး ခေါ်ယူခဲ့တာပါ။ လက်ရှိကွင်းလယ်ပိုင်းမှာလဲ နည်းပြရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တဲ့ လူငယ်ကစားသမားဖြစ်ပါတယ်။ လာမယ့် ဘိုချမ်နဲ့ပွဲစဉ်မှာလဲ ပွဲထွက်ခွင့်ပေးသွားမှာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**

## Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ Manager Meeting နှင့် အုပ်စုမဲခွဲပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၈**

Royal–D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ Manager Meetingနှင့် အုပ်စုမဲခွဲခြင်းအခမ်းအနားကို ယနေ့နေ့လယ် ၁၂ နာရီက M2K Sports Complex ရှိ ကော်မတီရုံးခန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးဇာနည်ကိုနှင့် ကော်မတီဝင်များ၊ နည်းပြအဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနား ပထမပိုင်းအဖြစ် ကော်မတီဥက္ကဋ္ဌ ဦးမျိုးဇာနည်ကိုက ပြိုင်ပွဲနှင့်ပတ်သက်၍ အမှာစကားပြောကြားခဲ့ပြီး ပြိုင်ပွဲကျင်းပရေးတာဝန်ခံ ဦးစောထွန်းမောင်က ပြိုင်ပွဲနှင့်ပတ်သက်သော စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး ကော်မတီ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

အခမ်းအနား ဒုတိယပိုင်းအဖြစ် အုပ်စုမဲခွဲမှုများကို ဆက်လက်ပြုလုပ်ခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

Royal–D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲကို Royal–D မှ အဓိက ကူညီပံ့ပိုးပေးထားပြီး ပြိုင်ပွဲဝင်အသင်း ၃၄ သင်းဖြင့် ဇန်နဝါရီ ၂၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အုပ်စုခွဲဝေမှုနှင့် ပွဲစဉ်ဇယားများကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# ONE 170ပြိုင်ပွဲတွင် မြန်မာဖိုက်တာနှစ်ဦးဖြစ်သည့် စိုးလင်းဦးနှင့် သန့်ဇင်တို့၏ တွဲဆိုင်းများပါဝင်မည်



**ဗန်ကောက် ဇန်နဝါရီ ၁၈**

ONE Championship က အပတ်စဉ် သောကြာနေ့များတွင် ကျင်းပလျက်ရှိသော မွေထိုင်းပြိုင်ပွဲဖြစ်သည့် ONE 170 ပြိုင်ပွဲတွင် မြန်မာဖိုက်တာနှစ်ဦး ဖြစ်သည့် စိုးလင်းဦးနှင့်သန့်ဇင်တို့၏ တွဲဆိုင်းများပါဝင်မည်ဖြစ်ကြောင်း သိရသည်။

စိုးလင်းဦးနှင့် သန့်ဇင်တို့၏ တွဲဆိုင်းများပါဝင်မည့် ONE 170 အမည်ရှိ မွေထိုင်းပြိုင်ပွဲကို ဇန်နဝါရီ ၂၄ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Impact Arena တွင် ကျင်းပသွားမည်ဖြစ်သည်။

မြန်မာဖိုက်တာ နှစ်ဦးဖြစ်သည့် စိုးလင်းဦးနှင့် သန့်ဇင်တို့သည် ပြီးခဲ့သည့် ၂၀၂၄ခုနှစ်မှစတင်ပြီး ONE Championshipနှင့် စာချုပ်ချုပ်ဆိုကာ ONE Championship က အပတ်စဉ်သောကြာနေ့များ၌ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပနေသည့် ONE ပြိုင်ပွဲများတွင် ဝင်ရောက်ထိုးသတ်လျက်ရှိနေပြီး နိုင်ပွဲများ ရယူနိုင်ခဲ့သူများဖြစ်ကြသည်။

ONE 170အမည်ရှိ မွေထိုင်းပြိုင်ပွဲတွင် စိုးလင်းဦး၊သန့်ဇင်တို့၏ တွဲဆိုင်းများအပါအဝင် စုစုပေါင်း တွဲဆိုင်း ၁၂ဆိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အဓိကတွဲဆိုင်းအဖြစ် ထိုင်းနိုင်ငံသားများ ဖြစ်သည့် တာဝမ်ချိုင်နှင့် စူပါဘွန်းတို့ ထိုးသတ်သွားမည်ဖြစ်ပြီးစိုးလင်းဦးသည် ကတ်ဝိတ်တန်းမွေထိုင်းပွဲစဉ်အဖြစ်ထိုင်းဖိုက်တာ ဆက်ဆန်နှင့်လည်းကောင်း၊ သန့်ဇင်သည်လည်း ကတ်ဝိတ်တန်းမွေထိုင်းပွဲစဉ်အဖြစ် ဆူရီယန်လတ်နှင့်လည်းကောင်း ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

STA

# The American Express ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဟော့မန်းနှင့်ရီကိုတို့ ပူးတွဲဦးဆောင်

**လာကွင်တာ ဇန်နဝါရီ ၁၈**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လာကွင်တာမြို့တွင်ကျင်းပနေသည့် The American Expressဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဟော့မန်းနှင့် ဖိလစ်ပိုင်ဂေါက်သီးရိုက်ကစားသမားရီကိုတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၆ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် မက်ဟက်ဘက်၊ ဂျက်စတင်လိုဝါနှင့် ဩစတြေးယားဂေါက်သီးရိုက်ကစားသမား စထရာကာတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဗိုလ်စွဲရန် ရေပန်းစားနေသည့် ကစားသမားများ စာရင်းတွင် ပါဝင်နေသည့် ဩစတြေးလျဂေါက်သီးရိုက် ကစားသမား ဂျက်ဆင်ဒေးနှင့် အမေရိကန်ဂေါက်သီးရိုက် ကစားသမား ဂျေဂျေစပေါင်းတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်စီလျော့ရိုက်ထားကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်ထားနိုင်သည့် ဟော့မန်းနှင့်ရီကိုတို့သည် ပထမနေ့တွင်လည်း ရိုက်ချက်တူညီခဲ့သလို ဒုတိယနေ့တွင် ရလဒ်အကောင်းဆုံးပြိုင်ပွဲဝင်နှစ်ဦးအဖြစ် ရပ်တည်ခဲ့ပြီးရိုက်ချက်များတူညီခဲ့သည်။



ဟော့မန်းသည် ပြီးခဲ့သည့်နှစ်အနည်းငယ်မှစတင်၍ ကျန်းမာရေးချို့တဲ့လာပြီး ပြိုင်ပွဲတချို့ကို လွဲချော်ခဲ့ရသလို လေ့ကျင့်မှုပိုင်းတွင်လည်း အချိန်မပေးနိုင်သည့်အတွက် စွမ်းဆောင်ရည်ပိုင်းကျဆင်းခဲ့ရသော်လည်း ၂၀၂၄ ခုနှစ်နှစ်ကုန်ပိုင်းမှစတင်၍ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာခဲ့သလို ပြင်ဆင်လေ့ကျင့်မှုများကိုလည်း ပြုလုပ်လာနိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက် ပြိုင်ပွဲများကို လာမည့်ဖေဖော်ဝါရီလတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲမှ Junior အဆင့်နှင့် ဝါသနာရှင်အဆင့် (အမျိုးသမီး) ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၅ရက်မှ ၇ရက်ထိ ရန်ကုန်မြို့ ဥက္ကလာဂေါက်ကွင်း၌လည်းကောင်း၊ Tour Proနှင့် Senior Pro အဆင့် ပြိုင်ပွဲများကိုဖေဖော်ဝါရီ ၁၇ရက်မှ ၂၀ရက်ထိ ငွေသော်တာဂေါက်ကွင်း၌လည်းကောင်း၊ ဝါသနာရှင်အဆင့်၊ သက်ကြီးတန်းဝါသနာရှင်အဆင့် ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၄ရက်မှ ၂၇ရက်ထိ ရန်ကုန်ဂေါက်ကလပ် (တည်ဉ်းကုန်း)တွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

Junior အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမျိုးသား ၁၂နှစ်အောက်သက်တမ်း၊ ၁၄နှစ်အောက်သက်တမ်း၊ ၁၈နှစ်အောက်သက်တမ်းနှင့်အမျိုးသမီး၁၈နှစ်အောက်သက်တမ်းဟူ၍ ခွဲခြားကျင်းပသွားမည်ဖြစ်ကာ ဝါသနာရှင်အဆင့်တွင် အမျိုးသား(H’cap 0–12) အဆင့်နှင့် အမျိုးသမီး (H’ cap 0–18) ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်ကာ အဆိုပါပြိုင်ပွဲကို R&A Rule Limited နှင့် USGAတို့၏ Rule of Golf 2023 ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရ စည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ စာရင်းပေးသွင်းမှုနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကိုMyanmar Golf Federation မှ မကြာမီထပ်မံထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ခါဗီချာကို အပြီးသတ်ခေါ်ယူခဲ့ကြောင်း ပီအက်စ်ဂျီအသင်း ထုတ်ပြန်

**ပဲရစ် ဇန်နဝါရီ ၁၈**

ပီအက်စ်ဂျီ အသင်းသည် နာပိုလီအသင်း တောင်ပံတိုက်စစ်မှူး ခါဗီချာကို ပြောင်းရွှေ့ကြေး ယူရို သန်း ၆၀ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

ပီအက်စ်ဂျီ အသင်းသည် အသက် ၂၃ နှစ်ရှိ ခါဗီချာအတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၆၀ အပြင် ခြေစွမ်းပိုင်းပေါ် မူတည်ကာ အပိုဆုကြေး ယူရို ၁၀သန်း ထပ်မံပေးချေမည်ဖြစ်ပြီး ၂၀၂၉ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ခါဗီချာသည် အသင်းနှင့် ၂၀၂၇ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ကစားသမား၏ခြေစွမ်းပိုင်းကြောင့် ဥရောပထိပ်သီး အသင်းများဖြစ်သည့် မန်ယူအသင်း၊ လီဗာပူးအသင်းနှင့် ဘာစီလိုနာအသင်းတို့က ခေါ်ယူရန် ကြိုးပမ်းခဲ့သဖြင့် အသင်းတာဝန်ရှိသူများက စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ရာ ငြင်းဆိုခဲ့ခြင်းကြောင့် အပြီးသတ်ရောင်းချခဲ့ခြင်းဖြစ်သည်။

၎င်းသည် ၂၀၂၂ ခုနှစ်က ဂျော်ဂျီယာကလပ် ဒိုင်နမိုဘာတူမီအသင်းမှ နာပိုလီအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၁၃ ဒသမ ၃ သန်းဖြင့်ရောက်ရှိခဲ့ပြီး ပွဲဦးထွက်ဘောလုံးရာသီတွင် အမှတ်ပေးပွဲ ၃၄ ပွဲ၌ သွင်းဂိုး ၁၂ ဂိုးထိသွင်းယူ၍ အသင်းကို နှစ်ပေါင်း ၃၃နှစ်ကြာ ဝေးကွာနေသည့် စကူဒက်တိုချန်ပီယံဖလား ရယူပေးနိုင်ခဲ့သဖြင့် စီးရီးအေပြိုင်ပွဲတွင် တန်ကြေးအကြီးဆုံးကစားသမားတစ်ဦးဖြစ်လာသည်။

ခါဗီချာသည် ယခုနှစ်တွင်လည်း ပြိုင်ပွဲစုံ ၁၉ ပွဲတွင် သွင်းဂိုးငါးဂိုးထိသွင်းယူနိုင်ခဲ့သည့်အတွက် ပီအက်စ်ဂျီအသင်းနည်းပြ အန်းနရစ်က လက်ရှိအမှတ်ပေးဖလားကို ဆက်လက် ထိန်းသိမ်းလိုသောကြောင့် ၎င်းကိုခေါ်ယူခဲ့ကြောင်း သိရသည်။

Ref : ESPN

Trs : ML

# တိုက်စစ်မှူး ဒီလိုဖူး ဒူးဒဏ်ရာကြောင့် ကစားသမားဘဝမှ အနားယူရန်ဆုံးဖြတ်

**ရောမ ဇန်နဝါရီ ၁၈**

အူဒီးနီးစ်အသင်းတွင် ကစားနေသည့် တိုက်စစ်မှူး ဒီလိုဖူးက ဒူးဒဏ်ရာပြဿနာကြောင့် အသင်းနှင့် နှစ်ဖက်သဘောတူ စာချုပ်ဖျက်သိမ်း၍ ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။


အသက် ၃၀ ရှိ တိုက်စစ်မှူးသည် ဘာစီလိုနာအသင်း၊ ဝက်ဖို့ဒ်အသင်းနှင့် အဲဗာတန်အသင်းတို့တွင် ကစားခဲ့စဉ်ကတည်းက ဒူးဒဏ်ရာပြဿနာ မကြာခဏကြုံတွေ့နေရပြီး ငါးနှစ်ကြာသည်ထိ ဒဏ်ရာပျောက်ခဲ့ခြင်း မရှိသောကြောင့် ပရော်ဖက်ရှင်နယ်ကစားသမားဘဝအဆုံးသတ်ရန်ဆုံးဖြတ်ခဲ့သည်။

လက်ရှိတွင် ဒီလိုဖူးသည် ၂၀၂၃ ခုနှစ်ကတည်းက အူဒီးနီးစ်အသင်းအတွက် ပါဝင်ကစားနိုင်ခြင်းမရှိခြင်းကြောင့် လာမည့်ရက်ပိုင်းအတွင်း အသင်းတာဝန်ရှိသူများနှင့်တွေ့ဆုံကာ နှစ်ဖက်သဘောတူစာချုပ် ဖျက်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

ဒီလိုဖူးက "လွန်ခဲ့တဲ့နှစ်နှစ်ကတည်းက နာပိုလီအသင်းနဲ့ပွဲမှာ အရွတ်ထိခိုက်မှုကြောင့် အနားယူခဲ့ရတာပါ။ ဒဏ်ရာပြန်ကောင်းချိန်မှာ ဆမ့်ဒိုးရီးယားနဲ့ပွဲကို ပါဝင်ခဲ့ပေမယ့် ဒဏ်ရာဆိုးရွားလာတာကြောင့် ခွဲစိတ်မှုလုပ်ခဲ့ရပါတယ်။ ကျွန်တော့်အနေနဲ့ နှစ်နှစ်အတွင်း ဒဏ်ရာတွေနဲ့ ရုန်းကန်နေရလို့ ကစားသမားဘဝက အနားယူဖို့ ဆုံးဖြတ်ခဲ့တာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML



# ဂျပန်ဝန်ကြီးချုပ်၏ အရှေ့တောင်အာရှခရီးစဉ် အလားအလာ

ဝင်းဇင်(သုတေသန)

ဂျပန်ဝန်ကြီးချုပ် အီရှီဘာရှိဂဲရုသည် ဇန်နဝါရီ ၁၀ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဂျပန်ဝန်ကြီးချုပ် အီရှီဘာရှိဂဲရုအနေဖြင့် လေးရက်ကြာ အရှေ့တောင်အာရှခရီးစဉ်အတွင်း အင်ဒိုနီးရှားနိုင်ငံသို့လည်း သွားရောက်ရန် စီစဉ်ထားရှိသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် မလေးရှားဝန်ကြီးချုပ် အန်ဝါအီဗရာဟင်၏ ရုံးစိုက်ရာ ပူထရာရာဂျာမြို့ရှိ Perdana Putra Complex ၌ တွေ့ဆုံဆွေးနွေးပြီးနောက် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ၎င်းတို့နှစ်ဦး၏ ဆွေးနွေးမှုများ၌ စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာများ လွှမ်းခြုံပါဝင်ကြောင်း ပြောဆိုခဲ့သည်။

မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က ယခုပြုလုပ်ခဲ့သော နှစ်နိုင်ငံဆွေးနွေးပွဲသည် မိမိကြုံတွေ့ခဲ့သည့် ဆွေးနွေးပွဲများအနက် ထိရောက်မှုအရှိဆုံးဖြစ်ကြောင်း၊ ဂျပန်ဝန်ကြီးချုပ် အီရှီဘာရှိဂဲရုအနေဖြင့် မလေးရှားနိုင်ငံကို အဓိကကျသောမိတ်ဖက်အဖြစ် သဘောထားမှုအပေါ် များစွာဂုဏ်ယူမိပါကြောင်း ပြောကြားခဲ့သည်ဟု မလေးရှားနိုင်ငံပိုင် သတင်း အေဂျင်စီ Bernama က ဖော်ပြသွားခဲ့သည်။


ဝန်ကြီးချုပ် နှစ်ဦး၏ ဆွေးနွေးပွဲ၌ အဓိကအကြောင်းအရာများမှာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က ဂျပန်နိုင်ငံနှင့် မလေးရှားနိုင်ငံပိုင် စွမ်းအင်ကုမ္ပဏီကြီးဖြစ်သည့် Petronas တို့ကြား ကာလရှည်ကြာ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုနှင့် မလေးရှားနိုင်ငံ၏ သန့်ရှင်းသော စွမ်းအင်မူဝါဒအတွက် ကာဗွန်ထိန်းချုပ်မှုနှင့် သိုလှောင်မှုအပါအဝင် ဂျပန်နိုင်ငံ၏ နည်းပညာအရေးပါမှုတို့ကို အသိအမှတ်ပြုပြောကြားခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် ပညာရေး၊ သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် ပါလက်စတိုင်းပြည်သူများဖွံ့ဖြိုးတိုးတက်မှုတို့တွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းလာစေရန် သဘောတူညီခဲ့ကြသည်။ မလေးရှားနိုင်ငံအနေဖြင့် ရေဒီယိုသတ္တိကြွမှုမရှိသော မြေရှားဒြပ်စင်ထုတ်လုပ်မှုစက်ရုံတည်ဆောက်ရာတွင် ဂျပန်နိုင်ငံ၏ အကူအညီရယူသွားမည်ဖြစ်ကြောင်းလည်း မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က ပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် အီရှီဘာရှိဂဲရုနှင့် မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်တို့သည် မလေးရှား-ဂျပန် နှစ်နိုင်ငံဆက်ဆံရေး၊ အထူးသဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုတို့တွင် တိုးတက်မှုများ ပြန်လည်သုံးသပ်ရန် မျှော်မှန်းထားရှိကြောင်း၊ ၎င်းတို့အနေဖြင့် အရှေ့အလယ်ပိုင်းအခြေအနေအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာအရေးများအပေါ်တွင်လည်း အမြင်ချင်း ဖလှယ်သွားမည်ဖြစ်ကြောင်းလည်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဆွေးနွေးပွဲမတိုင်မီ ထုတ်ပြန်ချက်တစ်ရပ်၌ ဖော်ပြခဲ့သည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ဝန်ကြီးချုပ်တာဝန် စတင်ထမ်းဆောင်စဉ်ကတည်းက ပထမဆုံးပြည်ပခရီးစဉ်ဖြစ်သည့် အီရှီဘာ၏ လေးရက်ကြာ အရှေ့တောင်အာရှခရီးစဉ်သည် ဒေသတွင်း ကာကွယ်ရေးနှင့် စီးပွားရေးဆိုင်ရာဆက်ဆံရေး ခိုင်မာအားကောင်းလာစေရန် ရည်မှန်းထားရှိသည်။ အရှေ့တောင်အာရှဒေသသည် အမေရိကန်နှင့် တရုတ်တို့ယှဉ်ပြိုင်မှု၏ ဗဟိုချက်မဖြစ်လာလျက်ရှိသည်။

ဂျပန်ဝန်ကြီးချုပ် အီရှီဘာရှိဂဲရုအနေဖြင့် မလေးရှားနိုင်ငံသို့ မထွက်ခွာမီ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ရာ၌ မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံသို့ ၎င်း၏ချစ်ကြည်ရေးခရီးစဉ်သည် ပထဝီနိုင်ငံရေး




ဆိုင်ရာ အရေးပါလာလျက်ရှိသည့် အရှေ့တောင်အာရှဒေသအပေါ် ဂျပန်အစိုးရအဖွဲ့၏ အာရုံစိုက်မှု ဆက်လက်ထိန်းသိမ်းသွားလိုသော ဆန္ဒကိုထင်ဟပ်ပေါ်လွင်စေလျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။ နိုင်ငံတကာအသိုက်အဝန်းသည် မသေချာမရေရာဖြစ်လာလျက်ရှိသောကြောင့် ဂျပန်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများနှင့် ဆက်ဆံရေးအပေါ် ပိုမိုတန်ဖိုးထားလိုပါကြောင်း သတင်းထောက်များကို ပြောကြားသွားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် အီရှီဘာရှိဂဲရုက မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ဂျပန်နိုင်ငံအတွက် အဓိကစွမ်းအင်တင်ပို့နေသည့် နိုင်ငံများဖြစ်ကြောင်းနှင့် မိမိတို့ကို စွမ်းအင်ပုံမှန်တင်ပို့ရောင်းချသွားရန် ၎င်းတို့အားတိုက်တွန်းသွားမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆက်လက်ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်းကိုလည်း ပြောကြားသွားခဲ့သည်။

အမှန်တွင် ဂျပန်နိုင်ငံသည် မလေးရှားနိုင်ငံ၏ အရေးပါသော စီးပွားရေးမိတ်ဖက်နိုင်ငံများအနက်မှ တစ်နိုင်ငံပင်ဖြစ်သည်။ ထို့ပြင် ဂျပန်နိုင်ငံသည် မလေးရှားနိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စတုတ္ထမြောက် အများဆုံးရင်းနှီးမြှုပ်နှံလျက်ရှိသည့်အပြင် စတုတ္ထမြောက်အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံလည်းဖြစ်သည်။ ၂၀၂၃ ခုနှစ်အတွင်း နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၄၁ ဘီလီယံရှိခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် အီရှီဘာရှိဂဲရုသည် မလေးရှားခရီးစဉ်မတိုင်မီ သတင်းထောက်များကို ပြောကြားသွားခဲ့ရာ၌ လုံခြုံရေးဆိုင်ရာကိစ္စများသည်လည်း ဆွေးနွေးမည့်အစီအစဉ်တွင် ပါဝင်မည်ဖြစ်ကြောင်း၊ စင်စစ်အားဖြင့် ကာကွယ်ရေးဆိုင်ရာကိစ္စများ၊ အထူးသဖြင့် ပင်လယ်ရေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၂၃ ခုနှစ်အတွင်း ဂျပန်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့ကြား ပြီးပြည့်စုံသော မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (CSP) ၏ အရေးပါသောအစိတ်အပိုင်းဖြစ်ကြောင်း၊ မိတ်ဖက်ဆက်ဆံရေး (CSP)သဘောတူညီချက် တစ်စိတ်တစ်ဒေသအနေဖြင့် နှစ်ဖက်စလုံးသည် ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့နှင့် မလေးရှားပင်လယ်ရေကြောင်းတရားဥပဒေစိုးမိုးရေးအေဂျင်စီတို့ကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းလာစေရန် ရည်ရွယ်ထားကြောင်းလည်း ပြောကြားသွားခဲ့သည်။

ဇန်နဝါရီ ၁၁ ရက်တွင် ပြုလုပ်ခဲ့သည့် ဂျပန်ဝန်ကြီးချုပ် အီရှီဘာရှိဂဲရုနှင့် အင်ဒိုနီးရှားသမ္မတပရာဘိုဝိုတို့ကြား တွေ့ဆုံဆွေးနွေးမှုများတွင်လည်း ကာကွယ်ရေးဆိုင်ရာကိစ္စနှင့် လွှမ်းမိုးနေမည်ဟု မျှော်မှန်းထားရှိသည်။ ယခင်ကာကွယ်ရေးဝန်ကြီးဟောင်းများဖြစ်သည့် နှစ်နိုင်ငံခေါင်းဆောင်များသည် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် လက်နက်လွှဲပြောင်းမှုတို့အပေါ် အလေးထားသွားမည်ဟု မျှော်မှန်းထားရှိသည်။ ဂျပန်နိုင်ငံ၏ မြန်နှုန်းမြင့်ကမ်းခြေစောင့်စစ်ရေယာဉ်များကို အင်ဒိုနီးရှားကမ်းခြေစောင့်တပ်ဖွဲ့သို့ လွှဲပြောင်းသွားရေးအတွက် စာချုပ်ချုပ်ဆိုသွားမည်ဟု မျှော်မှန်းထားရှိသည်။

ဇန်နဝါရီလ ဒုတိယပတ်အစောပိုင်းတွင် အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီး ဆာဂျာဖရီဆာဂျမ်ဆိုဒင်သည် စစ်ဘက်နည်းပညာလွှဲပြောင်းရေးဆိုင်ရာဆွေးနွေးပွဲများအတွက် ဂျပန်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး နာကာတာနီကို လက်ခံတွေ့ဆုံဆွေးနွေးခဲ့သည်။ အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဖရီဂါဖာဒီနန်ဝက်နာကဝန်ကြီး နှစ်ဦး၏ တွေ့ဆုံဆွေးနွေးမှုများသည် အင်ဒိုနီးရှားနိုင်ငံ၏ စစ်ဘက်စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်မည့် နည်းပညာလွှဲပြောင်းပေးမှုများ ဖြစ်ပေါ်လာလိမ့်မည်ဟု မျှော်မှန်းထားကြောင်း ပြောကြားသွားခဲ့သည်။ စင်စစ်အားဖြင့် ဂျပန်နိုင်ငံသည် စိတ်တူကိုယ်တူနိုင်ငံများနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအစီအစဉ်အရ အင်ဒိုနီးရှားနိုင်ငံသို့ ကာကွယ်ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်သွားရန် စီစဉ်ထားရှိသည်။

ဂျပန်ဝန်ကြီးချုပ် အီရှီဘာရှိဂဲရုအနေဖြင့် ၎င်း၏ ပထမဆုံးသော ပြည်ပခရီးစဉ်အတွက် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံကို ရွေးချယ်ခဲ့ခြင်းသည် ယခင်ဝန်ကြီးချုပ်ဟောင်း ကီရှီဒါဖူမီရို၏ ဆက်ဆံရေးအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားရှိနိုင်ရန်ပင်ဖြစ်သည်။ ဝန်ကြီးချုပ်ဟောင်း ကီရှီဒါဖူမီရိုသည် ဒေသတွင်းနိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုကို သိသိသာသာတိုးချဲ့ဆောင်ရွက်ခဲ့ပြီး အထူးသဖြင့် လုံခြုံရေးဆိုင်ရာနယ်ပယ်တွင် ထိတွေ့ဆက်ဆံမှု မြှင့်တင်ဆောင်ရွက်ခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း ကီရှီဒါဖူမီရိုလက်ထက်တွင် ဂျပန်နိုင်ငံသည် ၂၀၂၃ ခုနှစ်နှောင်းပိုင်း၌ ဗီယက်နမ်နိုင်ငံနှင့် ပြီးပြည့်စုံသော မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးထူထောင်ရန် ကြေညာခဲ့သည်။ ၎င်းဆက်ဆံရေးတွင် ပင်လယ်ရေကြောင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု၊ နည်းပညာလွှဲပြောင်းပေးမှုများနှင့် ဂျပန်နိုင်ငံ၏ ကာကွယ်ရေးပစ္စည်းများ လွှဲပြောင်းပေးခြင်းဆိုင်ရာ စီမံကိန်းများပါဝင်သည်။

ဂျပန်နိုင်ငံသည် ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ဖိလစ်ပိုင်နိုင်ငံနှင့် တပ်ဖွဲ့များအပြန်အလှန်သွားရောက်လည်ပတ်ရေးစာချုပ် လက်မှတ်ရေးထိုးလျက် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခဲ့သည်။ ၎င်းစာချုပ်အရ ဂျပန်နှင့်ဖိလစ်ပိုင်တပ်ဖွဲ့များသည် ပူးတွဲစစ်ရေးလေ့ကျင့်ခန်းများနှင့် အခြားသော ပူးပေါင်းဆောင်ရွက်မှုလှုပ်ရှားမှုများအတွက် တစ်နိုင်ငံချင်းစီ၏ ပိုင်နက်နယ်မြေသို့ ဝင်ရောက်ခွင့်ရရှိစေမည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ အကျိုးစီးပွားများ ပံ့ပိုးမှုပေးနိုင်သော်လည်း ခြိမ်းခြောက်မှုမဖြစ်ပေါ်စေသဖြင့် အရှေ့တောင်အာရှနိုင်ငံများအတွက် ရွေးချယ်ရန် မိတ်ဖက်နိုင်ငံအဖြစ် ရှုမြင်ခြင်းခံရသည်။ ထို့ကြောင့် ဒေသတွင်း တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ တည်ရှိမှု မြင့်တက်လာမှုအပေါ် ဟန်ချက်ထိန်းညှိနိုင်စေသည်။ အရှေ့တောင်အာရှရှိ နိုင်ငံတချို့သည် တောင်တရုတ်ပင်လယ်နှင့် အရှေ့တရုတ်ပင်လယ်အရေးတို့နှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ အခိုင်အမာတောင်းဆိုမှုများနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုမြင့်တက်လျက်ရှိသည်။

အချုပ်ဆိုရလျှင် ဂျပန်နိုင်ငံအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများနှင့် စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတောင့်တင်းခိုင်မာအားကောင်းလာစေရေး ရည်မှန်းချက်ဖြင့် ဂျပန်ဝန်ကြီးချုပ် အီရှီဘာရှိဂဲရုသည် ဇန်နဝါရီ ၉ ရက်တွင် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံသို့ လေးရက်ကြာခရီးစဉ် စတင်ခဲ့သည်။ ထို့ပြင် ဂျပန်နိုင်ငံသည် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ကို အားပေးထောက်ခံမှုနှင့် ဒေသတွင်း၌ စည်းမျဉ်းစည်းကမ်းအခြေခံသော အခင်းအကျင်း ခိုင်မာအားကောင်းသေချာစေရေးတို့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို အရေးကြီးသော မိတ်ဖက်နိုင်ငံများအဖြစ် သဘောထားလျက်ရှိသည်။

**ကိုးကား**

- **Japan, Malaysia Pledge to Strengthen Economic, Security Tie by The Diplomat.**
- **Japan PM travels to Malaysia, for summit talks by Kyodo News.**

# တာတေနှင့် ရမ္မက်သားကောင် ဇာတ်လမ်းကို ဇန်နဝါရီလ တတိယပတ်အတွင်း ထုတ်လွှင့်တင်ဆက်သွားမည်




**ရန်ကုန် ဇန်နဝါရီ ၁၈**

Shwe Stream Application မှ တာတေနှင့် ရမ္မက်သားကောင် ဇာတ်လမ်းကို ဇန်နဝါရီလတတိယပတ်အတွင်း ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ရွှေဇင်မင်းကျော် ထံမှ သိရသည်။

အဆိုပါ တာတေနှင့်ရမ္မက်သားကောင်ဇာတ်လမ်းကို စာရေးဆရာ တာတေ၏ဝတ္ထုကို (A-1) ဦးလှဝင်းက ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာ ရွှေဇင်မင်းကျော်က ထက်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပုံဖော်ရိုက်ကူးထားခြင်းဖြစ်သည်။

"ဒီဇာတ်လမ်းကလဲ ပရိသတ်သဘောကျတဲ့ လျှို့ဝှက်ဆန်းကြယ် ဂမ္ဘီရ ဇာတ်လမ်းတွဲတွေထဲက ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ အခုဇာတ်လမ်းကတော့ ကိုပန်းအောင်ဆိုတဲ့ လူကဆုံးသွားတဲ့ဇနီးကို တွေ့လိုဇောနဲ့ သူများတွေပြောတဲ့အတိုင်း လုပ်ခဲ့ရာက ဒုက္ခနဲ့တွေ့တဲ့အခါ တာတေဆီကို ရောက်လာကာ တာတေဖြေရှင်းပေးခဲ့ပြီးနောက် သာလာယဆိုတဲ့ ဆရာတစ်ယောက်က သိုက်တူးဖို့အတွက်တာတေကို အကူအညီလာတောင်းခဲ့ရာကနေ တာတေလက်ခံလိုက်ပြီး သိုက်သွားတူးတဲ့အခါ ဘာတွေဆက်ဖြစ်ကြမလဲဆိုတာ ကြည့်ရှုခံစားပေးကြပါအုံး" ဟု ဒါရိုက်တာ ရွှေဇင်မင်းကျော်က ပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် နေခနေ၊ ဒေါင်းဝေ၊ ကျော်သစ်၊ နေသစ်ခန့်၊ မျိုးကြီး၊ အိမြတ်၊ ကလျာနဒီ နှင့် သရုပ်ဆောင်များ ပါဝင်ထားကြောင်းလည်း သိရသည်။ ASH

# Scream -7ဇာတ်ကား၌ မင်းသား ဂျိုဖက်ဟဲ ပါဝင်သရုပ်ဆောင်နေ

**နယူးယောက် ဇန်နဝါရီ ၁၈**

Paramount ရုပ်ရှင် ကုမ္ပဏီ၏ Scream-7 ဇာတ်ကား၌ မင်းသား ဂျိုဖက်ဟဲလည်း ပါဝင်သရုပ်ဆောင်နေကြောင်း ဇန်နဝါရီ ၁၇ ရက် သတင်းများအရ သိရသည်။

Scream-7 ဇာတ်ကား၌ မင်းသား ဂျိုဖက်ဟဲသည် Scream ဇာတ်ကားများ၏ ပင်တိုင်ဇာတ်ကောင်တစ်ကောင် ဖြစ်ကာ ဆစ်ဒန်ပရက်စကော့၏ ခင်ပွန်းသည် မာ့အိဗန်အဖြစ် သရုပ်ဆောင်ရမည်ဖြစ်ကြောင်းသိရသည်။

Scream-7 ဇာတ်ကား၏ ဆစ်ဒန်ပရက်စကော့ ဇာတ်ကောင်နေရာတွင် မင်းသမီး ကမ်းဘဲက သရုပ်ဆောင်ထားသည်။

လက်ရှိအချိန်တွင် မင်းသား ဂျိုဖက်ဟဲသည် အတ္တလန္တာမြို့၌ ရိုက်ကူးနေသော Scream-7 ဇာတ်ဝင်ခန်းများ၌ ပါဝင်နေပြီဖြစ်ကြောင်း သိရသည်။

Scream-7ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ရိုင်းဘူးဆစ်က ရေးသားပေးထားပြီး ဒါရိုက်တာကီဗင်ဝီလျံဆင်က ရိုက်ကူးနေခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် ရုံတင်ပြသရန် Paramount ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# The Roger and Van Hall Foundation (USA)နှင့် ဝေဠုကျော်ဖောင်ဒေးရှင်းက ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်ရှိ အိမ်ထောင်စု ၃၀၀ ကို ဆန်၊ အနွေးထည်များ လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁၈**

The Roger and Van Hall Foundation(USA) နှင့် ဝေဠုကျော်ဖောင်ဒေးရှင်းတို့ ပူးပေါင်းကာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ အိမ်ထောင်စု ၃၀၀ ကို ဆန်နှင့် အနွေးထည်များ လှူဒါန်းခြင်းကို ဇန်နဝါရီလ ၁၇ ရက်က ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင်ဝေဠုကျော်ထံမှ သိရသည်။

အဆိုပါ လှူဒါန်းရာတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ မိသားစု ၃၀၀ အတွက် မိသားစု တစ်စုလျှင် ဆန်နှစ်ပြည်နှုန်း၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများအတွက် အနွေးထည်များကိုလည်း ထည့်သွင်း လှူဒါန်းခဲ့ကြောင်း သိရသည်။

"ဒီနေ့အလှူကတော့ The Roger and Van Hall Founda-tion (USA) နဲ့ ဝေဠုကျော်




ဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီးတော့ လှူဒါန်းတဲ့အလှူလေးပါ။ ဝိုင်းပြီး လှူဒါန်းပေးကြတဲ့ အလှူရှင်တွေ အားလုံးကိုလဲ ကျေးဇူးအထူးတင်ရှိပါတယ်။ အမှန်တကယ်လိုအပ်တဲ့နေရာတွေကို လှူဒါန်းခွင့်ရလို့ လဲပီတိဖြစ်ရပါတယ်။ အလှူရှင်တွေအားလုံးလဲ ကျန်းမာအသက်ရှည်ပြီး လိုအင်ဆန္ဒများပြည့်ဝကြပါစေ" ဟု သရုပ်ဆောင်ဝေဠုကျော်က ပြောပြသည်။

အဆိုပါအလှူတွင် The Rog-er and Van Hall Foundation(USA) မှ စေတနာရှင်၊ အလှူရှင်များ၊ ဝေဠုကျော်ဖောင်ဒေးရှင်းမှ သရုပ်ဆောင်ဝေဠုကျော် နှင့် ဇနီးဖြစ်သူ ရေကြည်ချမ်းမြတို့က ဆန်၂၅ အိတ်နှင့် အနွေးထည် အရွယ်အစားစုံအထည် ၁၀၀ ခန့် တို့ကို လှူဒါန်းခဲ့ကြပြီး တန်ဖိုးမှာ ငွေကျပ် သိန်း ၂၀ ခန့်ဖြစ်ကြောင်း သိရသည်။ ASH

# ယူနီဗာဆယ်၏ Wicked ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ ဒေါ်လာသန်း ၇၀၀ ကျော်လွန်

**နယူးယောက် ဇန်နဝါရီ ၁၈**

ယူနီဗာဆယ်ကုမ္ပဏီ၏ Wi-cked ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေသည် ဇန်နဝါရီ ၁၆ ရက်တွင် အမေရိကန်ဒေါ်လာသန်း ၇၀၀ ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၇ ရက်သတင်းများအရ သိရသည်။

ဇန်နဝါရီ ၁၆ ရက်တွင် Wicked ဇာတ်ကား၏ နိုင်ငံတကာ ဈေးကွက်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၄၀ ဒသမ ၄ သန်းရှိခဲ့ပြီး ပြည်တွင်း ဈေးကွက်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၆၀ ဒသမ ၆ သန်းထိရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ Wicked ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း ယူနီဗာဆယ်ကုမ္ပဏီက ကြေညာထားသည်။

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီသည် Wicked ဇာတ်ကားကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင်စတင်ရုံတင်ခဲ့ပြီဖြစ်သည်။

ယူနီဗာဆယ် ကုမ္ပဏီသည် Wicked ဇာတ်ကားကို လာမည့် မတ် ၇ ရက်တွင် ဂျပန်ရုပ်ရှင်ဈေးကွက်၌ ဆက်လက်ရုံတင်ပြသမည်ဖြစ်သည်။

Wicked ဇာတ်ကားကို ဒါရိုက်တာ ဂျွန်အမ်ချူးက တာဝန်ယူရိုက်ကူးပေးထားပြီး မင်းသမီး ဆိုင်သီယာအာရီဗိုးနှင့် အာရီယာနာဂရန်ဒီတို့ ပါဝင်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**




# တေးသံရှင် ဂျက်မြသောင်း၏ တေးဂီတဖျော်ဖြေပွဲကို မြောက်ဥက္ကလာပမြို့နယ်ရှိ The Transporter Bar ၌ ပြုလုပ်မည်ဖြစ်

**ရန်ကုန် ဇန်နဝါရီ ၁၈**

တေးသံရှင်ဂျက်မြသောင်း၏ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ The Transporter Bar ၌ ဇန်နဝါရီလ ၁၉ ရက် တွင်ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ဂျက်မြသောင်းထံမှ သိရသည်။

အဆိုပါ တေးသံရှင် ဂျက်မြသောင်း၏ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်ဂျက်မြသောင်းနှင့်အတူ The Transporter ၏ ပင်တိုင်အဆိုတော်များကလည်း အားဖြည့် သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Transporter Music Band မှ အကောင်းဆုံးတီးခတ် ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ Sunday Night မှာ Transporter Music Band နဲ့အတူ ဖျော်ဖြေပေးမှာ ဖြစ်ပါတယ်။ The Transporter ရဲ့ In-House Vocals တွေကလဲ အင်ပြည့်အားဖြည့် ပါဝင် ဖျော်ဖြေတင်ဆက်ကြမှာပါ။ DJ နဲ့ Band ရောရသနှစ်မျိုး ပေးစွမ်းတဲ့ ရန်ကုန်မြို့ရဲ့ အမိုက်စားဖျော်ဖြေ တင်ဆက်မှုတွေကို Transporter မှာ ခံစားနိုင်တာမို့ Sunday Night မှာ ဆုံကြပါစို့" ဟု တေးသံရှင် ဂျက်မြသောင်းက ပြောသည်။

တေးသံရှင် ဂျက်မြသောင်း၏ ဖျော်ဖြေမှုအစီအစဉ်ကို The Transporter Bar တွင် ဇန်နဝါရီ ၁၉ ရက် ညနေခြောက်နာရီခွဲမှ စတင်ဖျော်ဖြေမည်ဖြစ်ကြောင်း တေးသံရှင် ဂျက်မြသောင်းက ပြောပြ၍ သိရသည်။ ASH

# Sagaing Township successfully harvests 3,125 acres of pigeon pea with promising yields



Farmers harvesting pigeon peas in a field.

**Sagaing January 18**

In the Sagaing Township of Sagaing District, Sagaing Region, the harvesting of 3,125 acres of pigeon pea, planted during this year's monsoon cropping season, has been completed, according to records from the Sagaing Township Agriculture Department.

This year, during the monsoon cropping period in Sagaing Township, pigeon pea was planted on a total of 19,752 acres. Harvesting began in December 2024, and as of today, 3,125 acres have been harvested, with an average yield of 16.89 baskets per acre.

"This year, during the monsoon cropping season, over 19,000 acres of pigeon pea have been cultivated in Sagaing Township. Currently, the black gram fields are being harvested, and over 3,000 acres have already been harvested as of today. The harvesting process is ongoing. Efforts are being made to ensure good crop yields. Farmers are cultivating pigeon pea as a standalone crop as well as an intercropped plant," said U Myo Thant Aung, the head of the Sagaing Township Agriculture Department.

This year, the Sagaing Township Agriculture Department has provided farmers cultivating pigeon pea with technical assistance in selecting high-quality seeds, adopting proper cultivation techniques, managing pest risks, and improving crop yields.

To support farmers cultivating pigeon pea in Sagaing Township, the Agriculture Department has also promoted cost-saving methods by encouraging the use of urea and lime mixture fertilizers. This technique helps reduce production costs while ensuring pest-free crops and healthy plant growth. 206

# Kidney bean planted on more than 1,700 acres of croplands in Indaw Township

**Indaw January 18**

Local farmers planted 1,785 acres of kidney bean as cold season crops in Indaw Township of Sagaing Region, according to the Indaw Township Agriculture Department.

Local authorities earmarked 3,314 acres of kidney bean in the township in 2024-25 cold season but farmers planted 1,785 acres of crops against the target cultivation.

U Thein Khaing, Head of Indaw Township Agriculture Department, disclosed: "Local farmers have so far planted more than 1,000 acres of kidney bean against the target of over 3,000 acres this cold season. Our department provides quality strains of crops, agricultural inputs and post-harvest technology for local farmers to boost per-acre yield of quality crops."

Officials from the Township Agriculture Department raise farmer awareness to expand sown acreage of kidney bean, boosting per-acre yield of crops, and using GAP system and quality seeds.



A thriving kidney bean plantation.

The crops planted in GAP system can have higher quality than other crops planted in conventional methods, and fetch higher prices in the domestic and international markets.

206

# Mawlaik Township cultivates over 2,000 acres of winter vegetables

**Mawlaik January 18**

A total of 2,629 acres of vegetables have been planted during this year's winter crops planting season in Mawlaik Township, Mawlaik District, Sagaing Region, according to statistics from the Department of Agriculture for Mawlaik District.

During the 2024-2025 winter crops planting season, 2,679 acres of vegetables are planned to be planted in Mawlaik Township, and since October 2024, 2,629 acres have been planted.

"They planted mustards, chilis, spices, potatoes, cabbages, and eggplants. We provide technology to farmers so that they can grow all vegetables using the GAP system. We are providing farmers with techniques to grow healthy crops with as little chemical residue as possible," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

This year, the Township Department of Agriculture has provided technical training to vegetable growers in Mawlaik Township to cultivate using the GAP system, techniques to make the healthy vegetables produced from the fields, and to encourage the vegetable growers to expand the cultivation of vegetables.

206

# Israel issues list of 735 Palestinian prisoners to be released in ceasefire deal

**Jerusalem January 18**

The Israeli Ministry of Justice on Saturday released the list of 735 Palestinian prisoners set to be released in the first phase of the ceasefire deal with Hamas.

This initial phase, set to commence on Sunday and span 42 days, will see Israel gradually release the prisoners as well as 1,167 residents detained from Gaza. In return, Hamas is expected to release 33 Israeli hostages currently held in Gaza.

Israel said that many of the prisoners on the list were convicted of murder, such as Ahmed Barghouti, who was serving 13 life terms for the murder of 12 Israelis, and Majdi Zaatari, sentenced to 23 life terms plus 50 years for facilitating a 2003 suicide bombing in Jerusalem that killed 23 people.

Also slated for release is senior Hamas member Salim Hajja, who was serving 16 life terms for involving in a suicide bus attack in Haifa in 2001, in which 15 people were killed, and Mohammed Naifa, a senior militant in the Tanzim militant faction, who was convicted of murdering 13 Israelis and sentenced to 13 life terms.

The list also includes Zakaria Zubeidi, commander of Fatah's Al-Aqsa Martyrs' Brigades in Jenin, West Bank.

Israeli citizens, particularly victims' families, are allowed to petition the High Court of Justice to challenge the release of specific prisoners. Xinhua

# French president pledges support for Lebanese army

**Beirut January 18**

Visiting French President Emmanuel Macron reaffirmed on Friday France's commitment to supporting the Lebanese army, announcing plans to establish a new training center for Lebanese soldiers.

"France will establish a new center to train 500 Lebanese soldiers," Macron said during a joint press conference at Baabda Palace with Lebanese President Joseph Aoun.

Macron highlighted France's support for Lebanon's sovereignty and its leadership's efforts to ensure the country's full control over its territory.

He expressed France's aspiration for the complete withdrawal of Israeli forces and for all weapons to be under the exclusive control of the Lebanese army.

"We will work to mobilize the international community to assist Lebanon across various sectors," Macron added.

For his part, Aoun said, "The world's confidence in Lebanon must also be fully restored because the true and authentic Lebanon has returned."

Macron arrived in Beirut on Friday for an official visit.

Upon his arrival, Macron also met with Lebanese Prime Minister Najib Mikati to discuss potential support initiatives for Lebanon. Xinhua



Lebanese President Joseph Aoun (C-R) and visiting French President Emmanuel Macron (C-L) attend a joint press conference at Baabda Palace in Baabda, Lebanon, on Jan. 17, 2025.

# Farmers finish harvesting of monsoon paddy in Tamu District



Farmers reaping monsoon paddy using machinery.

**Tamu January 18**

The statistics of Tamu District Agriculture Department stated that a total of 48,716 acres of monsoon paddy has been harvested in Tamu District of Sagaing Region.

Farmers planted 48,716 acres of monsoon paddy in the district this monsoon. They started harvesting of crops in October 2024 and so far have harvested all 48,716 acres of monsoon paddy, yielding 81.13 baskets of paddy per acre.

U Hla Myint, Head of Tamu District Agriculture Department said: "Local farmers grew 48,716 acres of monsoon paddy in Tamu District. They have harvested all acres of monsoon paddy so far. Our department provided necessary agricultural techniques and quality strains of crops to farmers. Moreover, our department helped local farmers grow monsoon paddy in time."

In Tamu District, farmers from Myothit Township harvested 12,917 acres of monsoon paddy, Tamu Township 14,831 acres and Khampak 20,968 acres, totalling 48,716 acres.

This year, officials from relevant Agriculture Departments cooperated with local farmers in systematically growing paddy without any difficulties.

In Tamu District, agricultural officials raised farmer awareness to apply advanced agricultural techniques, prevent pests, minimize loss and waste of crops and keep harvested paddy under shelter in time.

Staff members from the relevant township Agriculture Departments in Tamu District helped local farmers use quality strains of paddy, conduct surveillance of pests, weed farmlands, remove different paddy strains and systematically use chemical fertilizers.

If local farmers in Tamu District produce monsoon paddy to meet set per-acre yield of crops, it will contribute to local sufficiency as well as export surplus crops. Balanced supply and demand of crops can help stabilize prices of commodities. Hence, farmers need to strive for boosting per-acre yield of crops. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Peanuts planted on more than 24,000 acres of croplands in Mingin Township

**Mingin January 18**

Local farmers in Mingin Township of Sagaing Region have completed cultivation of 24,101 acres of peanut as cold season crops, according to the statistics of Mingin Township Department of Agriculture.

In 2024-25 cold season, Mingin Township earmarked 24,558 acres of peanut but local farmers have so far planted 14,101 acres of crops against the target cultivation.

Daw Hayman Kyaw Win, Head of Mingin Township Agriculture Department explained: "This cold season, local authorities earmarked 24,558 acres of peanut as cold season crops but farmers have grown 24,101 acres. They are trying hard to meet the target cultivation. Peanut plantations are thriving in the township. Sown acreage of peanut is on the rise yearly."

Farmers use 1.5 baskets of peanut seeds per acre and cost more than K200,000 per acre for quality seeds, labour charge, fertilizers and pests. But, the crops yield more than 50 baskets of peanut per acre.



A peanut plantation in Mingin Township.

This year, agricultural staff make field trips to the croplands for checking thriving crops, prevention of pests and removal of weeds.

206

# Ridge gourds from Myanaung Township marketable in regions

**Myanaung January 18**

Demand is high in trading of ridge gourds in Myanaung Township of Ayeyawady Region, said Daw Swe Swe, a green grocery trader in Myanaung Township.

Trading of ridge gourds started in Myanaung Township this season in the first week of January 2025. The domestic market demands from 35,000 pieces to 55,000 pieces of ridge gourds per day. It fetches K27,000 per 100 pieces.

Daw Swe Swe commented: "Consumers and merchants from other townships demand to purchase ridge gourds from Myanaung Township. They trade some 55,000 fruits per day. The fruits of Myanaung Township are high in quality. Local people can consume fresh fruits. Due to high demand, local farmers and traders have chances to earn increased incomes."

Currently, seasonal vegetables including ridge gourds are thriving in Myanaung Township. Local farmers prepare to expand sown acreage of these crops in order to meet the domestic demand. As they sell domestic crops, residents can buy these fresh and healthy vegetables at fair prices.

Kyaw Kyaw Lin



A ridge gourd farm.

# Wakema Township ships over 60,000 visses of rohu fish to Yangon in December

**Wakema January 18**

Up to 69,000 visses of rohu fish were shipped from Wakema Township, Ayeyawady Region, to the Yangon market during December, said Daw Ye Ye Tint, fishery products wholesale center from Wakema Township.

It is reported that only 50,000 visses of rohu fish were sold from Wakema Township to the Yangon market during November, and 69,000 visses of rohu fish were sold from December 1 to 31.

"We are selling a lot of fishery products to the Yangon market. Compared to November, we were able to sell a lot more in December. We were able to sell because of the demand from Yangon. There has been no increase in the price of fishery products. We are mainly selling fishery products by trucks because of the convenience of road travel," she said.

Fishery product traders from Wakema Township purchase fishery products, inspect the size properly, and then sell most of them to the Yangon market using trucks.

KKL

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန် MDA အေဂျင်စီက အဆင့်မြင့်ဒုံးကျည်ကာကွယ်ရေးစနစ်များစမ်းသပ်ရန် Stratolaunch ကုမ္ပဏီနှင့် သဘောတူစာချုပ် ချုပ်ဆို




အမေရိကန်နိုင်ငံ ဒုံးကျည်ကာကွယ်ရေးအေဂျင်စီ(MDA)သည် အသံထက်မြန်သော ဟိုက်ပါဆောနစ်လက်နက်များကို တန်ပြန်နိုင်မည့် အဆင့်မြင့်ဒုံးကျည်ကာကွယ်ရေးစနစ်များ စမ်းသပ်ရန်အတွက် Stratolaunch ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၇ သန်းတန် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

သဘောတူညီချက်အရ Stratolaunch ကုမ္ပဏီသည် အလိုအလျောက် ပျံသန်းလုပ်ဆောင်နိုင်မည့် Talon-A စမ်းသပ်ရေးယာဉ်ကို ပေါင်းစည်းအသုံးပြုရန်အတွက် Spirit of Mojave 747 လွှတ်တင်ရေးပလက်ဖောင်းကို အဆင့်မြှင့်တင်ပေးသွားရမည်ဖြစ်သည်။

အဆိုပါစီမံကိန်းကို ယခုနှစ် စတုတ္ထပတ်တွင် စတင်မည်ဖြစ်ပြီး Spirit of Mojave 747 လွှတ်တင်ရေးပလက်ဖောင်းကို ကယ်လီဖိုးနီးယားပြည်နယ် Mojave သဲကန္တာရဒေသရှိ Stratolaunch ကုမ္ပဏီရုံးချုပ်တွင် အဓိကအားဖြင့် ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဤမစ်ရှင်သည် ကျွန်ုပ်တို့၏ အမျိုးသားလုံခြုံရေးရပ်တည်မှုအနေအထားကို အဆင့်မြှင့်တင် ပေးနိုင်လိမ့်မည်ဖြစ်ပြီး အသံထက်မြန်သော ဟိုက်ပါဆောနစ် ခြိမ်းခြောက်မှုများကိုကာကွယ်ရန် ဒီဇိုင်းထုတ်ထားသော ဒုံးကျည်ကာကွယ်ရေးဖွဲ့စည်းပုံစနစ်သစ်များကို လျင်မြန်စွာ စမ်းသပ်နိုင်လိမ့်မည်ဟု Stratolaunch ကုမ္ပဏီဥက္ကဋ္ဌနှင့် CEO ဖြစ်သူ Zachary Krevor က ပြောကြားခဲ့သည်။

ဟိုက်ပါဆောနစ် ခြိမ်းခြောက်မှုများသည် ၎င်းတို့၏အမြန်နှုန်းနှင့် အနိမ့်ပျံသန်း၍ဝင်ရောက်လာနိုင်သော ပျံသန်းမှုလမ်းကြောင်းများကြောင့် ရှာဖွေဖော်ထုတ်ရန်နှင့် တန်ပြန်ပစ်ချရန်အတွက် အထူးစိန်ခေါ်မှုများဖြစ်နေကြောင်း စနစ်များ၏ပန်းတိုင်နှင့် တန်ပြန်လုပ်ဆောင်မှုများဆိုင်ရာ MDA ကုမ္ပဏီဒါရိုက်တာ Michael Kryzak က ပြောကြားခဲ့သည်။

မကြာသေးမီနှစ်များအတွင်း Stratolaunch ကုမ္ပဏီသည် ၎င်း၏ အသံထက်မြန်သောဟိုက်ပါဆောနစ် စမ်းသပ်နိုင်မှုစွမ်းဆောင်ရည်များကို မြှင့်တင်ရန် Talon-A စမ်းသပ်ရေးယာဉ်ကိုအဆင့်မြှင့်တင်မှုများ လုပ်ဆောင်လာခဲ့သည်။

၂၀၂၄ ခုနှစ် မတ်လတွင် Stratolaunch ကုမ္ပဏီသည် Roc လေယာဉ်တစ်စင်းမှ တွန်းကန်အားစနစ်ကို Talon-A စမ်းသပ်ရေးယာဉ်တွင်တပ်၍ ပျံသန်းမှုကို ပထမဆုံးအကြိမ်အပြီးသတ်ဆောင်ရွက်နိုင်ခဲ့သည်။ သရုပ်ပြစမ်းသပ်မှုအတွင်း Talon-A စမ်းသပ်ရေးယာဉ်သည် အမြန်နှုန်းခန့်မှန်းခြေ Mach 5 နီးပါး ရောက်ရှိပျံသန်းနိုင်ခဲ့ပြီး စမ်းသပ်မှု၏ အဓိကရည်မှန်းချက်အတိုင်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။ အဆိုပါ ပျံသန်းမှုတွင် Talon-A စမ်းသပ်ရေးယာဉ်ကို ဘေးကင်းလုံခြုံစွာ ပစ်လွှတ်နိုင်မှု၊ အင်ဂျင်စက်နှိုးမှု၊ အမြင့်သို့ဆက်တိုက်ပျံတက်မှုနှင့် ရေပြင်ပေါ်သို့ ဘေးကင်းစွာ ထိန်းကျောင်းဆင်းသက်မှုအပါအဝင် အခြားသတ်မှတ်ထားသော ရည်မှန်းချက်များအတိုင်းပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**US Awards Stratolaunch $24.7M Hypersonic Flight Test Contract ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်နိုင်ငံ၏ တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည် မြေအောက်ဂိုဒေါင်တည်ဆောက်ထားမှုများ တိုးတက်လာ

တရုတ်နိုင်ငံသည် တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်(ICBM) မြေအောက်ဂိုဒေါင်များ တည်ဆောက်ထားမှုတွင် တိုးတက်ပြောင်းလဲမှုများ ရှိလာခဲ့ကြောင်း ဂျပန်နိုင်ငံ Institute for National Fundamentals (JINF)က ထုတ်ပြန်သော ဂြိုဟ်တုဓာတ်ပုံ၊ သတင်း သုံးသပ်ချက်များအရ RT သတင်းဌာနက ဇန်နဝါရီ ၁၆ ရက်တွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံ Gansu၊ Xinjiang နှင့် အတွင်းမွန်ဂိုလီးယားကဲ့သို့သော မဟာဗျူဟာမြောက် ပြည်နယ်များတွင် တစ်စုတစ်စည်းတည်း တွေ့မြင်ခဲ့ရသည့်တိုးတက်လာမှုများသည် နျူကလီးယားစွမ်းရည်များ အပြည့်အဝလည်ပတ်နိုင်ရေးအတွက် အရေးပါသော သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည်။ စစ်ရေးအခြေခံအဆောက်အအုံများ အားကောင်းလာမှုနှင့်အတူ အဆိုပါတိုးတက်မှုများသည် ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံနှင့် မဟာဗျူဟာမြောက်တန်းတူညီမျှရှိစေရန် ရည်ရွယ်ထားသည့် တရုတ်နိုင်ငံ၏ ပထဝီနိုင်ငံရေးဆိုင်ရာ ဂယက်ရိုက်ခတ်မှုများနှင့် ပတ်သက်၍ မေးခွန်းထုတ်စရာ ဖြစ်လာကြောင်း သိရသည်။

ဂြိုဟ်တုဓာတ်ပုံများသည် ၂၀၂၄ခုနှစ် ဧပြီလကတည်းက တရုတ်နိုင်ငံ Gansu ပြည်နယ် Yumen ဒေသအနီးရှိမြေအောက်ဂိုဒေါင်များတွင် လျင်မြန်စွာအသွင်ပြောင်းလဲနေသည်ကို ပြသခဲ့သည်။ ကနဦးတွင် ပိုက်ကွန်များဖြင့် ပုံဖျက်ဖုံးကွယ်ထားပြီး ယခုအချိန်တွင် တွေ့မြင်ခဲ့ရပြီဖြစ်သော မြေအောက်ဂိုဒေါင်များသည် DF-31 တိုက်ချင်းပစ်ဒုံးကျည်စီးရီး၏ သတ်မှတ်ချက်များနှင့်အညီ အချင်းခြောက်မီတာခန့်ရှိသည်။ အဆင့်မြင့် လုံခြုံရေးစနစ်များဖြင့် ဤမြေအောက်ဒုံးကျည်ဂိုဒေါင်နေရာများသည် မကြာမီတိုက်ပွဲဝင်အသင့် ဖြစ်လာနိုင်ဖွယ်ရှိနေသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလက တပ်ဖြန့်မှုများအတွက် ပြင်ဆင်နေမှုများ ပြုလုပ်နေကြောင်း သိရသည်။

လက်ရှိတွင် တရုတ်နိုင်ငံသည် မြေအောက်ဒုံးကျည်ဂိုဒေါင် ၁၄၀ ခန့်ပိုင်ဆိုင်ထားပြီး ၎င်း၏မြေအောက်ဒုံးကျည်ဂိုဒေါင်ကွင်းများကို အပြီးသတ်နိုင်မည်ဆိုပါက စုစုပေါင်း မြေအောက်ဒုံးကျည်ဂိုဒေါင် ၄၅၀ ထိရှိလာနိုင်ကာ အမေရိကန်နိုင်ငံပိုင်ဆိုင်ထားသော မြေအောက်ဒုံးကျည်ဂိုဒေါင် ၄၀၀ ထက် ကျော်လွန်သွားမည်ဖြစ်သည်။ ဤသို့ လျင်မြန်စွာတိုးချဲ့နိုင်ခြင်းသည် တရုတ်နိုင်ငံ၏ အပြန်အလှန်အာမခံချက်ပေးနိုင်သော အဖျက်စွမ်းအားမဟာဗျူဟာကို ပိုမိုခိုင်မာစွာ အကောင်အထည် ဖော်လာနိုင်မည်ဖြစ်သောကြောင့် ကမ္ဘာလုံးဆိုင်ရာ တရုတ်၏ အင်အားချိန်ခွင်လျှာအပေါ် စိုးရိမ်မှုများတိုးပွားစေလျက်ရှိသည်။

တရုတ်နိုင်ငံ၏ တိုးတက်မှုအပေါ် နိုင်ငံတကာ၏ တုံ့ပြန်မှုများအနေဖြင့် အမေရိကန်နိုင်ငံက တရုတ်နိုင်ငံ၏ ဒုံးကျည်စမ်းသပ်မှုများအတွက် ကြိုတင်သတိပေးချက်ကိုလက်ခံရရှိကြောင်း အသိအမှတ်ပြုထားသော်လည်း တရုတ်နိုင်ငံ၏ နျူကလီးယားစွမ်းရည်ကို တိုးချဲ့လာမှုအပေါ် စိုးရိမ်မိကြောင်း၊ လေကြောင်းပိုင်နက်ကျူးလွန်မှုများ မကြာခဏထုတ်ဖော်ပြောကြားထားလေ့ရှိသည့် ဂျပန်နိုင်ငံကလည်း တရုတ်နိုင်ငံ၏ အကန့်အသတ်ဖြင့် ပွင့်လင်းမြင်သာရှိမှုအပေါ် ဝေဖန်ထားပြီး ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့က သံသယစိတ်ဖြင့် တိုးတက်ဖွံ့ဖြိုးမှုများအပေါ် အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း တုံ့ပြန်ပြောကြားခဲ့ကြသည်။

ဒေသတွင်းတွင် တရုတ်၏ စစ်ရေးအင်အား တည်ဆောက်နေမှုများသည် တရုတ်(တိုင်ပေ)၊ တောင်နှင့် အရှေ့တရုတ်ပင်လယ်တို့တွင် တင်းမာမှုများဆက်လက်တိုးမြင့်လာနိုင်သည့် အကျိုးသက်ရောက်မှုများ တွေ့မြင်နိုင်ဖွယ်ရှိသည်။ AUKUS နှင့် Quad ကဲ့သို့သောဒေသတွင်းမဟာမိတ်အဖွဲ့များက တရုတ်နိုင်ငံ၏ ဩဇာလွှမ်းမိုးမှုကိုတန်ပြန်ရန် ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပြီး အိန္ဒိယကဲ့သို့ ပြိုင်ဘက်နိုင်ငံများသည် အဆိုပါလမ်းကြောင်းများကို ဂရုတစိုက် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည်ဖွံ့ဖြိုးတိုးတက်ရေးတွင် တရုတ်နိုင်ငံ၏ အံ့မခန်းတိုးတက်ဖွံ့ဖြိုးမှုသည် ကမ္ဘာလုံးဆိုင်ရာမျက်နှာစာတွင် ၎င်း၏အခန်းကဏ္ဍကို နက်ရှိုင်းစွာ ပြောင်းလဲသွားစေမှုကို ထင်ဟပ်စေလျက်ရှိသည်။ ဤအပြောင်းအလဲများကို စီမံခန့်ခွဲဆောင်ရွက်မှုများကသာ ဟန်ချက်ညီသော မဟာဗျူဟာမြောက်အစီအစဉ် သို့မဟုတ် တင်းမာမှုများမြင့်တက်လာခြင်း ရှိ၊ မရှိ ကို ဆုံးဖြတ်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။




**China's Advancements in Intercontinental Ballistic Missiles: Approaching Strategic Parity with US by 2030?.ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၉၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၉၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အင်းတော်မြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံ ၃၅၂၂ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၉၁၉ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံ ၃၅၂၂ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၉၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ရေတ်၊ နံနံ၊ အာလူး၊ ခရမ်း၊ မုန်လာထုပ်၊ ခရမ်းချဉ် စတဲ့သီးနှံတွေ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်စေဖို့နဲ့ ခေတ်မီခေတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးနိုင်စေဖို့ နည်းပညာတွေ ပေးနေပါတယ်" ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် နှစ်စဉ် ရာသီအလိုက် ဟင်းသီးဟင်းရွက် မျိုးစုံ စိုက်ပျိုးလျက်ရှိရာဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းပြီး၊ အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေပြီး ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သဖြင့် ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ယခင်လကထက် ငါးမုတ်ပိသာချိန် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ယခင်လကထက် ငါးမုတ်ပိသာချိန် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ငါးမုတ်ပိသာချိန် ၇၄၀၀၀ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ငါးမုတ်ပိသာချိန် ၇၈၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ငါးမုတ်ပိသာချိန် ၇၈၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ ဒီဘက်က တင်ပို့ရောင်းချတဲ့ ငါးမုတ်တွေ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများလာလို့ တင်ပို့အားကောင်းခဲ့တာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးမုတ်တွေက လတ်ဆတ်မှုရှိပါတယ်။ တင်ပို့အားကောင်းလာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာ တွေ့ရပါတယ်။ ဒီဘက်ကထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။



လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးမုတ်များ အပါအဝင် ဒေသထွက်ရေထွက် ကုန်ပစ္စည်းများကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ လက်ရှိ ငါးမုတ် ၁၀ ပိသာလျှင် ငွေကျပ် ၁၃၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# နတ်မောက်မြို့နယ် ရွှေကွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၇ရက် နေ့လယ်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ရွှေကွေ့ကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၄၀ ကို ငွေကျပ် ၆၃ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၇ ဒသမ ၄ သန်း၊ အခြားလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၈ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၇၄ သန်း ထုတ်ချေး ပေးခဲ့ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သူသူ(နတ်မောက်)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၈-၁-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ဧည့်ဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၉၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၅၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာစေရေး တာဝန်ရှိသူများနှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့်နည်းပညာတက္ကသိုလ်(သန်လျင်)တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ရေနံချောင်းတက္ကသိုလ် ဘူမိဗေဒဌာနမှ ပါမောက္ခဌာနမှူးနှင့် ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စွမ်းအင်ဝန်ကြီးဌာနမှ အငြိမ်းစားအရာရှိကြီးများ၊ စွမ်းအင်ဆိုင်ရာ အဖွဲ့အစည်း၊ ကုမ္ပဏီများမှပညာရှင်များကို ယနေ့တွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းအောက်မြန်မာပြည်ရုံးခွဲ(စိမ်းလဲ့မေ)၌တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။




တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ကဏ္ဍသည် အရေးကြီးသောကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွင်း ''2025, the Year of Myanmar Energy'' ဆောင်ပုဒ်နှင့်အညီ စွမ်းအင်ကဏ္ဍ ခေတ်တစ်ခေတ်ဆန်းသစ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးဆက်သစ်ဘူမိဗေဒပညာရှင်များ၊ ရေနံအင်ဂျင်နီယာများအပါအဝင် စက်မှု၊ ဓာတုအင်ဂျင်နီယာများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် Stakeholderများမှ ဝိုင်းဝန်းပံ့ပိုးအားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဘာသာရပ်အလိုက် ကျောင်းသား၊ ကျောင်းသူများကို Scholarship ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနပူးပေါင်း၍ ရေနံချောင်းတက္ကသိုလ်၌ ရေနံဘူမိဗေဒဘာသာရပ်ကို လေးနှစ်ဘွဲ့သင်တန်းအဖြစ် ၂၀၂၅ ပညာသင်နှစ်မှစတင်၍ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဘာသာရပ်အလိုက် ဘွဲ့များရရှိပြီးချိန်တွင် မိမိတို့ဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်လိုပါက လက်ခံခန့်ထားပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဘူမိဗေဒဘာသာရပ်၊ ရေနံအင်ဂျင်နီယာဘာသာရပ်၊ ဓာတုအင်ဂျင်နီယာဘာသာရပ်နှင့် စက်မှုအင်ဂျင်နီယာ ဘာသာရပ်ဆိုင်ရာ သင်ကြားမှုအခြေအနေ၊ လိုအပ်ချက်များနှင့် ပံ့ပိုးဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကိုလည်းကောင်း၊ လုပ်ငန်းခွင်အတွေ့အကြုံများနှင့် ဗဟုသုတများအပေါ် အခြေခံကာ ပိုမိုကောင်းမွန်သော သင်ကြားရေးစနစ်ဖြစ်စေရေး အကြံပြုချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ရှိ စွမ်းအင်ဆိုင်ရာကျွမ်းကျင်မှုသင်တန်းကျောင်းဖွင့်လှစ်ပြီးပါက တက္ကသိုလ်များမှ ဆရာ၊ ဆရာမများကိုTranning For Trannier အစီအစဉ်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ Stakeholder များပါဝင်သည့် ကော်မတီတစ်ရပ်ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး အရေးအကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်မိမိတို့ကျရာအခန်းကဏ္ဍတွင် အင်တိုက်အားတိုက်ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ MSME များ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျောက်ပုံကုန်းကျေးရွာရှိ UK ကြက်သွန်ကြော်လုပ်ငန်းခွင်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကုန်ကြမ်းသေချာမှုရှိသည့် စိုက်ပျိုးရေးထွက်ကုန်များကိုအသုံးပြု၍ တန်ဖိုးမြင့်ထုတ်ကုန် ကုန်ချောများဖြစ်အောင် ဆောင်ရွက်ကြရန်လမ်းညွှန်မှုပြုထားကြောင်း၊ UK ကြက်သွန်ကြော်လုပ်ငန်းသည် စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်၍ အောင်မြင်အောင် ကြိုးစားကြစေလိုကြောင်း၊ ပြည်သူများဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးအတွက်လည်း ဦးစားပေး ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေတစ်ရပ်ထူထောင်၍ လုပ်ငန်းရှင်များကို ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း၊ ချေးငွေရရှိပြီးသော လုပ်ငန်းရှင်များအနေဖြင့် ရရှိသည့် ချေးငွေများကို MSME များတွင်သာ မှန်မှန်ကန်ကန် ရင်းနှီးမြှုပ်နှံကြစေလိုကြောင်း ဖြင့်ပြောကြားပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် သာစည်မြို့နယ် ကူဖြူကျေးရွာရှိ တောင်သူဒေါ်မွန်မွန်ငွေး စိုက်ပျိုးထားသည့် ဖြစ်ထွန်းအောင်မြင်နေသော ကြက်သွန်နီစိုက်ခင်းကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပဲခူးတိုင်းဒေသကြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၆ ရက်က ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်ရှိ ဝဲကြီးရေလှောင်တမံ၏ လက်ယာတူးမြောင်းမကြီးနှင့် တူးမြောင်းလက်တံအမှတ်(၁၀-က)တို့မှ စိုက်ပျိုးရေပေးဝေနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေပေးဝေရာတွင် အလေအလွင့်နည်းပါးစွာ စနစ်တကျပေးဝေနိုင်ရေး၊ ရေလှည့်စနစ်ဖြင့် ပေးဝေနိုင်ရေး၊ ရေသောက်ဧရိယာအတွင်း ကုန်းမြင့်စိုက်ပျိုးမြေများတွင် ဆိုလာရေတင်စနစ်ဖြင့်လည်းကောင်း၊ အလိုအလျောက်ရေတင်စနစ် (Water Turbine Pump)ဖြင့်လည်းကောင်း ရေပေးဝေနိုင်ရေးစီမံဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ကြူတောကန်အုပ်စု နတ်ပုတီးကျေးရွာရှိ တောင်သူ ဦးကျော်နိုင်၏ ဘဲကောင်ရေ ၅၀၀၀ မွေးမြူရေးခြံကို သွားရောက်ကြည့်ရှုအားပေးပြီး ဝဲကြီးဆည်ရေသောက်စနစ် သုံးသီးစိုက်ဧရိယာအတွင်း၌ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော ဆောင်းမတ်ပဲ ဧက ၁၅၀ စံပြကွက်ရှက်ဖျန်းမြေဩဇာ ပက်ဖျန်းနေမှုကို ကြည့်ရှုအားပေးကာ တောင်သူအသိပညာပေးလုပ်ငန်းများ ကျယ်ပြန့်ထိရောက်စွာ လုပ်ဆောင်ကြရန်၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြရန်၊ စိုက်ပျိုးရေပေးဝေရန်လိုအပ်သည့်နေရာများတွင် အခိုင်အမာဆောင်ရွက်ရန် အခက်အခဲများရှိပါက ယာယီအစီအစဉ်ဖြင့် ရေပေးဝေနိုင်ရေးစီမံဆောင်ရွက်ပြီး ရေပေးရာသီပြီးဆုံးချိန်တွင် သတ်မှတ်စံချိန်စံညွှန်းအတိုင်း အခိုင်အမာဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားပြီး တောင်သူများ၏ အခက်အခဲများကို သက်ဆိုင်ရာဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ဆောင်းမတ်ပဲစံပြကွက် စိုက်ပျိုးသည့် တောင်သူများကို သွင်းအားစုများ ပေးအပ်သည်။

ယင်းနောက် ပြည်မြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၂) အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သုံးသီးစိုက်ဧကများ ပိုမိုစိုက်ပျိုးနိုင်ရေးနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာ တာဝန်ခံများနှင့် ဒေသခံတောင်သူများ အတူတကွ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရေး၊ ရေသောက်ဧရိယာနှင့်ဆက်စပ်ဧရိယာများကို စိုက်ပျိုးရေတိုးချဲ့ပေးဝေနိုင်ရေး အတွက် ရေရှိရေးနည်းလမ်းပေါင်းစုံဖြင့် တီထွင်ကြံဆ စီမံဆောင်ရွက်သွားရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**















တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့က မအူပင်ခရိုင် မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ရှေ့ဖုံးမှအဆက်

ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၅၆ ဦး၊ခွဲစိတ်ရောဂါ ၆၆ ဦး၊ သားဖွားမီးယပ်ရောဂါ၂၇ ဦး၊ ကလေးရောဂါ ၅၇ ဦး၊ အရိုးရောဂါ ၁၀၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၉၂ ဦး၊ မျက်စိရောဂါ ၉၃ ဦး၊ သွားရောဂါ ၇၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၁၇ ဦး၊ မျက်စိခွဲစိတ်လူနာ တစ်ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ၂၃ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၈ ဦး၊ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ၂၈ ဦးနှင့်ဓာတ်ခွဲစမ်းသပ်လူနာ ၁၀၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာ၅ ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"ကန်းနေတဲ့ လူတစ်ယောက်ကကောင်းသွားတော့ ပိုဝမ်းသာတာပေါ့။ အမေကြီးကို ခွဲမယ်ဆိုကတည်းက ဝမ်းကိုသာသွားတာ၊ အမေကြီး နဂိုကဆိုကြောက်တယ်။ တစ်ခါ




ဆေးရုံသွားပြတုန်းက သွေးပေါင်တွေကျပြီးတော့ ဂလူးကို့တွေဘာတွေချိတ်လိုက်ရတယ်။ အခုဒီမှာဝမ်းသာအားရလည်းရှိတယ်။ အားလည်းပါတယ်။ အကုန်လုံးကို ကျေးဇူးတင်ပါတယ်။ အဘွားကတော့ တာဝန်ရှိတဲ့ လူတွေရောပါ အကုန်ကျေးဇူးတင်ပါတယ်။ အဲဒီလိုလာပြီးတော့ သတ္တဝါတွေကိုကယ်ဆယ်တာ အမေကြီးတို့ အကုန်လုံးကို ကျေးဇူးတင်ပါတယ်"ဟု ပြောပြသည်။

"ဒီကျုံစုတ်ကျေးရွာမှာ နယ်လှည့်ဆေးကုသရေးအဖွဲ့ ရောက်တယ်ကြားလို့ ကျွန်တော့် လက်မောင်းကအကျိတ်လေးကို လာပြတာဖြစ်ပါတယ်ခင်ဗျာ။ ဒီအကျိတ်က နှစ်နှစ်လောက်ရှိပါပြီခင်ဗျာ။ စာရေးတဲ့အခါမှာ လက်မောင်းကအကျိတ်က ခိုးလိုးခုလုနဲ့ ကိုက်တယ်ခင်ဗျာ။ အဲဒါကြောင့် ဒီမှာ လာရောက်ပြသရတာပဲဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော်ဒီမှာလာပြီး ကုသတဲ့အချိန်မှာ ဆရာဝန်တွေကလည်း စိတ်ရှည်လက်ရှည်နဲ့ ကုသပေးပါတယ်။ အဖိုးအခလဲလုံးဝမယူဘူးဆိုတော့ ကျွန်တော့်အတွက် အဆင်ပြေပါတယ်ခင်ဗျာ။ အခုလိုမျိုးအဖိုးအခမယူဘဲ လာရောက်ကုသပေးတဲ့ ဆရာဝန်တွေအားလုံးကိုလည်း ကျွန်တော် ကျေးဇူးအထူးပင် တင်ရှိပါတယ်ခင်ဗျာ။ နောက်ထပ်လည်း ခုလိုမျိုး နယ်လှည့်ဆေးကုသရေးအဖွဲ့တွေ ထပ်မံလာရောက်ကုသပေးဖို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျာ"ဟု ပြောပြသည်။ (၅၀၁)




## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေး ခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊ မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါ ယာဉ်များကြံခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မလိကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်








တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မလိကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၈**

တနင်္သာရီကမ်းရိုးတန်း ဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်း မြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များလိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မလိကျွန်းတိုက်နယ်ဆေးရုံတွင် အခြေပြု၍ မလိကျွန်းနှင့်အနီးဝန်းကျင်မှ ဒေသခံပြည်သူ ၃၁၁ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၅၇ ဦး၊ ခွဲစိတ်ရောဂါ ၁၈ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၉ ဦး၊ ကလေးရောဂါ ၄၅ ဦး၊ အရိုးရောဂါ ၃၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ဦးရေ ၃၀၊ မျက်စိရောဂါ ၅၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၅၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ နှစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ သုံးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ခြောက်ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ဦးရေ ၂၀ နှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၂ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"ဒီလိုမျိုးစေတနာနဲ့ ဆေးလာကုသပေးတဲ့ ဆရာ၊ဆရာမတွေစေတနာရှိရှိနဲ့ပေါ့။ ရွာသူ၊ရွာသားတွေကိုချစ်တဲ့ စိတ်နဲ့လာကုပေးတဲ့အတွက်ကြောင့် ကျေးဇူးတင်တယ်။ တကယ်လို့ မြို့မှာသွားရင် လမ်းစရိတ်တွေ အများကြီးကုန်တာပေါ့နော်။ တချို့ဆိုရင် သွားချင်ရင်လည်း ငွေကြေးကလည်းမလုံလောက်တဲ့အတွက်ပေါ့နော်။ အခုစေတနာနဲ့ လာလုပ်ပေးတဲ့အတွက်ကြောင့်မလို့ ကျေးဇူးတင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၈**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိအခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်အပါအဝင် မြို့နယ် ၁၇ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌လည်းကောင်း စာသင်ကျောင်းများ၊တက္ကသိုလ်များ၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင်အဘိတ်ဆေးများခတ်ပေးခြင်းနှင့် ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကိုစုပေါင်းဆောင်ရွက်ပေးကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိပြည်သူ့ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေစည်၊ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သော နေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

# ဝန်ထမ်းများကို အခြေခံစားကုန်နှင့် သား၊ ငါး၊ ဟင်းသီးဟင်းရွက်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ကြည့်ရှုအားပေး



**စစ်တွေ ဇန်နဝါရီ ၁၈**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ဝန်ထမ်းများအား အခြေခံစားကုန်နှင့် သား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်း၌ ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်အဖွဲ့သည် ဝန်ထမ်းများအား ရောင်းချပေးမည့် အခြေခံစားကုန်နှင့် သား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ ခင်းကျင်းထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ဈေးဝယ်ရန်ရောက်ရှိလာသည့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်က အခြေခံစားသုံးကုန်များနှင့် သား၊ ငါးများ ပြတ်လပ်မှုမရှိစေရေးနှင့် ဈေးနှုန်းမြင့်တင်ရောင်းချခြင်းမရှိစေရေးတို့ကို စိစစ်ကြပ်မတ်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဝန်ထမ်းများကိုသက်သာသောဈေးနှုန်းဖြင့် ဈေးရောင်းချပေးရာတွင် အခြေခံစားသုံးကုန်များဖြစ်သည့် ဆီ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုပ်သီးခြောက်၊ မုန်လာဥ၊ ငရုတ်သီးစိမ်း၊ ကြက်ဟင်းခါးသီး၊ မြေထောက်ပဲ၊ ကန်စွန်းဥ၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ ပဲသီး၊ နံနံ၊ ပန်းဂေါ်ဖီ၊ ချဉ်ပေါင်၊ ကြက်ဥ၊ ဘူးသီးနှင့် ပြောင်းဖူး စသည့် ဟင်းသီးဟင်းရွက်များကို ရောင်းချပေးခြင်းဖြစ်ပြီး သား၊ ငါးအနေဖြင့် ကြက်သား၊ ဝက်သားနှင့် ငါး၊ ပုစွန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)**

---

**❑ ကျောဖုံးမှအဆက်**

ပိုမိုနီးစပ်လာခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရှမ်းယူနိုက်တက်အသင်းမှခံစစ်ကစားသမား ဟိန်းဖြိုးဝင်းက ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ငါးမိနစ်တွင် စိုးမင်းဦး၊ ပွဲချိန် ၅၆ မိနစ်တွင် ပြည့်မိုး၊ ပွဲချိန် ၇၂ မိနစ်နှင့် ၈၃ မိနစ်တို့တွင် ကြည်စိုးတို့က သွင်းယူပေးနိုင်ခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၅ မိနစ်တွင် မွန်ကာလူး၊ ပွဲချိန် ၂၅ မိနစ်တွင် သန်းကျော်ဋ္ဌေးတို့က အသီးသီး သွင်းယူနိုင်ခဲ့ကြသည်။

အဆိုပါပွဲစဉ်အတွက်အကောင်းဆုံးကစားသမားဆုကို ရတနာပုံအက်ဖ်စီအသင်းမှ ကွင်းလယ်ကစားသမားမိုးဆွေက ဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၆) ပွဲစဉ်အဖြစ် ဇန်နဝါရီ ၁၉ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ISPEအသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**



ရတနာပုံအက်ဖ်စီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

---


## လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်ဝိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

### လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ / သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

### လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

# ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ(သဘောရေးဖြေ) ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာန သာသနာရေးဦးစီးဌာနကကြီးမှူး ကျင်းပသည့် ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ)ဖြေဆိုပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ)ပွဲ၌ အဘိဓမ္မာ(ဒုတိယ ပိုင်း)တွင် စာရင်းသွင်းသံဃာတော်လေးပါး ရှိပြီး ဖြေဆိုသံဃာတော်လေးပါး၊အဘိဓမ္မာ (ပထမပိုင်း)တွင် စာရင်းသွင်းသံဃာတော် ၁၇ ပါးရှိပြီး ဖြေဆိုသံဃာတော် ၁၅ ပါး၊ ဒီဃနိကာယ်ကျမ်းတွင် စာရင်းသွင်း သံဃာတော်၃၈ ပါးရှိပြီး ဖြေဆိုသံဃာတော် ၃၅ ပါး၊ ဝိနည်း(ပထမပိုင်း)တွင် စာရင်း သွင်းသံဃာတော် ၁၂၆ ပါးရှိပြီး ဖြေဆို သံဃာတော် ၁၁၃ ပါးတို့ဖြစ်သည်။

ယနေ့ဖြေဆိုကြသည့် သံဃာတော် များနှင့် ကြီးကြပ်ဆရာတော်များအား နေ့ဆွမ်းအလှူရှင် ဒေါက်တာမျိုးထက် အေးနှင့်ဇနီးမိသားစုများ၊ သာကေတ မြို့နယ်မှ ပရဟိတအကျိုးဆောင်အလှူရှင် များအဖွဲ့(ရန်ကုန်)နှင့် ဗီယက်နမ်နိုင်ငံ သာသနာပြုကုသိုလ်အဖွဲ့မှ အချိုရည် နှင့် ရဟန်းအသုံးဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

# မြို့သန့်ရှင်းသာယာလှပရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများ ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဇန်နဝါရီ ၁၈**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင် ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ နောင်ယားကန်သန့်ရှင်းသာယာလှပရေး နှင့် ဌာနဆိုင်ရာရုံးများ ပြန်လည်ဖွင့်လှစ် နိုင်ရန် ပြုပြင်ဆောင်ရွက်နေမှုအခြေအနေ များအား ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ နောင်ယားကန်တွင် အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်အပန်း ဖြေ အနားယူလည်ပတ်နိုင်ရန်အတွက် နောင်ယားကန်နှင့် ကန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာ လှပရေးအတွက် တပ်ရင်းတပ်ဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်း သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှု အားပေးသည်။

ထို့နောက် အကြမ်းဖက်မှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တိုင်းရင်းသား ရေးရာဌာနများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ ရုံးအဆောက်အအုံ များနှင့်ကော်မတီရုံးခန်းများ ပြုပြင်ဆောင် ရွက်ပြီးစီးမှုအခြေအနေကို အသေးစိတ် ကြည့်ရှုစစ်ဆေးပြီး တိုင်းရင်းသားစာပေ နှင့် ယဉ်ကျေးမှုကော်မတီများအနေဖြင့် သက်ဆိုင်ရာရုံးခန်းများတွင် ရုံးများ ပြန်လည်ဖွင့်လှစ်ပြီး ပြည်နယ်အတွင်း တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် တာဝန်ရှိသူများက လိုအပ်သည် များ ပေါင်းစပ်ဆောင်ရွက်ပေးရန် မှာကြားသည်။



ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေ ဖြင့် သက်ဆိုင်ရာရုံး၌ ဌာန၏လုပ်ငန်း တာဝန်များ ပြန်လည်ဆောင်ရွက်နိုင်ရန် နှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများလုပ်ငန်းများ ဖိတ်ခေါ် ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေချောမွေ့ စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် ရုံး အဆောက်အအုံ ပြန်လည်ပြုပြင်ဆောင် ရွက်ပေးနေမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းများသတ်မှတ်စံချိန် စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထား ကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ၅၉ ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၈**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ၅၉ ကြိမ်မြောက် တောင်သူနည်းပညာ ဆွေးနွေးပွဲကို“ထရိုင်ခိုဒါးမားမှိုကို သီးနှံ ကာကွယ်ရေးတွင်အသုံးချခြင်း” ခေါင်းစဉ် ဖြင့်ယနေ့နံနက်ပိုင်းတွင် ရေဆင်းစိုက်ပျိုး ရေးတက္ကသိုလ်၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် တက် ရောက်၍ ယနေ့ပြုလုပ်သည့် တောင်သူ နည်းပညာဆွေးနွေးပွဲသည် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးစသည့် စိုက်ပျိုးရေး သွင်းအားစုများကို တောင်သူများကောင်း စွာစီမံခန့်ခွဲတတ်စေခြင်းဖြင့် မိမိတို့၏ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို စောင့်ရှောက်တတ်စေရန် ရည်ရွယ်ပါ ကြောင်း၊ ထရိုင်ခိုဒါးမားမှိုဆိုသည်မှာ သီးနှံကာကွယ်ရေးအပေါ်တွင် များစွာ အထောက်အကူဖြစ်ကြောင်း၊ တောင်သူ များအတွက် များစွာအကျိုးရှိထိရောက် သည့် သွင်းအားစုတစ်ခုဖြစ်သည့် ထရိုင်ခို ဒါးမားမှိုကို ကိုယ်တိုင်တိုင်ထုတ်လုပ်နိုင် စေရေးအတွက် သက်ဆိုင်ရာပညာရှင်များ သုတေသီများက ဆွေးနွေးပေးသွားမည် ဖြစ်ကြောင်း၊ အကျိုးရှိ ထိရောက်သည့် ပညာပေးနည်းလမ်းများကို အသုံးပြု၍ နည်းပညာဖြန့်ဝေခြင်း လုပ်ငန်းများကို ဆောင်ရွက်စေလိုကြောင်း၊ ယခုနှစ်မိုးကြို နှမ်းကို ပေါင်ကြီးတင်စနစ် (Broadbed and Furrow)ကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာစေအရေး ထိရောက်သော ပညာပေးဆွေးနွေးမှုများ လုပ်ဆောင်ရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေး မှာကြားသည်။

ဆွေးနွေးပွဲတွင်စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ဒေါက်တာသက်ရီခိုင်က သီးနှံ ကာကွယ်ရေး၏အရေးကြီးမှု၊ ထရိုင်ခို ဒါးမားမှို၏အာနိသင်များနှင့်စိုက်ပျိုးရေး တွင်အကျိုးပြုမှု၊ ထရိုင်ခိုဒါးမားမှိုကိုသီးနှံ ကာကွယ်ရေးတွင် အသုံးပြုသည့်နည်း လမ်းများ၊မျိုးစေ့လူးနယ်ခြင်း၊ စိုက်ပျိုးမည့် ပျိုးအိုး၊ ပျိုးထုပ်၊ ပျိုးပေါင်၊ မြေဆီလွှာ ထဲသို့ထည့်သွင်းခြင်းတို့ကို ဆွေးနွေး တင်ပြပြီး ဆွေးနွေးပွဲတက်ရောက်လာကြ သူများ၏မေးမြန်းမှုအပေါ် ဒုတိယဝန်ကြီး နှင့် ပညာရှင်များက ဖြည့်စွက်ဆွေးနွေး ဖြေကြားကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူဦးရေ ၁၅၀၀ စုပေါင်း၍ ဆောင်း ရာသီဟင်းသီးဟင်းရွက် ကန်စွန်း၊ ချဉ်ပေါင်၊ ဆလတ်၊ နံနံ၊ မုန်ညင်း၊ မုန်လာဥဖြူသီးနှံ များကို ပေါင်ကြီးတင်စနစ်ဖြင့် စနစ်တကျ ပြင်ဆင်စိုက်ပျိုးနေမှုများကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

# ဗန်းမော်ဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ်ပြတိုက်အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးနေမှုကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကြည့်ရှု



မန္တလေး ဇန်နဝါရီ ၁၈

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ ဗန်းမော်ကျောင်းတိုက်ကြီးတွင် ဗန်းမော် ဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ် ပြတိုက်အကောင်အထည်ဖော်ဆောင်ရွက် ပြီးစီးနေမှုအခြေအနေနှင့် ကျောင်းတိုက် ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင် ရွက်နေမှုများကို လိုက်လံကြည့်ရှုသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဗန်းမော်ကျောင်းတိုက်သို့ ရောက်ရှိပြီး ဗန်းမော်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနမဟာနာယက နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ဘဝနတ်ထံပျံလွန် တော်မူပြီးနောက်ပိုင်း ဆရာတော်ဘုရား ကြီး၏ အထိမ်းအမှတ်ပြတိုက်အား ပြတိုက် အင်္ဂါရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုရာ ပြတိုက်တွင် ဗန်းမော် ဆရာတော်ဘုရားကြီး စုဆောင်းပူဇော်ခဲ့ သောဓာတ်တော်မွေတော်များ၊ ကိုးကွယ်ခဲ့ သော ဗုဒ္ဓဆင်းတုတော်များ၊ ဘုရားခြေ တော်ရာ၊ ပြည်တွင်း၊ပြည်ပအလှူရှင်များ ဆက်ကပ်လှူဒါန်းထားသော သာသနာ တော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ၊ ဆရာ တော်ဘုရားကြီး၏ ပုံတူရုပ်တုနှင့်မှတ်တမ်း ဓာတ်ပုံများ၊ ဆရာတော်ဘုရားကြီးက လှူဒါန်းထားသော ဂုဏ်ပြုလွှာများကို ပြတိုက်အင်္ဂါရပ်နှင့်အညီ ခင်းကျင်း ပြင်ဆင်ထားရှိမှုများ၊ ကျောင်းတိုက်ရှိ အာနန္ဒာစေတီတော်အတွင်း ပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ စေတီတော်ပရိဝုဏ် တွင် မြေယာရှုခင်းများဆောင်ရွက်ပြီးစီးမှု များကိုလည်းကောင်း၊ ကျောင်းတိုက်ကြီး အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက် နေမှုများကိုလည်းကောင်းလိုက်လံကြည့်ရှု အားပေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်း တင်ပြမှုများအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး သာသနာနုဂ္ဂဟဓမ္မာရုံ ရွှေထီးတော်တင် မင်္ဂလာနှင့် ဘုရားအနေကဇာတင်မင်္ဂလာ အခမ်းအနားတွင် ပြည်ကြီးတံခွန်မြို့နယ် မဟာဝိဇိတာရာမတိုက် တိုက်အုပ်သစ္စာ အောင်မြေကျောင်း ဆရာတော် သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဩဘာသပဏ္ဍိတအမှူး ပြုသော ဆရာတော်များအား တိုင်းဒေသ ကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ ဥပဒေအရာရှိ များနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူ များ တက်ရောက်ကြည်ညိုကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ် အတိုင်းကျင်းပခဲ့ပြီး ဆရာတော်များထံ ပြာသာဒ်တော်တွင် တင်လှူပူဇော်သည့် စိန်ဖူးတော်၊ငှက်မြတ်နားတော်၊ရွှေထီးတော် ဘုံအဆင့်ဆင့်၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို တိုင်းဒေသကြီး ဥပဒေချုပ်နှင့်တာဝန်ရှိသူများကဆက်ကပ် လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် သာဓုအနုမောဒနာတရား နာယူကာ ရေစက်သွန်းချအမျှပေးဝေ၍ အစီအစဉ် အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/ ၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို သွားရောက်တွေ့ဆုံအားပေး

နေပြည်တော် ဇန်နဝါရီ ၁၈

ရေဝတီတိုင်း ဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သား ကောင်းရတနာများကို ယနေ့နံနက်ပိုင်း တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်နယ်အားကစားရုံ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူ များက သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့စစ်မှု ထမ်းသင်တန်း အမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့်နိုင်ငံ့သားကောင်းရတနာ များကို ပစ္စည်းများဂုဏ်ပြုပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများကို လိုက်လံနှုတ်ဆက် အားပေးစကားပြော ကြားကာ လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

(၅၀၁)



ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများကို လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားစဉ်။

## စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဇောင်ကြမ်းပင်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တကုမာရသိရီ ဘဝနတ်ထံပျံလွန်တော်မူ



နေပြည်တော် ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အေးသာယာရပ်ကွက် ဇောင်ကြမ်းပင် ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ ဝင်ဆရာတော် ဘဒ္ဒန္တကုမာရသိရီ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) သက်တော် ၆၇ နှစ် သိက္ခာ တော် ၄၇ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၆ ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက် သောကြာ နေ့ ည ၁၀ နာရီတွင် ဘဝနတ်ထံပျံလွန် တော်မူခဲ့ကြောင်း သာသနာရေးဦးစီးဌာန မှ သတင်းရရှိသည်။ (သတင်းစဉ်)

## ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၁၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီ ထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေး ခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမား တို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ထူးခြားသည့် ညအပူချိန်များ

(၁၈-၁-၂၀၂၅)

| | | |
|---|---|---|
| ဟားခါး | သုညဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၂ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၃ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၃ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၄ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၄ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၆ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၆ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၇ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |

# ကလောမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်လုပ်ငန်းများဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် တောင်လားကျေးရွာအုပ်စု မြင်းဒိုက်ကျေးရွာရှိ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဖောင်တော်ဦးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၉၈ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်ရှိ သံဃာတော် ၇၉ ပါးနှင့် ဒေသခံပြည်သူ ၁၂၄ ဦးတို့ကို ကန်သာယာဓမ္မာရုံ၌ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

☆ ကျောဖုံးမှအဆက်

ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၉၁၃၇၅၈၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၇၄၃၅၈၇၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yar Zar Min Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၉၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ ရွှေဘိုမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၈၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ အင်းလေးမြိုင်ရပ် မင်းဓမ္မလမ်းရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၅၀၀၀ ကိုလည်းကောင်း၊ မြိတ်မြို့ အထက်ရေပုန်းရပ် စပါးရွှေဝါလမ်းရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀ ကိုလည်းကောင်း၊ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ကမ်းသာယာလမ်း ကြက်ဒိုင်ဆိပ်အနီးမြစ်ကမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၇၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၃၀၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၈ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ် နောင်ခွန်းပူးပေါင်း



စစ်ဆေးရေးဂိတ်အနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်းသုံးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၁၁ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၄၂၁၀၈၇၈ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

---

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ်ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇန်နဝါရီ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "သန်းလှိုင်သန်းလှိုင်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၆)ရပ်ကွက်နေ သန်းဇော်အား နံနက် ၈ နာရီ ၁၀ မိနစ်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ဝတ္ထုတိုကဏ္ဍ

# မျက်ရည်များ၏ မြစ်ဖျားခံရာ

ဝင်းမင်း(ဖန်ခါးမြေ)



(၁)

နေလုံးကြီးသည် သူ၏တာဝန်ကို တစ်နေ့တာလုံး ကျေပွန်စွာထမ်းဆောင်ပြီး၍ အနောက်ဘက်အရပ်သို့ တဖြည်းဖြည်းဆင်းသက်နေချေပြီ။ အစာရှာဖွေစားသောက်ပြီး၍ အိပ်စက်အနားယူရန် မိမိအသိုက်ရှိရာသို့ အုပ်စုလိုက် ပျံသန်းလာကြသောကျီးကန်းများကိုလည်း ကောင်းကင်ထက်ဝယ် တွေ့မြင်နေရသည်။ အိမ်ရှေ့ရပ်ကွက်လမ်းမပေါ်တွင်လည်း လုပ်ငန်းခွင်အသီးသီးမှ အလုပ်ဆင်း၍ ပြန်လာကြသော လုပ်သားဝန်ထမ်းတို့၏ တစ်ဦးနှင့်တစ်ဦး စနောက်ကျီစယ် ရယ်မောသံများကိုလည်း ထွေးရီအိမ်ထဲမှ ကြားနေရပါသည်။ တစ်နေ့တာ လှုပ်ရှားရုန်းကန်ခဲ့ကြသည်များကို အပန်းဖြေစေရန် အချို့က မိသားစုနှင့် ထမင်းဝိုင်းတွင် စားသောက်ကြရင်း အပန်းဖြေကြသည်။ အချို့က တီဗီကြည့်၍၊ အချို့က စာဖတ်၍စသည်ဖြင့် အပန်းဖြေကြပြီး တစ်ညတာ အိပ်စက်အနားယူကြရင်း ညတစ်ညကို ကုန်ဆုံးကြသည်။ ထို့ကြောင့် လူအများစုက ညနေခင်းကို သဘောကျနှစ်ခြိုက်လေ့ရှိကြ၏။

ထွေးရီသည် ထိုလူအများစုနှင့် ဆန့်ကျင်ဘက်။ ညနေခင်းရောက်လာမည်ကို ကြောက်ရွံ့မိသည်။ ငါးနှစ်သားကလေး မောင်ကောင်းစံသည်လည်း ထွေးရီကဲ့သို့ပင် ရှိနေလိမ့်မည်။

"မေမေ ဖေကြီး ပြန်လာခါနီးပြီလားဟင်"

ပလတ်စတစ်ကားအရုပ်ကလေးနှင့် ဆော့နေသော မောင်ကောင်းစံက ခုတင်ပေါ်တွင်ထိုင်၍ အင်္ကျီချုပ်ရိုးပြေနေသည်များကို အပ်ချည်ဖြင့်သီနေသော မိခင်ဖြစ်သူ ထွေးရီကို မော့ကြည့်၍ မေးနေရှာသည်။

"အင်းပြန်လာခါနီးပြီထင်တယ်။ သားက ဖေကြီးကို မျှော်နေတာလား"

"ဟင့်အင်း ဖေကြီးကိုမမျှော်ဘူး။ ဖေကြီးပြန်လာမှာကို သားသားကြောက်တယ်"

မောင်ကောင်းစံကလေး၏ ငိုသံပါနေသောစကားများကြောင့် ထွေးရီရင်ထဲ နင့်သွားရသည်။

"ကိုယ့်အဖေ အိမ်ပြန်လာတာ ကြောက်စရာမှ မဟုတ်တာသားရယ်။ ဘာမှကြောက်စရာ မလိုဘူးနော်"

သားကလေးမောင်ကောင်းစံကို နှစ်သိမ့်စကား ပြောလိုက်ရသော်လည်း ထွေးရီကိုယ်တိုင်လည်း ခင်ပွန်းဖြစ်သူ သောင်းစိုးပြန်လာခါနီးတိုင်း ရင်ထိတ်နေရသည်။

(၂)

သောင်းစိုးသည် ထွေးရီ၏ ခင်ပွန်းဖြစ်သည်။ ထွေးရီတို့သားအမိကို ဆိုင်ကယ် ကယ်ရီဆွဲ၍ လုပ်ကိုင်ကျွေးနေသည်။ အိမ်ထောင်သက် တစ်နှစ်လောက်ထိ သောင်းစိုးသည် အရက်သေရည်သောက်စားခြင်းမရှိဘဲ ထွေးရီကို ကောင်းကောင်းမွန်မွန်ရှာဖွေကျွေးမွေးခဲ့သည်။ အိမ်ထောင်မကျခင်က "ထွေးရီနဲ့လက်ထပ်ပြီးရင် အရက်လုံးဝမသောက်တော့ဘူး"ဟု သောင်းစိုးပေးထားခဲ့သော ကတိသည်လည်း တည်မြဲခဲ့သည်မို့ ထွေးရီစိတ်ချမ်းသာခဲ့ရသည်။

အရက်သောက်တတ်သော သောင်းစိုးကို ထွေးရီမိဘများက မယူရန်တားမြစ်ခဲ့တော့ "သမီးရဲ့အချစ်နဲ့ သူရဲ့သောက်တတ်တဲ့အကျင့်ကိုရအောင် ပြင်ပြမယ်" ဆိုပြီး စိန်ခေါ်သလို ပြောခဲ့သောစကားတို့သည်လည်း မိဘများရှေ့တွင် လက်မထောင်ပြနိုင်ခဲ့ပြီ။

သို့သော် အိမ်ထောင်သက် တစ်နှစ်ကျော်လာချိန်မှာ သောင်းစိုးထံမှ ငုပ်လျှိုးနေသာအကျင့်တွေက ပြန်ပေါ်လာခဲ့ပြီ။ အလုပ်ပင်ပန်းမှုကို အကြောင်းပြပြီး ညနေခင်းအိမ်ပြန်ချိန်မှာ အရက်သောက်သောက်လာတတ်သည်။ သောက်ခါစက သူ့ဘာသာမူးလာလျှင် အိပ်ပျော်သွားလေ့ရှိသည်။ သောင်းစိုး အရက်ပြန်သောက်သော်လည်း မိသားစုနှင့်ပတ်ဝန်းကျင်ကို အနှောင့်အယှက်မပေးသဖြင့် ထွေးရီလည်း မသိကျိုးကျွန်ပြုနေလိုက်သည်။

သို့သော် နောက်ပိုင်းတော့ သောင်းစိုး အရက်မူးလာပါက ထွေးရီကို ပြဿနာရှာလာသည်။ ဟင်းချက်လျှင် သူမကြိုက်သည်ကိုချက်ရပ့ါမလားဆိုပြီး ဆဲဆိုသည်။ ထွေးရီ အကျိုးသင့်အကြောင်းသင့် ပြန်ရှင်းပြသော်လည်း သူ့ကိုမလေးမစားပြန်ပြောရမလားဆိုပြီး လက်ပါတော့သည်။ တစ်ခါတွင် သောင်းစိုးအလုပ်က ပြန်အလာ ထမင်းစားမည်ဟုပြောသောအခါ ဟင်းမကျက်သေး၍ ထွေးရီကို လက်သီးဖြင့်ထိုးပစ်လိုက်သောကြောင့် ထွေးရီ သတိမေ့သွားသည်။ အိမ်နီးချင်းတချို့ရောက်လာပြီး ထွေးရီကိုပွေ့ခေါ်၍ ရပ်ကွက်ဆေးခန်းသွားပြသောအခါ ထွေးရီတွင် ကိုယ်ဝန်သုံးလရှိနေကြောင်း သိခဲ့ရသည်။

သောင်းစိုးသည် သာမန်အချိန်တွင် ကိုယ်ဝန်သည်ထွေးရီကို ကြင်ကြင်နာနာရှိသော်လည်းအလုပ်သိမ်းပြီး အရက်မူးလာချိန်ဆိုလျှင် ပြဿနာတစ်ခုမဟုတ်တစ်ခုရှာကာ ထွေးရီကို ဆဲဆိုရိုက်နှက်သည်။ လူမှန်းမသိအောင် မူးလာပြီဆိုလျှင် ပတ်ဝန်းကျင်ကိုပါ သူ့စိတ်ထဲထင်တိုင်း အော်ဟစ်ဆဲဆိုတော့သည်။

"ငါ့ကို လူဆင်းရဲ၊ ကယ်ရီသမားဆိုပြီး မခန့်လေးစားတော့လာမလုပ်ကြနဲ့။ သောင်းစိုးဘာကောင်လဲ ဆိုတာသိသွားမယ်။ မင်းတို့ဘာသာ ပိုက်ဆံဘယ်လောက်ရှိရှိ ဂရုမစိုက်ဘူးကွ"

"ကိုသောင်းစိုးရယ် ကျွန်မကို နှိပ်စက်ပြီးရင် ကျေနပ်ပါတော့ရှင်။ ပတ်ဝန်းကျင်ကိုတော့ ဆဲဆိုမနေပါနဲ့"

"အောင်မာ မင်းက လျှာရှည်လို့။ ထပ်နာချင်ပြီထင်တယ်"

အရက်မူးလာလျှင် ကိုယ်ဝန်သည်ကိုလည်း ညှာတာရမှန်းမသိသော သောင်းစိုးအကြောင်းကို သိ၍ ထွေးရီဘာမျှ ပြန်မပြောရဲပေ။

(၃)

ကိုယ်ဝန်အရင့်အမာကြီးနှင့် သောင်းစိုး၏ နေ့စဉ်နီးပါးနှိပ်စက်သည့် ဒဏ်ကိုမခံနိုင်၍ ထွေးရီ အိမ်ပေါ်မှဆင်းကာ မိဘအိမ်ပြန်ခဲ့ဖူးသည်။ သို့သော် သောင်းစိုးသည် ညတိုင်းအရက်မူး၍ အိမ်ရှေ့လာပြီး ထွေးရီကို သူနှင့်ပြန်လိုက်ဖို့၊ မိဘများကိုလည်း ထွေးရီကို ဆက်ပြီးလက်ခံထားရင် ညတိုင်းအိမ်ရှေ့လာပြီးဆဲဆိုမည်ဟု ခြိမ်းခြောက်လွန်းသောကြောင့် ရပ်ကွက်ထဲတွင် ကိုယ့်ဂုဏ်သိက္ခာနှင့်ကိုယ် နေထိုင်သောမိဘများ အရှက်ကွဲမည်စိုး၍ ထွေးရီ သောင်းစိုးနှင့်ပြန်လိုက်လာခဲ့သည်မှာ သားကလေးမောင်ကောင်းစံပင် ငါးနှစ်ပြည့်ခဲ့ပြီ။

"ထွေးရီဟေ့ ထွေးရီ။ ဒီမိန်းမခေါ်နေတာ မကြားရအောင် သေနေတာလား"

အိမ်ရှေ့မှ သောင်းစိုးခေါ်သံကြောင့် ထွေးရီ၏ အတွေးများ ပစ္စုပ္ပန်ပြန်ရောက်သွားတော့သည်။

"မေမေ ဖေကြီးခေါ်နေပြီ အီးဟီး"

သောင်းစိုးကိုမမြင်ရသေးခင်ပင် သောင်းစိုး၏ အရက်မူးသံကြောင့် သားကလေးမောင်ကောင်းစံ ငိုနေလေပြီ။

"မငိုပါနဲ့သားရယ် ဖေကြီးက သားကို မရိုက်ဘူးနော်''

ထွေးရီမှာ သောင်းစိုးခေါ်သည်ကို ပြန်မထူးနိုင် သားကလေးမောင်ကောင်းစံကို ချော့နေရသည်။

"သားကိုမရိုက်လဲ ဖေကြီးက မေမေ့ကို ရိုက်မှာပေါ့"

ငါးနှစ်သား မောင်ကောင်းစံပင် သူ့အဖေ အရက်သမားကြီးအကြောင်းကို ကောင်းကောင်း သိနေသည်။

"အံမာ ငါခေါ်နေတာကိုပြန်မထူးရအောင် နင်က ငါ့ကိုအဖက်မလုပ်တာလား။ ဟိုကောင်ကလဲ ကျက်သရေမရှိ ငိုနေတာလား။ ကျက်သရေတုံးလိုက်ကြတာ"

"ကိုသောင်းစိုးရယ် ကလေးကို နင့်နင့်သည်းသည်းကြီးမပြောပါနဲ့။ တော် ဒီလိုအရက်တွေ မူးမူးပြီးပြန်လာ၊ ကျုပ်ကို ဆဲဆိုရိုက်နှက်တာတွေ တွေ့မြင်ရတော့ ကလေးက တော့်ကိုကြောက်ပြီး ငိုနေတာပါ"

"မငိုနဲ့ အိမ်ကျက်သရေမရှိဘူး"

"ဒီအိမ်မှာ ရှင်အရက်တွေသောက်နေကတည်းက ကျက်သရေမရှိတော့တာပါ"

"အံမာ ဒီမိန်းမ ဒီနေ့ တော်တော်သတ္တိတွေ ကောင်းနေပါ့လား၊ ကဲဟာ ငါ့ ပြန်ပြောချင်အုံး"

ထွေးရီပါးတစ်ဖက်ကို သောင်းစိုးလက်ပြန်ရိုက်ပစ်လိုက်သည်။ ထွေးရီလဲ ကျသွားသည်။

"အီး ဟီး မေမေ့ကိုမရိုက်ပါနဲ့ ဖေကြီးရယ်"

လဲကျနေသော ထွေးရီကို သားကလေး မောင်ကောင်းစံသည် သူ့လက်ကလေးနှစ်ဖက်ဖြင့် သောင်းစိုးထပ်မရိုက်အောင် ကာကွယ်ပေးထားသည်။

"အံမာ လူကလက်တောက်လောက်နဲ့ မင်းက ကယ်တင်ရှင်ကြီးလုပ်နေတာပေါ့လေ ကဲကွာ"

အရက်သည် သောင်းစိုးကို လူစိတ်တင်မက ဖခင်စိတ်ပါ ပျောက်အောင်ပြုလုပ်နေပြီ။ သားကလေး မောင်ကောင်းစံကို သောင်းစိုး ဇက်ပိုးရိုက်ပစ်လိုက်သည်။ ကလေးသည် ထွေးရီရင်ခွင်ထဲသို့ ခေါင်းငိုက်စိုက်ကျသွားသည်။ ကြောက်အားကြီးလွန်း၍ ငိုသံပင် မထွက်နိုင်ရှာတော့ပေ။

"ကိုသောင်းစိုးရယ် ကျုပ်ကိုသတ်ပစ်ချင် သတ်ပစ်ပါ။ ကျုပ်သားကလေးကိုတော့ မနှိပ်စက်ပါနဲ့ ရှင် အီး ဟီး"

ထွေးရီ ကိုယ့်အဖြစ်ကို ဝမ်းနည်းလွန်း၍ ချုံးပွဲချ ငိုပစ်လိုက်သည်။

"အေး သတ်မှာ။ နင်တို့ သားမိနှစ်ယောက်လုံးကို သတ်ပစ်မှာ"

သောင်းစိုး ထွေးရီတို့သားအမိကို ကြိမ်းမောင်း၍ ဆိုင်ကယ်လီဗာကို တဖျင်းဖျင်းဆွဲပြီး ခြံထဲမှ မောင်းထွက်သွားသည်။

(၄)

နောက်တစ်နေ့ညနေ သောင်းစိုးတစ်ယောက် အလုပ်မှ မူးရူးပြီးပြန်လာစဉ် ထွေးရီတို့ သားအမိကို အိမ်ရှေ့မှ လှမ်းအော်ခေါ်လိုက်သည်။ ပြန်ထူးသံမကြား၍ ဒေါသတကြီး အိမ်ထဲသို့ပြေးဝင်လာခဲ့သည်။ အိမ်ထဲလည်းမမြင်မိ၍ အိပ်ခန်းလိုက်ကာကို ဆွဲဖယ်ချိန်မှာတော့ ခုတင်ပေါ်တွင် အိပ်ပျော်နေသော ထွေးရီတို့ သားအမိကို တွေ့လိုက်ရသည်။

"ငါကတော့ အလုပ်က မောမောနဲ့ပြန်လာရတာ၊ မင်းတို့သားအမိက ကြိုရကောင်းမှန်းမသိဘဲ ဒီမှာလာအိပ်နေကြတယ်၊ ဟဲ့ ထွေးရီ ထွေးရီ ထစမ်း"

သောင်းစိုး ထွေးရီကို ခြေထောက်ဖြင့် ကန်နှိုးလိုက်သည်။ ထွေးရီက တုတ်တုတ်မျှမလှုပ်။ သားကလေး မောင်ကောင်းစံသည်လည်း ထိုးနည်းပင်ဖြစ်သည်။ ထွေးရီဘေးမှ အရက်ပြန်ဘူးခွံနှင့် ဖိထားသောစာရွက်လေးကိုတွေ့၍ သောင်းစိုး ဖတ်ကြည့်လိုက်သည်။

စာမျက်နှာ ၂၅ သို့ ➤

# စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၉၉၆၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၉၉၆၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ဧက ၁၀၃၀၀ စိုက် ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၉၆၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ပဲပုပ်ဧက ၁၀၃၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၉၉၆၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားကျရောက်မှု မရှိစေဖို့အတွက် ပညာပေးတာတွေလဲ ဆောင်ရွက်နေပါတယ်။ လိုအပ်တဲ့ မျိုးစေ့ရရှိဖို့နဲ့ တောင်သူတွေသိရှိနိုင်ဖို့အတွက် နှိုးဆော်ထားပြီးလဲဖြစ်ပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် မြို့နယ်အလိုက် ပဲပုပ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၂၀၂၂ ဧက၊ မြင်းမူမြို့နယ်တွင် ၇၁၈ ဧက၊ မြောင်မြို့နယ်တွင် ၇၂၂၃ ဧက စုစုပေါင်း ၉၉၆၃ ဧကဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ပဲပုပ်စိုက်တောင်သူများ ပဲပုပ်သီးနှံအောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေပြီး ဈေးကွက် လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာကာ လူမှုစီးပွားဘဝများမြင့်မားလာမည်ဖြစ်သဖြင့် ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မိုင်းဖြတ်မြို့နယ် အင်ပါဟူ(အောက်)ကျေးရွာ၌ ရေကျော်တံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုင်းဖြတ် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် အင်ပါဟူ(အောက်) ကျေးရွာ၌ ရေကျော်တံတား တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အမာလွင်၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ အင်ပါဟူ(အောက်) ကျေးရွာ၌ ရေကျော်တံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်အမာလွင်က ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အင်ပါဟူ(အောက်)ကျေးရွာ၌ အရှည် ၄၅ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်လက်မ ရေကျော်တံတား တည်ဆောက်ခြင်း လုပ်ငန်းကို VDP စီမံကိန်းပံ့ပိုး ငွေကျပ် သိန်း ၁၅၀၊ ပြည်သူ ထည့်ဝင်ငွေကျပ် သိန်း ၅၀ စုစုပေါင်း ငွေကျပ် သိန်း ၂၀၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။

**ဇင်မာ**

➤ စာမျက်နှာ ၂၄ မှအဆက်

"ကိုသောင်းစိုး တော်ကျွန်မတို့သားအမိကို ဒီလောက်နှိပ်စက်ရရင် ကျေနပ်ရောပေါ့ရှင်။ ကျွန်မတို့သားအမိကို ဝင့်ကျွတ်ခွင့်ပြုပါ။ သားကလေးတစ်ယောက်တည်း ရှင့်လိုအရက်သမားနဲ့ ထားခဲ့ရမှာကို စိတ်မချလို့ ကျွန်မရင်နာနာနဲ့ ခေါ်သွားပါတယ်။ ရှင့်အတွက် ညစာကိုလဲ ကျွန်မစားပွဲပေါ်မှာ နောက်ဆုံးပြင်ပေးခဲ့ပါတယ်"

ထွေးရီတို့သားအမိ၏ အဖြစ်ဆိုးကိုကြည့်ပြီး သောင်းစိုးအမူးပြေကာ ကယ်ကြပါအုံးဟု တဆာဆာအော်ပြီး ငိုကြွေးနေတော့သည်။ ရပ်ကွက်ထဲမှလူများလည်း ထွေးရီတို့သားအမိ၏ အဖြစ်အပျက်များကို သိပြီးချိန်မှာ သောင်းစိုးကို ဝိုင်းပြီးအပြစ်တင် ရှုတ်ချကြတော့သည်။

(၅)

ထွေးရီတို့သားအမိ ရက်လည်ပြီးချိန်မှာတော့ သောင်းစိုးသည် အရုပ်ဆိုးအကျည်းတန်လွန်းသည့် သူ့မိုက်ပြစ်များကြောင့် လူတောလည်းမတိုးရဲ၊ မိုက်ပြစ်များအတွက်လည်း နောင်တရကာ သာသနာ့ဘောင်သို့ ဝင်ခဲ့လေသည်။

"သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊ သေရည်သေရက်သောက်စာခြင်းမှ ရှောင်ကြဉ်ပါ၏ဆိုတဲ့ ငါးပါးသီလထဲမှာပါတဲ့ နောက်ဆုံးသီလဟာ ငါးပါးသီလထဲမှာ အရေးကြီးဆုံးလို့ ဦးပဥ္စင်းတော့ ပြောချင်တာပဲ။ သုရာမေရယဆိုတဲ့ သေရည်သေရက်သာ ရှောင်ကြဉ်နိုင်မယ်ဆိုရင် ရှေ့က သူတစ်ပါးအသက်သတ်ဖြတ်တာ၊ သူတစ်ပါးပစ္စည်းခိုးယူတာ၊ သူတစ်ပါးသားမယားစော်ကားဖျက်ဆီးတာ၊ သူတစ်ပါးကိုလိမ်ညာပြောဆိုတာဆိုတဲ့ သီလလေးပါးကိုလဲ ရှောင်ကြဉ်ပြီးသားဖြစ်နိုင်ပါတယ်။ အဲဒီ သုရာမေရယသီလ ကျိုးပေါက်ရင်တော့ ရှေ့က သီလလေးပါးကို ကျူးလွန်ဖို့လဲ ဝန်လေးတော့မှာမဟုတ်ဘူး။ သေရည်သေရက် လူ့ခန္ဓာကိုယ်ထဲဝင်သွားပြီဆိုရင် အဲဒီလူဟာ ကြောက်စိတ်လဲမရှိတော့ဘူး၊ ရှက်စိတ်လဲမရှိတော့ဘူး၊ ဒေါသကြီးပြီး စိတ်မြန်ကိုယ်မြန်ရှိတဲ့သူဆို အဆင်းကို ဘီးတပ်ပေးလိုက်သလိုပဲ ဒုစရိုက်မှုတွေ တသီကြီး လုပ်ပစ်လိုက်ကြတာပဲ"

"မိသားစုထဲမှာ အရက်သမားတစ်ယောက်ပါလာပြီဆိုရင် အဲဒီမိသားစုဟာ သာယာတဲ့မိသားစုဖြစ်ဖို့ဆိုတာဝေးရော အရက်သမားဇနီးမယား၊ အရက်သမားသားသမီးဆိုပြီး လူတောထဲ ခေါင်းမဖော်ဝံ့လောက်အောင်ကို ဖြစ်သွားတတ်ကြတယ်။ ဒါကြောင့် သေရည်သေရက်ကို စွဲလမ်းမိပြီဆိုရင် သေရည်သေရက်နဲ့အတူ ဒုက္ခမျိုးစုံကလဲ အဖော်အပေါင်းနဲ့တွဲပြီး ပါလာတတ်ကြတယ် ဦးပဥ္စင်းဦးသာဝရရေ"

ကျောင်းထိုင်ဘုန်းကြီး ဦးသုမနက ကိုရင်ငယ်လေးများကို မင်္ဂလသုတ် သင်ကြားပေးပြီး၍ သောင်းစိုးဘဝမှ ဦးပဥ္စင်းဦးသာဝရအဖြစ်သို့ ရောက်ရှိသွားသော ဦးပဥ္စင်းကြီးကို အရက်၏ဆိုးကျိုးများအား ဟောကြားပေးနေသည်။

ဦးပဥ္စင်းကြီးဦးသာဝရမှာ မျက်ရည်များတတွေတွေကြွေကျကာ ခေါင်းငိုက်စိုက်ချ၍ နာယူနေတော့သည်။

## စိတ်ကောင်းမွေးပါ

\- လူတိုင်းအပေါ် စိတ်ကောင်းထား
နှလုံးသား ဖြူစင်ရာ၊
စိတ်ယုတ်တွေ ဖယ်ပစ်ဝေး
ယဉ်ကျေးဖို့ပါ၊
သမာဓိ တည်ရှိကာ
မကောင်းတာ ဖယ်ရှား၊
အစဉ်သာ အများကျိုး
သယ်ပိုးစေသား။

\- စိတ်ရင်းဖြူ ကူညီမနော
ချစ်ခင်အပြော ဂုဏ်တက်သည်၊
လေးစားမှန် လူ့သမိုင်း
မရိုင်းလှမည်၊
စိတ်နှလုံး လှလို့တည်
မျက်နှာကြည် လာဘ်လည်းပွင့်၊
လောကအလယ် ဂုဏ်မညှိုး
ဖွံ့ဖြိုးဂုဏ်ဆင့်။

\- မကောင်းရာ ရှောင်ရှားသင့်
စိတ်ကောင်းမြင့် ထားစေချင်၊
သောကတွေ ကင်းစင်ဝေး
အေးချမ်းဝန်းကျင်၊
အောင်မြင်မှု ပန်းတိုင်ဝင်
အလုပ်ခွင် အဆင်ပြေချော၊
ပေါင်းသင်းပျော် ကျင့်ကြံသုံးလို့
ရွှင်ပြုံးမနော။ ။

ရွှေမြိုင်သူ(မြန်မာစာ)

# ပွင့်ဖြူမြို့နယ် သာစည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ပွင့်ဖြူ ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ခုပ်ပင်ကျေးရွာအုပ်စု သာစည်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှရွှေမောင်က စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကိုရှင်းလင်းပြောကြားပြီး သာစည်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၆ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သာစည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၇ ဦးကို ငွေကျပ် ၃၀ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၁၀ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၃ ဒသမ ၃ သန်း၊ အခြားလုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၈ ဦးကို ငွေကျပ် ၅၆ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှရွှေမောင်ထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုနေ့အတွေးများ

စိန်ဌေးလှိုင်(ဟိုပုံးမြေ)



မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် တပို့တွဲလပြည့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့ဟာ မြန်မာနိုင်ငံရဲ့ မင်္ဂလာရှိရာ "၇၈နှစ်မြောက် ပြည်ထောင်စုနေ့" ဖြစ်ပါတယ်။ ဒီနှစ် ပြည်ထောင်စုနေ့ဟာ မြန်မာ့ရိုးရာ ထမနဲပွဲကျင်းပတဲ့ တပို့တွဲလပြည့်နဲ့ တိုက်ဆိုင်နေတာကြောင့် ပိုလို့ပင် မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတယ်လို့ ဆိုလိုက်ပါရစေ။ ပြည်ထောင်စုနေ့လို့ ဆိုလိုက်တာနဲ့ စာရေးသူ ငယ်စဉ်က ကြုံတွေ့ခဲ့ရတဲ့ ကဗျာရွတ်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပဒေသာကပွဲ၊ ဇာတ်ပွဲ စတဲ့ပျော်ပွဲရွှင်ပွဲတွေကို သတိရတမ်းတမိပါတယ်။ တစ်နိုင်ငံလုံး လှည့်လည်နေတဲ့ ပြည်ထောင်စုအလံတော်ဟာ စာရေးသူတို့မြို့လေးမှာ ညအိပ်ရပ်နားပါတယ်။ ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် မြန်မာ့ဇာတ်ပွဲကအစ သစ်သီးဝလံပြိုင်ပွဲအဆုံး ထည့်သွင်းကျင်းပကြပါတယ်။ စာရေးသူနဲ့ အရင်းနှီးဆုံးပြိုင်ပွဲမှာ ကဗျာရွတ်ပြိုင်ပွဲနဲ့ စာစီစာကုံးပြိုင်ပွဲဖြစ်ပါတယ်။ စာရေးသူတို့ သူငယ်ချင်းရစ်ယောက်ဟာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နဲ့ ရှမ်းတိုင်းရင်းသားဝတ်စုံတွေ ဝတ်ဆင်ပြီး ယှဉ်ပြိုင်ကြပါတယ်။ စာရေးသူက ဗမာတိုင်းရင်းသားဝတ်စုံကို ဝတ်ဆင်ရပါတယ်။ အခြေခံပညာမူလတန်းကျောင်းအလိုက် ယှဉ်ပြိုင်ရပြီး စာရေးသူတို့အဖွဲ့က ပထမဆုရပါတယ်။ ရွတ်ဆိုခဲ့တဲ့ ကဗျာအမည်က ပြည်ထောင်စုရဲ့အားဖြစ်ပြီး ယနေ့တိုင်အောင် အလွတ်ရနေဆဲပါ။ ဒ့ါပြင် ချမ်းအေးကာ နှင်းမှုန်ကျနေတဲ့ ဆောင်းရာသီမြင်ကွင်းကို ကြည့်ပြီး စာစီစာကုံးရေးရတာက အလွန်အသက်ဝင်တာကြောင့် ပထမဆုကိုလဲ ရရှိပြန်ပါတယ်။ ဒီလိုအကြောင်းတွေကြောင့် ပြည်ထောင်စုနေ့ရောက်တိုင်း စာရေးသူစိတ်ထဲမှာ အလိုလိုကြည်နူးရပါတယ်။

ပြည်ထောင်စုနေ့ဆိုသည်မှာ ပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့တဲ့ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့ကို ခေါ်ဆိုပါတယ်။ ပြည်ထောင်စုနေ့ပေါ်ပေါက်လာပုံမှာ ဤသို့ပင်ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၁၈၈၅ ခုနှစ်က တတိယအင်္ဂလိပ်-မြန်မာစစ်ဖြစ်ခဲ့ပြီး အင်္ဂလိပ်တို့က တစ်နိုင်ငံလုံးကို သိမ်းပိုက်ပါတယ်။ မြန်မာတို့ဟာ အားမသန်လို့ မာန်လျှော့ခဲ့ရပေမဲ့ နယ်ချဲ့ကို တော်လှန်လိုတဲ့ စိတ်ဓာတ်ဟာ ကိန်းအောင်းနေပါတယ်။ ၁၉၃၀ ပြည့်နှစ်မှာ အမျိုးသားကျောင်းတွေ ပေါ်ပေါက်လာပါတယ်။ မျိုးချစ်လူငယ်ခေါင်းဆောင်တွေ ပေါ်ထွန်းခဲ့ပြီး နယ်ချဲ့အင်္ဂလိပ်ကို လက်နက်ကိုင်တော်လှန်မှသာ လွတ်လပ်ရေးရနိုင်မယ်လို့ နားလည်လာကြပါတယ်။ ဒ့ါကြောင့် အင်္ဂလိပ်တို့ကို ပြန်လည်တွန်းလှန်ရမဲ့နည်းလမ်းရှာဖွေကြပါတယ်။ ဖက်ဆစ်ဂျပန်နဲ့ အဆက်အသွယ်ရတဲ့အခါ သခင်အောင်ဆန်း ခေါင်းဆောင်တဲ့ မျိုးချစ်လူငယ် အယောက် ၃၀ (ရဲဘော်သုံးကျိပ်)ဟာ တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ကျွန်းရှိ စန်ယစစ်ပညာသင်တန်းကျောင်းတွင် စစ်ပညာသင်ကြားကြပါတယ်။ ရဲဘော်သုံးကျိပ်ဟာ တရုတ်နိုင်ငံကအပြန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်နေ့မှာ ဖွဲ့စည်းလိုက်ပါတယ်။ ဒီနောက် ဂျပန်တပ်နဲ့ ပူးပေါင်းကာ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ခဲ့ပြီး ၁၉၄၂ ခုနှစ် ဧပြီလမှာ တစ်နိုင်ငံလုံးကို သိမ်းသွင်းနိုင်ပါတယ်။ စာရေးသူတို့နိုင်ငံဟာ ဂျပန်တို့လက်အောက် ကျရောက်ခဲ့ပါတယ်။ ဂျပန်တို့က မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးပါတယ်။ ဒါပေမဲ့ ဒီလွတ်လပ်ရေးဟာ ရွှေရည်စိမ်လွတ်လပ်ရေးအတုဖြစ်ပါတယ်။ မြန်မာ့တပ်မတော်ဟာ ပြည်သူတစ်ရပ်လုံးနဲ့အတူ ဖက်ဆစ်တော်လှန်ရေးကို ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့မှာ စတင်ဆင်နွှဲပါတယ်။ ဖက်ဆစ်ဂျပန်တို့ ထွက်ခွာသွားတာနဲ့ အင်္ဂလိပ်တို့က ဒုတိယအကြိမ် အုပ်ချုပ်ပြန်ပါတယ်။ မြန်မာတို့ဟာ လွတ်လပ်ရေးရဖို့ ဆက်လက်ကြိုးစားရာမှာ ၁၉၄၇ ဇန်နဝါရီ ၂၇ ရက်နေ့တွင် အောင်ဆန်း-အက်တလီ စာချုပ်ကို ချုပ်ဆိုခဲ့ပါတယ်။ ဒီစာချုပ်မှာ "ပြည်မနှင့် တောင်တန်းဒေသများပူးပေါင်းရန်" ဆိုတဲ့ အချက် ပါဝင်နေပါတယ်။ အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးပရိယာယ်ကြွယ်ဝမှုကြောင့် တိုင်းရင်းသားအချင်းချင်းဟာ သွေးကွဲခဲ့ရပါတယ်။ လွတ်လပ်ရေးမဖြစ်မနေပေးမယ် ဆိုတဲ့အခါ တောင်တန်းဒေသကို ချန်လှပ်ထားချင်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ ဗြိတိန်နိုင်ငံကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလမှာ သွားရောက်ပါတယ်။ ပြည်မအပါအဝင် တောင်တန်းဒေသများကိုပါ လွတ်လပ်ရေးပေးဖို့ အရေးဆိုပါတယ်။ ရှမ်းပြည်နယ် တောင်ပိုင်း ပင်လုံမြို့မှာ ပင်လုံညီလာခံကြီးကို ၁၉၄၇ ဖေဖော်ဝါရီလ ၁၁ ရက်တွင် ကျင်းပပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့အဖွဲ့နဲ့ တောင်တန်းဒေသကိုယ်စားလှယ် ၂၃ ဦးတို့ဟာ "တောင်တန်းဒေသများက ပြည်မကြီးနှင့် ပူးပေါင်းရန်" ဆိုတဲ့ သဘောတူညီချက်ရခဲ့ပါတယ်။ ဒီနောက် ၁၉၄၇ ဖေဖော်ဝါရီ ၁၂ ရက်တွင် အချက်ကိုးချက်ပါဝင်တဲ့ "ပင်လုံစာချုပ်"ကို လက်မှတ်ရေးထိုးကြပါတယ်။ ပင်လုံစာချုပ်ကြောင့် အင်္ဂလိပ်အစိုးရက ပြည်မနဲ့အတူ တောင်တန်းဒေသတွကိုပါ တစ်ပြိုင်တည်း လွတ်လပ်ရေးပေးခဲ့ရပါတယ်။ ဒါကြောင့် စာရေးသူတို့နိုင်ငံဟာ အချုပ်အခြာအာဏာပိုင်စိုးတဲ့ နိုင်ငံအဖြစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့မှာ လွတ်လပ်ရေးရခဲ့ပါတယ်။

စာရေးသူတို့ ကလေးအရွယ်မှစကာ ဒီနေ့ထိ ပြည်ထောင်စုနေ့အခမ်းအနားကို ကျင်းပနေမြဲဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ယခုနှစ်မှာ ကျရောက်တဲ့ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အတွက် အမျိုးသားရေးဦးတည်ချက်တွေ ချမှတ်ထားပါတယ်။ ဒီဦးတည်ချက်တွေကို သုံးသပ်တင်ပြပါအုံးမယ်။ ပထမဆုံးအချက်မှာ "ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်များဖြင့် ပြည်ထောင်စုကြီးအစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး"လို့ ဖော်ပြထားပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ " ပြည်သူအားလုံး တစ်စည်းတစ်လုံးတည်းရှိနေမှုနှင့် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ညီညွတ်စွာ အားထုတ်ခြင်း" လို့ အဓိပ္ပာယ်ရပါတယ်။ ဒ့ါပြင် ဝံသာနုရက္ခိတတရားထွန်းကားဖို့လဲ လိုအပ်ပါတယ်။ "မိမိနိုင်ငံနှင့် လူမျိုးအား အစဉ်စောင့်ရှောက်ခြင်း"ကို ဝံသာနုရက္ခိတတရားလို့ ခေါ်ဆိုကြောင်း မြန်မာအဘိဓာန်မှာ ဖွင့်ဆိုထားပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံတော်မှာ ကျရောက်နိုင်မဲ့၊ ကျရောက်လာမဲ့ အခက်အခဲတွေကို ကာကွယ်ပေးလိုတဲ့ စိတ်ထားဖြစ်ပါတယ်။ ဗုဒ္ဓဘာသာမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ လူမှုဆက်ဆံရေးနည်းလမ်းတွေရှိပြီး ဒါတွေကို ဗြဟ္မစိုရ်တရားလေးပါးလို့ သတ်မှတ်ပါတယ်။ တိုင်းရင်းသားအားလုံးမှာ ဒီစိတ်ထားရှိသင့်ပါတယ်။ ဒ့ါပြင် နိုင်ငံသူ၊ နိုင်ငံသားအပေါင်းတို့မှာ စစ်မှန်တဲ့မျိုးချစ်စိတ်ဓာတ်ကိန်းအောင်းနေရပါမယ်။ "မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိဘာသာ၊ မိမိစာပေ၊ မိမိယဉ်ကျေးမှုကို ချစ်မြတ်နိုးတဲ့စိတ်၊ တိုင်းပြည်နဲ့ လူမျိုးကို ထိပါးတယ်ဆိုရင် မချိအောင်နာတဲ့စိတ်" ကို မျိုးချစ်စိတ်ဓာတ်လို့ ခေါ်ဆိုပါတယ်။

ဒုတိယအချက်မှာ "လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများက လက်တွဲပူးပေါင်းဆောင်ရွက်ရေး"လို့ ဆိုထားပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်ခိုင်မာမာ မတည်ဆောက်နိုင်သေးတာကြောင့် နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးရတာကို မျက်ဝါးထင်ထင် မြင်တွေ့နိုင်ပါတယ်။ ငြိမ်းချမ်းရေးကို အပြည့်အဝ မဖော်နိုင်သမျှကာလပတ်လုံး ဖွံ့ဖြိုးတိုးတက်မှုကို ပြည်ထောင်စုသားအချင်းချင်း ဝေမျှခံစားဖို့ အခွင့်အလမ်းနည်းပါးနေပါအုံးမယ်။ ဒါကြောင့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ထာဝစဉ်ငြိမ်းချမ်းရေးရရှိဖို့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေနဲ့ တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ် လျှောက်လှမ်းဖို့ အဖွဲ့အစည်းတွေကို ဖိတ်ခေါ်ထားပါတယ်။ တိုင်းရင်းသားအပေါင်းတို့ကလဲ လက်တွဲပူးပေါင်းရပါမယ်။

တတိယအချက်မှာ"ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ အတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ရေး"လို့ ရေးသားထားပါတယ်။ စာရေးသူတို့နိုင်ငံမှာ ကိုလိုနီလက်အောက်ကျရောက်ခဲ့စဉ် အုပ်စိုးသူတို့ဟာ တိုင်းရင်းသားတို့ကြား အမျိုးမျိုးသပ်လျှိုခဲ့တာကြောင့် စည်းလုံးညီညွတ်မှု အားနည်းခဲ့ရပါတယ်။ ဒါတင်မကသေးပါဘူး။ လက်ရှိကာလမှာ အချို့သော တိုင်းရင်းသားလက်နက်ကိုင်တွေဟာ ဒေသအရေး၊ ပြည်နယ်အရေး၊ လူမျိုးအရေး၊ ကိုယ်ကျိုးစီးပွားအရေး စသဖြင့် အကြောင်းအမျိုးမျိုးပြကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖြိုခွဲလျက်ရှိပါတယ်။ တိုင်းရင်းသားအချင်းချင်း အပြန်အလှန်ချစ်ခင်လေးစားယုံကြည်မှုရှိကာ စည်းလုံးညီညွတ်နေဖို့ လိုပါတယ်။

စတုတ္ထအချက်မှာ "ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး" လို့ သတ်မှတ်ထားပါတယ်။ ပြည်နယ်၊ တိုင်းဒေသကြီးတွေ တည်ငြိမ်အေးချမ်းပြီးတရားဥပဒေစိုးမိုးမှုရှိမှ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးမယ်ဆိုတာ ပကတိအမှန်တရားဖြစ်ပါတယ်။ ဒါကြောင့် စာရေးသူတို့ နိုင်ငံကြီးတည်ငြိမ်အေးချမ်းစေဖို့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ မြန်မာ့တပ်မတော်နဲ့ တိုင်းရင်းသားပြည်သူအပေါင်းတို့ဟာ လက်တွဲကြိုးပမ်းဆောင်ရွက်ရပါမယ်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ဖို့ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ပါတယ်။

ပဥ္စမအချက်မှာ " ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး"လို့ ဖော်ပြထားပါတယ်။ တောင်ပေါ်မြေပြန့်မှ တိုင်းရင်းသားတွေရဲ့ စုပေါင်းအားကြောင့် "ပြည်ထောင်စုမြန်မာနိုင်ငံ"ပေါ်ထွန်းလာခဲ့ပါတယ်။ မြန်မာအဘိဓာန်မှာ "မြန်" ဆိုတာက "ခက်ခဲသောအရေးအကြောင်းနှင့် ကြုံရသည့်အခါ ဤအရေးကိုပြီးစီးအောင်မြင်ရန် ဇဝနဉာဏ်၊ တိက္ခပတ္တိဉာဏ်တို့ဖြင့် လျင်မြန်စွာ ကြံစည်တတ်သော သတ္တိဂုဏ်နှင့် ပြည့်စုံခြင်း"၊ "မာ" ဆိုတာ "မည်သည့်အရာမဆို ဆန္ဒ၊ အာသီသနှလုံးသွင်းသည့်အတိုင်း ပေါက်မြောက်အောင် မလျှော့သော လုံ့လ၊ ဝီရိယ၊ သတ္တိနှင့် ပြည့်စုံခြင်း"လို့ ဖော်ပြထားပါတယ်။

စာရေးသူတို့နိုင်ငံရဲ့ ပြည်ထောင်စုနေ့မှာ အေးမြတဲ့ဆောင်းရာသီရဲ့ ဖေဖော်ဝါရီလအတွင်း ကျရောက်ပါတယ်။ အေးချမ်းတဲ့နိမိတ်ကို ဖော်ဆောင်နေပါတယ်။ စည်းလုံးညီညွတ်တဲ့ ပြည်ထောင်စုကြီး ပေါ်ထွန်းစေဖို့ရာ ဗိုလ်ချုပ်အောင်ဆန်း၊ အမျိုးသားခေါင်းဆောင်ကြီးများနဲ့ တောင်တန်းဒေသတိုင်းရင်းသားတို့မှာ ခက်ခဲပင်ပန်းစွာ ဆောင်ရွက်ခဲ့ရပါတယ်။ တည်ဆောက်ရရှိပြီးဖြစ်တဲ့ ပြည်ထောင်စုကို ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းရမည်မှာ နောင်လာနောက်သားတို့ရဲ့တာဝန်ဖြစ်ကြောင်း စာရေးသူဟာ ပြည်ထောင်စုနေ့နဲ့ ပတ်သက်ပြီး တွေးတောစဉ်းစားနေမိပါတော့တယ်။

**ကိုးကား**

- ဦးသန့်၏ပြည်တော်သာခရီး။
- ပင်လုံကျောက်တိုင်မှုရင်းပုံ။

❖ရှမ်းပြည်နယ် တောင်ပိုင်း ပင်လုံမြို့မှာ ပင်လုံညီလာခံကြီးကို ၁၉၄၇ ဖေဖော်ဝါရီလ ၁၁ ရက်တွင် ကျင်းပပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့အဖွဲ့နဲ့ တောင်တန်းဒေသကိုယ်စားလှယ် ၂၃ ဦးတို့ဟာ "တောင်တန်းဒေသများက ပြည်မကြီးနှင့် ပူးပေါင်းရန်" ဆိုတဲ့ သဘောတူညီချက်ရခဲ့ပါတယ်။ ဒီနောက် ၁၉၄၇ ဖေဖော်ဝါရီ ၁၂ ရက်တွင် အချက်ကိုးချက်ပါဝင်တဲ့ "ပင်လုံစာချုပ်" ကို လက်မှတ်ရေးထိုးကြပါတယ်။ ပင်လုံစာချုပ်ကြောင့် အင်္ဂလိပ်အစိုးရက ပြည်မနဲ့အတူ တောင်တန်းဒေသတွကိုပါ တစ်ပြိုင်တည်း လွတ်လပ်ရေးပေးခဲ့ရပါတယ်။ ❖

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၃၂၃၅ ဧက စိုက်ပျိုးမည်

ပွင့်ဖြူ ဇန်နဝါရီ ၁၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၃၂၃၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် နွေစပါးစိုက်ခင်းကို တွေ့ရစဉ်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၃၂၃၅ ဧက စိုက်ပျိုးရန် လျာထားပြီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

" ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စပါး ၃၃၂၃၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ တောင်သူတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ နည်းပညာပေးလုပ်ငန်းတွေ ကြိုတင်ဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၃၃၂၃၅ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ဒေသခံတောင်သူများ အဓိကစိုက်ပျိုးသွားမည့် စပါးမျိုးများမှာ GW-1၊ ရတနာတိုး၊ မနောသုခ၊ ဆင်းသုခ၊ စသည့် စပါးမျိုးများကို အများဆုံး စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

စပါးသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုများ ကောင်းမွန်၍ ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်း တည်ငြိမ်ကာ တောင်သူများအတွက် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်အောင် ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# လှည်းကူးမြို့နယ် ကွဲအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

လှည်းကူး ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွဲအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှည်းကူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်သန်း၊ လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကွဲအင်းကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကွဲအင်းကျေးရွာ၌ အကျယ် လေးလက်မခွဲ၊ အနက် ပေ ၆၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကို ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၄၁ ဒသမ ၃၅ သန်းဖြင့် ရွှေရည်သန့်ကုမ္ပဏီက ၂၀၂၄ ခုနှစ် စက်တင်ဘာလ ဒုတိယပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် ကွဲအင်းကျေးရွာရှိ ပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိပြီဖြစ်ကြောင်း လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးထံမှ သိရသည်။

အိပိုးပိုး

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ပင်လယ်ငါးခြောက်အစုံ ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ ဇန်နဝါရီ ၁၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ပင်လယ်ငါးခြောက်အစုံ ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင်ဒေါ်ညိုက ပြောပြသည်။



ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက ပင်လယ်ငါးခြောက်အစုံ ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက် ထိ တစ်လအတွင်း ပင်လယ်ငါးခြောက်အစုံ ပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

"ဖျာပုံမြို့နယ်ကနေ ထွက်တဲ့ ပင်လယ်ငါးခြောက်အစုံကို စနစ်တကျ ထုတ်ပိုးပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ပင်လယ်ငါးခြောက်အစုံပိဿာချိန် ၇၁၀၀၀ ထိ ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ တင်ပို့ရောင်းချမှုအားတက်ခဲ့တာဖြစ်ပါတယ်" ဟု ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင်ဒေါ်ညိုက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက်တစ်ပိဿာချင်း ဈေးနှုန်းသည် ငါးဖောင်ရိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀၊ ငါးကွမ်းရှပ်(ငါးညို) တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀၊ ပင်လယ်ငါးပြေမငါးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၄၀၀၀၊ ငါးလိပ်ငါးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀၀၊ ငါးအာပုံခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၉၅၀၀ ပေါက်ဈေးရှိကြောင်း ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ညိုထံမှ သိရသည်။

ကျော်ကျော်လင်း

# မင်းလှမြို့နယ် မလွန်စမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းလှ ဇန်နဝါရီ ၁၈

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မလွန်စမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက မလွန်စမ်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်းလျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ မိသားစုတစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုလုပ်ကိုင်ဆောင်ရွက်စေလိုကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၆ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မလွန်စမ်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၁၈ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၂၄ ဒသမ ၉၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက ပြောပြ၍ သိရသည်။

ချိုလေး

# ကြို့ပင်ကောက်မြို့နယ် ကျွန်းနက်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

ကြို့ပင်ကောက် ဇန်နဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းနက်ကုန်းကျေးရွာ၌ တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကျွန်းနက်ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ ကျွန်းနက်ကုန်းကျေးရွာ၌ လမ်း အရှည် ပေ ၃၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း၊ Slab Culvert တံတားသုံးစင်း တည်ဆောက်ခြင်း လုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၀၁ ဒသမ ၇၅ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာများ စုဖွဲ့ကာ ၂၀၂၄ ခုနှစ် ဇူလိုင်လ စတုတ္ထပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျွန်းနက်ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နိုင်မှုကြောင့် ကျွန်းနက်ကုန်းကျေးရွာရှိ စိုက်ပျိုးမြေဧက ၄၃၀ ကျော်မှ ထွက်ရှိသော ကုန်ပစ္စည်းများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျော်ဦး

# ကင်းဝန်မင်းကြီး ဦးကောင်း

**မောင်သင်းထုံ(ကျောက်မဲ)**



ကင်းဝန်မင်းကြီးဦးကောင်း

ကင်းဝန်မင်းကြီး ဦးကောင်းဆိုတာနဲ့ ဘိလပ်သွားသံအဖွဲ့မှတ်တမ်းကိုသတိရကြမှာပါ။ ဘကြီးတော်မင်းလက်ထက်မှာ အင်္ဂလိပ်နဲ့ မြန်မာစစ်ဖြစ်ပြီး စစ်ရှုံးတော့ တနင်္သာရီနဲ့ ရခိုင်ကို အင်္ဂလိပ်တွေက သိမ်းပါတယ်။ ပုဂံမင်းလက်ထက်မှာ ဒုတိယအကြိမ်စစ်ရှုံးတော့ သရက်မြို့ထိ မြန်မာပိုင်နက်ကို စွန့်လွှတ်ခဲ့ရပါတယ်။ ပုဂံမင်းနောက် စိုးစံတဲ့မင်းတုန်းမင်းက အမြော်အမြင်ကြီးတာကြောင့် အင်္ဂလိပ်နဲ့ဆက်ဆံရေးက သင့်တင့်ခဲ့ပါတယ်။

ဦးကောင်းက မင်းတုန်းမင်းနဲ့ သီပေါမင်း နှစ်ဆက်မှာ အမှုထမ်းခဲ့သူပါ။ မင်းတုန်းမင်းလက်ထက်ကစလို့ ရာထူးတွေတက်လာရာ သီပေါမင်းလက်ထက်မှာကျတော့ အထွတ်အထိပ်ရောက်တော့တာပေါ့။ နန်းတွင်းမှာ အလွန်ပဲအရာရောက်ခဲ့သူပါ။

ဦးကောင်းရဲ့အဖေ ဦးမှိုဟာ မုံရွာနယ် ပန့်ကျီတိုက်အဝင် မင်းတိုင်ပင်ရွာကပါ။ အသည်မျိုးမဟုတ်၊ နတ်သျှင်ရွှေး သေနတ်စုထဲက ဖြစ်ပါတယ်။ အဲဒီအရပ်က လူတွေဟာ စစ်မက်မရှိတဲ့အချိန်ဆို ကိုယ့်အရပ်ပြန် အေးအေးချမ်းချမ်းလုပ်ကိုင်စားကြတဲ့သူတွေပါ။ ရက်ကန်းလုပ်ငန်းသုံးရင်းသွားများကို လုပ်ကိုင် ရောင်းချကြပါတယ်။ တိုင်းရင်းဆေးဆရာလုပ်ပြီး အသက်မွေးကြသူတွေလဲရှိပါတယ်။

ဦးကောင်းကို ၁၈၂၂ ခုနှစ်တွင် မွေးဖွားပါတယ်။ အဖေက အစုသားဆိုတော့ သားကလဲ ကြီးလာရင် အစုသားတာဝန်ထမ်းရွက်မှာပါ။ ဦးကောင်းတို့က အစုသား ရိုးရိုးမဟုတ် စာတတ်ပေတတ်တော့ မင်းပါးစိုးခွင်ရောက်ကာ မင်းတိုင်ပင်အမတ်ထိ ဖြစ်လာတော့တာပေါ့။ ပညာလိုလားတဲ့ ဦးကောင်းဟာ အနီးအနားက ကျောင်းတွေမှာ ကျောင်းတက်ရတယ်။ ကိုရင်ဘဝ၊ ရဟန်းဘဝနဲ့ ဆန်းကျမ်းဗေဒင်ပညာတွေသင်တယ်။ ဒါတင်မက အမရပူရ ဗားကရာကျောင်းမှာ စာဝါဆက်သင်ပါတယ်။

ဦးပဉ္စင်းဘဝ ပဒူးရွာကျောင်းမှာနေစဉ် ဦးရန်ဝေးဆိုသူနဲ့ခင်ကာ ဘဝအတွက် တက်လမ်းပေါ်လာပါတယ်။ နောင်မှာ မင်းတုန်းမင်းကိုးကွယ်တဲ့ ဆရာတော်ဖြစ်လာပါတယ်။ မင်းတုန်းမင်းက ပညာဗဟုသုတအရာ လေ့လာသူများလိုချင်ပါတယ် လို့လျှောက်တော့ ဦးရန်ဝေးရဲ့အဆက်အသွယ်နဲ့ ဦးကောင်းဟာ မင်းတုန်းမင်းအိမ်တော်ရောက်ပါတယ်။

မင်းတုန်းမင်းရဲ့နောင်တော် ပုဂံမင်းကို ပြည်သူတွေက မကြည်ညိုကြပါဘူး။ အဲဒီမင်းဟာ ညီလာခံမတတ်ဘဲ ကြက်တိုက်၊ လက်ဝှေ့ပြိုင်ပွဲတွေနဲ့ အချိန်ဖြုန်းနေတော့ ပြည်သူတွေက မကြည်ညိုကြတာပေါ့။ ၁၈၅၃ ခုနှစ်မှာ ရမည်းသင်းသေနတ်ဗိုလ် ဦးစိုအစရှိတဲ့ သစ္စာရှိနောက်လိုက်တွေရဲ့အကူအညီနဲ့ မင်းတုန်းမင်းသားဟာ နောင်တော်ကိုအနိုင်ရပြီး အမရပူရကို သိမ်းပိုက်ခဲ့ပါတယ်။

ဦးကောင်းဟာ မင်းတုန်းမင်းအိမ်တော်မှာနေစဉ်ကတည်းက သူ့ရဲ့အလျှောက်အပြကောင်းမှု၊ သတ်ပုံသတ်ညွှန်း မှန်ကန်မှုတွေကြောင့် ဘဏ္ဍာစာရေးအဖြစ် ခန့်တာခံခဲ့ရပါတယ်။ ဘကြီးတော်မင်းလက်ထက်တုန်းက အမျိုးတော်ဖြစ်ခဲ့တဲ့ ဆင်ကြန်သခင်နဲ့ မင်းတုန်းမင်းက လက်ထပ်ပေးခဲ့တာ။ မင်းတုန်းမင်းသား ဘုရင်ဖြစ်တော့ ရွှေတိုက်စိုးရာထူးကနေ ကင်းဝန်ထောက်အထိပင် ရာထူးတွေရခဲ့ပါရောလား။

၁၈၅၃ ခုနှစ်မှာ မင်းတုန်းမင်းဟာ အမရပူရကို မကြိုက်လို့ မန္တလေးမြို့သစ်တည်မယ်ဆိုတော့ ကင်းဝန်မင်းကြီးက အဆောက်အအုံနန်းတော်ပုံစံရေးဆွဲပေးခဲ့တာပါ။ နောက်တော့ မန္တလေး စိမ်းလန်းသာယာရေးဥယျာဉ် ၂၀ ဆောက်လုပ်ရေးတွေ လုပ်ဆောင်ပေးခဲ့ပါတယ်။ ၁၈၆၆ ခုနှစ် မြင်ကွန်းနဲ့ မြင်းခုန်တိုင်အရေးဖြစ်တော့ သူပုန်တွေက ကနောင်မင်းကို သတ်တဲ့အခါ ဦးရန်ဝေးနဲ့ ဦးကောင်းက ဘုရင်ဘက်မှ ခုခံတိုက်ခိုက်ခဲ့ကြပါတယ်။

ဦးကောင်းဟာ မင်းမှုရေးရာတွေမှာ စိတ်အားထည့် ဆောင်ရွက်တယ်။ ဗဟုသုတကြွယ်ဝပြီး စာကဗျာပညာနဲ့ မင်းတုန်းမင်းကြီးရဲ့ဝါသနာကို ဖြည့်ဆည်းပေးခဲ့ပါတယ်။ မင်းတုန်းမင်းကြီးဟာ ကိုးခန်းပျို့ထဲက မင်းသားတောထွက်ခန်းကို ကြိုက်တယ်။ အဲဒါကို ဦးကောင်းကို ကဗျာဖွဲ့ခိုင်းတယ်။ ဦးကောင်းက တိဏ္ဍုကပျို့၊ နေမိရကန်လိုစာမျိုး ရေးဖွဲ့ပေးတယ်။ ဒါပေမဲ့ အဲဒီမှာ ကဗျာသဘောထက် စာသဘောကကဲနေပေမဲ့ နောက်ဆုံးတော့ ဒါနနဲ့ သီလအကြောင်းတွေ နွှယ်နေတာမို့ မင်းတုန်းမင်းကြီးက ဘဝင်တွေ့သွားပါတယ်။

မင်းတုန်းမင်းက အကြောင်းရှိရင်ရှိသလို ဦးကောင်းအပေါ်မှာ ယုံကြည်ပါတယ်။ နောက်တော့ ဦးကောင်းဟာ ကင်းဝန်ထောက်တာဝန်ယူရင်း နိုင်ငံခြားသံတမန်များ ဆက်ဆံရန်အခွင့်ရလာပါတယ်။ ၁၈၇၆ ခုနှစ်မှာ အောက်မြန်မာနိုင်ငံက မဟာဝန်ရှင်တော်မင်းကြီး ဗိုလ်မှူးကြီး ဖိုက်ဟာ သံအဖွဲ့နဲ့ ကူးသန်းရောင်းဝယ်ရေးစာချုပ်ချုပ်ဖို့လာတော့ ဦးကောင်းကကြိုဆိုရတယ်။ ဖိုက်နဲ့တွေ့တော့ မင်းတုန်းမင်းက ဦးကောင်းနဲ့ကျွမ်းဝင်စေချင်ကြောင်း ပြောခဲ့ပါတယ်။

မင်းတုန်းမင်းဟာ အင်္ဂလိပ်အစိုးရနဲ့ တိုက်ရိုက်ဆက်ဆံရန် အားသန်သူပါ။ အင်္ဂလန်အပြင် ဥရောပနိုင်ငံတွေနဲ့ပါ ဆက်ဆံနိုင်ပါက မြန်မာ့နောင်ရေးဟာ စိတ်ချရလိမ့်မယ်လို့ မြင်သူပါ။ ဒီတော့ ရာဇမဟာမိတ်ဖွဲ့ရေးမှာ ဦးကောင်းကို အားကိုးပါတယ်။ ဦးကောင်းဟာ အဆိုအမိန့်ရဲရင့်တယ်။ မင်းမှုရေးရာမှာ အတွေ့အကြုံများတယ်။ လူနေလူဟန်ကလဲ ကောင်းတယ်။ ဒါကြောင့် ဦးကောင်းဟာ အင်္ဂလိပ်-မြန်မာဆက်ဆံရေးအတွက် လွှတ်တော်ဝန်ကြီးအဖြစ် တိုးမြှင့်ခန့်ထားခံရပါတယ်။ နောက်တော့ သံအဖွဲ့ကို ဦးဆောင်ရပါတော့တယ်။

သံအဖွဲ့ဟာ အင်္ဂလန်ကိုသွားမည်ဆိုတော့ အောက်မြန်မာနိုင်ငံ ရန်ကုန်မြို့ကိုဖြတ်တဲ့အခါ အင်္ဂလိပ်တွေက ခရီးကြန့်ကြာအောင်လုပ်ကြပါတယ်။ သွားခွင့်ပြုတာတောင်မှ ဟိုရောက်ရင် တိုင်းပြည်မှု၊ လက်နက်ကိရိယာမှု စကားတွေကိုမပြောပါနဲ့။ ပြောလဲစိတ်ဆင်းရဲရုံသာရှိပါမယ်လို့ သတိပေးလိုက်သေးတာတဲ့။

ဦးကောင်းက သံအဖွဲ့အတွေ့အကြုံကို လင်္ကာရေးခဲ့ပါတယ်။ မြန်မာသံအဖွဲ့ဟာ အင်္ဂလိပ်ဘုရင်မနဲ့တွေ့တော့ နိုင်ငံခြားဝန်ကြီးအစား အိန္ဒိယနိုင်ငံဆိုင်ရာဝန်ကြီးဖြစ်တဲ့ အာရိုင်က ရှေ့ဆောင်ခဲ့တာပါ။ မြန်မာနိုင်ငံကို အိန္ဒိယရဲ့လက်အောက်ခံသဘော နှိမ်ချဆက်ဆံခဲ့တာပါ။

> ❖ဦးကောင်းဟာ မင်းမှုရေးရာတွေမှာ စိတ်အားထည့် ဆောင်ရွက်တယ်။ ဗဟုသုတကြွယ်ဝပြီး စာကဗျာပညာနဲ့ မင်းတုန်းမင်းကြီးရဲ့ဝါသနာကို ဖြည့်ဆည်းပေးခဲ့ပါတယ်။ မင်းတုန်းမင်းကြီးဟာ ကိုးခန်းပျို့ထဲက မင်းသားတောထွက်ခန်းကိုကြိုက်တယ်။ အဲဒါကို ဦးကောင်းကို ကဗျာဖွဲ့ခိုင်းတယ်။ ဦးကောင်းက တိဏ္ဍုကပျို့၊ နေမိရကန်လိုစာမျိုး ရေးဖွဲ့ပေးတယ်။ ဒါပေမဲ့ အဲဒီမှာ ကဗျာသဘောထက် စာသဘောကကဲနေပေမဲ့ နောက်ဆုံးတော့ ဒါနနဲ့သီလအကြောင်းတွေ နွှယ်နေတာမို့ မင်းတုန်းမင်းကြီးက ဘဝင်တွေ့သွားပါတယ်။ မင်းတုန်းမင်းက အကြောင်းရှိရင်ရှိသလို ဦးကောင်းအပေါ်မှာ ယုံကြည်ပါတယ်။ ❖

၁၈၇၃ ခုနှစ်မှာ ဦးကောင်းခရီးသွားရတော့ 'အင္ဂလန်ပ်ခိပ်ဓမ္မသတ်လင်္ကာ'ကို သင်္ဘောပေါ်မှာ ရေးခဲ့ပါတယ်။ ၁၈၇၅ ခုနှစ်မှာ ကရင်နီနယ်နှစ်ဦးနှစ်ဖက် မစွက်ဖက်ရေးကို အင်္ဂလိပ်ကိုယ်စားလှယ် ဆာဒေါက်ကလပ်ဖော်ဆိုက်နဲ့ စာချုပ်လက်မှတ်ထိုးတော့ ဦးကောင်းဟာ ဂုဏ်ရှိန်အကြီးမားဆုံး ပုဂ္ဂိုလ်ပါ။

မင်းတုန်းမင်းကြီးက မြင်းခုန်တိုင်အရေးပြီး ကနောင်မင်းသားကြီးအသတ်ခံရတော့ သူ့ရဲ့နန်းရံကို ပြန်မခန့်သေးပါဘူး။ ခန့်မယ်ဆိုရင် ညောင်ရမ်းမင်းသား၊ မက္ခရာမင်းသား၊ သုံးဆယ်မင်းသားတို့ရှိပါတယ်။ မင်းတုန်းမင်းက သူ့သားတော်တွေကို ကနောင်မင်းသားလိုအဖြစ်မျိုး ကြုံမှာစိုးဟန်နဲ့ တူပါရဲ့။ အဲဒီအထဲကမှ ပထမပြန်စာမေးပွဲအောင်ခဲ့တဲ့ သီပေါမင်းသားကိုတော့ သဘောကျပါတယ်။ ဆင်ဖြူရှင်က သီပေါမင်းသား နန်းတက်ရေး ဦးကောင်းနဲ့ဆွေးနွေးတော့ တခြားထက်မြက်တဲ့ မင်းသားတွေ နန်းတင်တာထက် သီပေါမင်းသားကို နန်းတင်ဖို့သဘောကျခဲ့ပါတယ်။

မင်းတုန်းမင်းနတ်ရွာစံတော့ သီပေါမင်းသားကို နန်းတင်လိုက်ကြပါတယ်။ ဦးကောင်းက ဝါငယ်သေးတဲ့ သီပေါမင်းကို နိုင်ငံတကာအတွေ့အကြုံရအောင် အင်္ဂလန်ကိုသွားရန် အကြံပြုကြပေမဲ့ သီပေါမင်းက ထီးနန်းကို စိတ်မချလို့မသွားခဲ့ပါ။ မြန်မာနိုင်ငံကို သိမ်းချင်နေတဲ့ အင်္ဂလိပ်တွေဟာ နောက်မှာတော့ အခွင့်အရေးတွေပိုတောင်းလာပါတယ်။ အချုပ်အခြာအာဏာပျောက်မဲ့အရေးတွေးဖူးတော့ ဦးကောင်းတို့က လိုက်လျောဟန်ပြုတာကိုပင် စုဖုရားလတ်က 'ကြောက်တတ်ရင် ထဘီသာဝတ်ထားကြ'လို့ စကားဆိုပါတယ်။

အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို သိမ်းပိုက်ဖို့ ရေကြောင်းကနေ ချီလာတော့ သင်္ဘောထိပ်မှာ မင်းသားတစ်ပါးကို ရပ်စေပြီးမှ ညောင်ရမ်းမင်းသားပါလေဟန် လူထုကိုလှည့်စားကြတယ်။ အမှန်မှာ ညောင်ရမ်းမင်းသားက ၁၈၈၅ ခုနှစ်က ကွယ်လွန်ခဲ့ပါပြီ။

စာပေဝါသနာပါသူတွေဟာ နေမိရကန်နဲ့ သုံးဆယ်ခြောက်စောင်တွဲ ဓမ္မသတ်ကြီးကို ဖတ်ရတိုင်း ကင်းဝန်မင်းကြီး ဦးကောင်းကို သတိရကြမှာ အမှန်ပါ။ အနောက်တိုင်း ဗိသုကာပညာကို လေ့လာသူတွေကလဲ ဦးကောင်းရဲ့ သာကဝန်ကျောင်းတိုက်ကြီးကိုမြင်တိုင်း အံ့သြချီးမွမ်းကြမှာအမှန်ပါ။ ကင်းဝန်မင်းကြီး ဦးကောင်းဆိုတာက ရာဇဝင်မှာ အလွန်ထင်ရှားကျော်ကြားခဲ့သူဖြစ်ကာ ငယ်စဉ်ကတည်းက မင်းတုန်းမင်းကြီးရဲ့ကြည့်ရှုစောင့်ရှောက်ခံခဲ့ရသူ မြန်မာနိုင်ငံသမိုင်းတွင် ထင်ရှားသူလဲ ဖြစ်ပါတယ်။

**ကိုးကား**

**– စာသမား၏စာပေါင်းချုပ်(၂)–တိုက်စိုး**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

# ကျိုန်စာတိုက်တတ်သော ဇီးကွက်

တူလေးနဲ့ တူမလေးတို့ကို ဦးဦးက ပုံပြင်ကလေး တစ်ပုဒ် ပြောပြချင်ပါတယ်ကွယ်။ ပုံပြင်ကလေးရဲ့ နာမည်က ကျိုန်စာတိုက်တတ်သော ဇီးကွက်တဲ့။

ဟိုးရှေးရှေးတုန်းက ကုက္ကိုပင်ကြီးတစ်ပင်ရဲ့ သစ်ခေါင်းထဲမှာ ဇီးကွက်မောင်နှံ နေထိုင်ကြသတဲ့။ ဇီးကွက်မောင်နှံဟာ အင်မတန်ပဲ ချစ်ကြသတဲ့ ကွယ်။ တစ်ကောင်နဲ့တစ်ကောင်ဟာ ဘယ်လောက်ထိ ချစ်ကြသလဲဆိုရင် မျက်စိအောက်က အပျောက်မခံနိုင်အောင်ပါပဲတဲ့ ကလေးတို့ရေ။

အဲဒီဇီးကွက်နှစ်ကောင်မှာ ဇီးကွက်မကလေးက ကျိန်စာတိုက်တတ်တဲ့ အကျင့်ရှိသတဲ့ကွယ်။ ဒါကြောင့်လဲ အကြောင်းသိတဲ့ ငှက်အများစုဟာ အဲဒီကုက္ကိုပင်ကြီးဆီကို လာလေ့မရှိကြဘူးတဲ့။ ဇီးကွက်မကလေးရဲ့ ကျိန်စာကိုကြောက်တော့ ကုက္ကိုပင်ကြီးနဲ့ ဝေးရာမှာပဲ အစာရှာစားလေ့ရှိကြသတဲ့ကွယ်။

နောက်ပြီး ဇီးကွက်မကလေးမှာ မကောင်းတဲ့ အကျင့်ကလေးတွေရှိသေးတယ်။ သူတို့ဇနီးမောင်နှံ ရှာဖွေထားတဲ့ အစားအသောက်တွေကို အခြားငှက်တစ်ကောင်ကောင်က လုယူစားဖို့မဆိုထားနဲ့ မျက်စိနဲ့ကြည့်မိရင်တောင် အင်မတန်စိတ်ဆိုးတတ်သတဲ့ကွယ်။ ဇီးကွက်အထီးကလေးကို ချစ်လွန်းတာကလဲ လွန်ပါရောတဲ့ကွယ်။ ဒီလိုအကျင့်စရိုက်ရှိတဲ့ ဇီးကွက်မကလေးနေတဲ့နေရာကို စာကလေးတွေ၊ ချိုးကလေးတွေ၊ ကြက်တူရွေးကလေးတွေ အစရှိတဲ့ ငှက်ကလေးတွေဟာ ရှောင်ဖယ်သွားကြတာ မဆန်းပါဘူးလေ။

တစ်နေ့မှာတော့ သူတို့နေတဲ့ သစ်ပင်ကြီးဆီကို ဦးခေါင်းနဲ့အမောက်က မည်းနက်နက်အရောင်အဆင်းရှိတဲ့ သစ်တောက်ငှက်မကလေးတစ်ကောင် ရောက်လာပါတယ်။ သစ်တောက်ငှက်မကလေးဟာ အဝေးကနေ ရောက်လာခဲ့တာဖြစ်လို့ ဒီသစ်ပင်ကြီးရဲ့ အကြောင်းကိုလဲ ဘာမှသိမထားဘူးတဲ့လေ။ ရောက်လာတဲ့နေ့မှာပဲ သူဟာ တတောက်တောက်နဲ့ အစာရှာဖွေစားသောက်တော့တာပေါ့။

ညအချိန်မှာ အစာရှာဖွေပြီး နေ့အချိန်မှာ အနားယူနေကြတဲ့ ဇီးကွက်မောင်နှံဟာ လန့်နိုးသွားကြရတယ်။ အကြောင်းစုံကိုသိရတော့ ဇီးကွက်မကလေးဟာ အင်မတန်စိတ်ဆိုးဒေါသထွက်သွားပါလေရော။ ဇီးကွက်အထီးကလေးကိုလဲ ချစ်လွန်းတော့ သစ်တောက်ငှက်မကလေးနဲ့ ငြိစွန်းသွားမှာစိုးရိမ်သလို သူတို့ရှာဖွေထားတဲ့ အစားအသောက်တွေကို လုယူသွားမှာကိုလဲ စိုးရိမ်မိတာတွေကြောင့် ဇီးကွက်မကလေးဟာ နေ့စဉ်နဲ့အမျှ အိပ်လို့မပျော်ပါဘူးတဲ့ကွယ်။



တစ်နေ့မှာတော့ သူဟာ စိတ်ဆိုးလွန်းလို့ သစ်တောက်ငှက်မကလေးကို "ဒီလို ဆူညံနေတဲ့ တတောက်တောက်အသံကို ပြုတဲ့သူဟာ ငါအိပ်မရသလိုဘဲ သူလဲခေါင်းကိုက်ပြီး အစာမရှာဖွေနိုင်ပါစေနဲ့"ဆိုပြီး ကျိန်စာတိုက်လိုက်သတဲ့ကွယ်။

ဇီးကွက်မကလေး ကျိန်စာတိုက်ပြီး နောက်မှာပဲ သစ်တောက်ငှက်မကလေးဟာ ခေါင်းကိုက်ပြီး အစာရှာမစားနိုင်တော့ပါဘူးတဲ့။ သူဒီလိုဖြစ်ရတာ ဇီးကွက်မကလေး ကျိန်စာကြောင့်ဆိုတာ မသိရှာဘူးတဲ့ကွယ်။

အဲဒီနေ့ညမှာ ဇီးကွက်မောင်နှံဟာ အစာရှာထွက်ဖို့ ပြင်ကြတယ်။ ဇီးကွက်အထီးကလေးက အရှေ့အရပ်ကို အစာရှာထွက်သွားပြီး ဇီးကွက်မကလေးကတော့ အနောက်အရပ်ကို ထွက်သွားသတဲ့။ သူတို့က ရှာဖွေနိုင်သလောက်ရှာဖွေပြီး သတ်မှတ်ထားတဲ့အချိန်တစ်ခုမှာ ပြန်လာကြဖို့ တိုင်ပင်ထားကြသတဲ့ကွယ်။ ဇီးကွက်မကလေးဟာ ကံကောင်းစွာပဲ အစာပေါ်တဲ့နေရာကို တွေ့သွားသတဲ့။ ဒါနဲ့ သူဟာ အစာတချို့ကိုယူဆောင်ပြီး သစ်ခေါင်းထဲကို လာပို့တာပေါ့။ နောက်မှ ဇနီးမောင်နှံ ပျော်ပျော်ပါးပါး စားကြမယ်ဆိုတဲ့အတွေးနဲ့ ကျန်နေခဲ့တဲ့အစာတွေကို ခေါက်တုံ့ခေါက်ပြန်သယ်ဖို့ ပြန်ထွက်သွားသတဲ့ကွယ်။

ဇီးကွက်အထီးကလေးကတော့ သူသွားတဲ့ အရပ်မှာ အစာရှာမတွေ့တဲ့အပြင် လေတွေ၊ မိုးတွေမိလာလို့ ခဏလောက် အနွေးဓာတ်ယူဖို့ဆိုပြီး အသိုက်ဆီကို ပြန်လှည့်လာသတဲ့။ သစ်ခေါင်းထဲကို သူပြန်ရောက်တော့ ဇီးကွက်မကလေးထားခဲ့တဲ့ အစာတချို့ကိုတွေ့လိုက်ရတယ်။ သူလဲ ဗိုက်ဆာလွန်းလို့ အဆာပြေ နည်းနည်းယူစားလိုက်ပြီး မြောက်အရပ်ကို အစာရှာဖို့ ပြန်ထွက်သွားသတဲ့ကွယ်။

ဇီးကွက်မကလေး နောက်တစ်ခေါက်ပြန်လာတဲ့ အခါကျတော့ သူထားခဲ့တဲ့အစာတချို့ဟာ လျော့နည်းနေတာကို တွေ့လိုက်ရပါလေရော။ ဒါနဲ့ သူလဲ အင်မတန်ဒေါသထွက်သွားတော့တာပေါ့။ သစ်တောက်ငှက်မက အစာမရှာနိုင်လို့ သူရှာထားတဲ့ အစာတွေကို ခိုးယူစားသွားပြီဆိုပြီး အကြီးအကျယ် စိတ်ဆိုးသွားတယ်။

ချက်ချင်းပါပဲ။ ဇီးကွက်မကလေးက ကျိန်စာတိုက်ဖို့ ပြင်လိုက်တယ်။ "ငါ့အစာတွေကို ယူစားသွားတဲ့ အကောင်ဟာ သွေးအန်ပြီးအသေဆိုးနဲ့သေပါစေ" လို့ အော်ပြောလိုက်သတဲ့ကွယ်။

သစ်တောက်ငှက်မကလေးလဲ ဇီးကွက်မလေးရဲ့ အသံကို ကြားလိုက်ရတဲ့ခါ သူ့ရဲ့စိတ်ရင်းအမှန်ကို သိသွားပြီး ကုက္ကိုပင်ကြီးကနေ အဝေးဆုံးကို ထွက်ခွာသွားဖို့ ဆုံးဖြတ်လိုက်သတဲ့ကွယ်။

အဲဒီနေ့ညမှာပဲ သွေးအန်ပြီး သေဆုံးသွားတဲ့ ဇီးကွက်အထီးကလေးဟာ မနက်မိုးလင်းတဲ့ထိ ပြန်ရောက်မလာခဲ့ပါဘူး။ ဒီအခါ ဇီးကွက်မကလေးဟာ သူသိပ်ချစ်ရတဲ့ ဇီးကွက်အထီးကလေးကို နေရာအနှံ့လိုက်ရှာတာပေါ့ကွယ်။ နောက်ဆုံး သူ့ကျိန်စာကြောင့် သွေးအန်ပြီးသေနေရှာတဲ့ ဇီးကွက်အထီးကလေးကို တစ်နေရာမှာ တွေ့လိုက်ရပါလေရော။ ဒီအခါ သူ့ကြောင့်သေရတာဆိုပြီး ဝမ်းနည်းပူဆွေးလွန်းလို့ ရင်ကွဲနာကျကာ သေပွဲဝင်သွားပါလေရောတဲ့ကွယ်။

ကဲ... ဒီပုံပြင်ကလေးကို နားထောင်ပြီး သူတစ်ပါးကို ထိခိုက်နာကျင်အောင် မကောင်းတဲ့ စိတ်နဲ့ အမြဲလုပ်ဆောင်တတ်တဲ့သူဟာ မိမိနဲ့မိမိ ချစ်ခင်ရတဲ့ သူတွေမှာပဲ ပြန်လည်ထိခိုက်နာကျင်ရတတ်တယ်ဆိုတာ မီးမောင်းထိုးဖော်ပြလိုက်တာဖြစ်လို့ ကလေးတို့လဲ သတိပြုဆင်ခြင်နိုင်ကြပါစေကွယ်။

**ဆလိုင်းသန်းဇော်ဝင်း**

## စာကြည့်တိုက်သို့

- ကျောင်းသားလူငယ် တို့မောင်မယ်
  စာဖတ်ကြစို့ကွယ်၊
  စာကြည့်တိုက်ဝယ် စုံလင်ဘိ
  စာအုပ်များစွာရှိ။

- အသိအတတ် တိုးပွားအောင်
  စာပေလမ်းပြဆောင်၊
  သွားစို့ခုနောင် အမှန်မနှေး
  စာကြည့်တိုက်သို့လေး။ ။

**ရဲသွေးနီ(တက်ဝန်)**



## ယဉ်ကျေးပါ

- ညစ်ညမ်းစကား မပြောဆို
  ယဉ်ကျေးနှုတ်ခွန်းချို၊

- ကြီးသူများကို ရိုသေကြ
  ရွယ်တူလေးစားရ။

- သနားလမ်းပြ ငယ်သူတွေ
  ဆက်ဆံတတ်ပါစေ။

- ကျင့်ဝတ်ကောင်းဖွေ လိုက်နာရေး
  သင်ကြားကြစို့လေး။ ။

**မောင်မျိုးချစ်(အညာမြေ)**



# ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး



**မော်လိုက် ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၇၀၃၅ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၀၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဖောင်းပြင်မြို့နယ်မှာ ဆောင်းသီးနှံ စိုက်ပျိုးရာသီအတွင်း မြေထောက်ပဲ ၇၀၃၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက အားလုံးရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေထောက်ပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့ လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

ဖောင်းပြင်မြို့နယ်၌ မြေထောက်ပဲ စိုက်တောင်သူများ အနေဖြင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေး အတွက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေထောက်ပဲသီးနှံများကို အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်သည့် အပြင် ပြည်ပသို့ပါ ပို့ကုန်အဖြစ် တင်ပို့နိုင်မည် ဖြစ်သောကြောင့် သီးနှံများ အထွက်နှုန်းတိုးတက်စေရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပြည်မြို့နယ် ဘန့်ပြင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ပြည် ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘန့်ပြင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေးဇော်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့် အတူ ဘန့်ပြင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ပြည်မြို့နယ် ဘန့်ပြင်ကျေးရွာ၌ လမ်းအရှည် ပေ ၂၄၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်း၊ တစ်နာရီ ဂါလန် ၂၀၀ ကျော် ထွက်ရှိသည့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၇ ဒသမ ၈ သန်း အသုံးပြု၍ ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေးဇော်ထံမှ သိရသည်။

ကိုညို










## အမည်ပြောင်း

ကျောက်ဆည်မြို့နယ်၊ UNITY ကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade-5 တန်းတွင် ပညာသင်ယူနေသော (ဘ) ဦးဇာနည်အောင်၏သမီး မမေသီရိအောင် အမည်မှ မသူသူဟေသာဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မသူသူဟေသာ

## ဖခင်အမည်မှန်

ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ အထက စဉ့်ကိုင် Grade-12 တွင် ပညာသင်ကြားနေသော မောင်မင်းသန့်ဌေး၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးမင်းလွင်ဖြစ်ပါကြောင်း။

ဦးမင်းလွင်(၉/စကတ(နိုင်)၁၂၁၉၉၅)

### ပျောက်ဆုံးကြောင်း

ပြည်ကြီးတံခွန်မြို့နယ်၊ ၁၄၁-A၊ ၄၁ လမ်းနေ မေသဲလှိုင် (ဘ) ဦးဝင်းအောင်(၅/စကန(နိုင်)၁၆၇၅၁၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(M503632)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၇၉၇၇၅၀၂

### ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ ၂၇ လမ်း၊ ၇၇ x ၇၈ ကြားနေ နန်းလှတင် (ဘ) ဦးစိတ္တ(၁/တနန(နိုင်)၀၀၀၈၀၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB207123)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၀၀၃၇၁၄

## ဝန်ထမ်းအလိုရှိသည်

- **စာရေးမ** (၁)ဦး
- ပညာအရည်အချင်း (၉)တန်းအောင်။
- လစာ (၂၇၀၀၀၀)

**ဒန်သတ္တုဆိုင်**

၂၆-၂၇ လမ်းကြား၊ ၈၆-၈၇ လမ်းကြား
ဈေးချိုအနောက်ဘက်၊ မန္တလေးမြို့။
၀၉-၄၄၄၀၁၅၅၂
၀၉-၈၉၆၈၀၅၉၅၉

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ နိုင်ငံတစ်ခုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတွင်နေထိုင်ကြသူများက ဆောင်ရွက်ရခြင်းဖြစ်သကဲ့သို့ နိုင်ငံကို ပျက်စီးအောင်လည်း အဖျက်သမားစိတ်ဓာတ်ရှိသည့် ၎င်းနိုင်ငံသားများကပင် အဓိကပြုလုပ်ခြင်းဖြစ်...

❖ ဒေသတစ်ခုပျက်စီးစေရန်အတွက် လုပ်ဆောင်ကြသူများမှာ အဆိုပါဒေသတွင် နေထိုင်ကြသည့် ဒေသခံအဖျက်သမား အကြမ်းဖက်များပင်ဖြစ်...

❖ အခြားဒေသတွင် နေထိုင်သူများက လာရောက်လုပ်ဆောင်နိုင်ခြင်း မရှိ...

❖ ဥပမာပေးရမည်ဆိုပါက "အရိပ်နေနေ၊ အခက်ချိုးချိုး" ပြုလုပ်နေသူများဖြစ်...

❖ ၎င်းကဲ့သို့ အကြမ်းဖက်အဖျက်သမားများကို လူထုအားဖြင့် ကာကွယ်ထိန်းသိမ်းရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇွန် ၇ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၆)တွင် ရတနာပုံအက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၆)တွင် ရတနာပုံအက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၆)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ခုနစ်မိနစ်တွင် မြတ်ကောင်းခန့်က သွင်းယူနိုင်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် အဆိုပါပွဲစဉ်တွင် အနိုင်ရရှိခဲ့သည့်အတွက် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် ၁၆ ကစားပြီးချိန်တွင် ရမှတ် ၄၆ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး ချန်ပီယံဆုကာကွယ်နိုင်ရန်အတွက် စာမျက်နှာ ၁၉ ကော်လံ ၁ ❑

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၂၉၈၂၉၈ ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး စာမျက်နှာ ၂၂ ကော်လံ ၁ ☆



တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257